
gyoe.com
SAMPLE BOOK



# တက္ကသိုလ်ဘုန်းနိုင်

# မဂ္ဂဇင်းဝတ္ထုများ အတွဲ(၂)

gyoe.com

mgyoe.com SAMPLE BOOK

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါ့အတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း ။

တက္ကသိုလ်ဘုန်းနိုင်



ISBN 978-99971-952-7-2
K0386
9 789997 195272 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - မြင့်မောင်ကျော်
တန်ဖိုး - ၄၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# တက္ကသိုလ်ဘုန်းနိုင်

# မဂ္ဂဇင်းဝတ္ထုများ

## အတွဲ - ၂

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ ပန်သစ္စာ မပြုဖူးပါ ၁၁

၂။ မေတ္တာသဘော ပြောပြမယ် ၃၃

၃။ ကလေးမောင်ရဲ့ မမငွေလမင်း ၆၁

၄။ သည်စခန်း သည်လမ်းကပဲ လာရသည် ၇၃

၅။ အညတြဘဝက တူတူ ၈၇

၆။ လိုက်ခဲ့ပါ မောင့်အိပ်မက်ကမ္ဘာဆီ ၉၃

၇။ ထီးရိပ်ခိုဖူးသော မိန်းကလေး ၁၃၁

၈။ ဟိုတောင်က ညှိုတိုတို မိုးဆို ထင့်လေး ၁၄၃

၉။ သပြေတွေ ပွင့်ပြန်ပေါ့ကွယ် ၁၇၃

၁၀။ နှောင်ကြိုးဝင့်ဝင့် စိတ်လွှင့်လွှင့် ၂၁၅

၁၁။ စိန်ဗိတာန် ပုံသစ်မတဲ့ ရွှေရစ်ဆင် ၂၈၇

၁၂။ ချစ်ကြ ခင်ကြပေသည် ၃၂၃

၁၃။ ရင်လည်း ခုန်၏ မခုန်၏ ၃၄၁

၁၄။ ခရေကောက်သူ၊ ကြယ်ပျောက်သူ ၃၅၇


mgyoe.com

mgyoe.com SAMPLE BOOK


၁၅။ စံကားဝါရယ် ဟိုပင်မြင့်က ၃၇၁

၁၆။ ကဆုန်အထိ လိုက်ပွင့်သည့် ပိတောက် ၃၉၃

၁၇။ ချစ်ဦးသူ၏ အချစ်အကြောင်းသစ္စာ ၄၁၅

၁၈။ မိုးစဲလျှင် ကျွန်တော် ပြန်ပါ့မယ် ၄၃၁

၁၉။ ရှိသမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပ ၄၄၇

၂၀။ လမင်းရဲ့ လမ်း ကိုယ့်ရဲ့လမ်း ၄၅၇

၂၁။ အလွမ်းရင်မှာ ကျန်ပါလေသေး၍ ၄၈၃

၂၂။ သဇင်ခင်းသည့် ချစ်ခြင်း မွေ့စက်ရာ ၄၉၉

၂၃။ မသနားပါနှင့် မသိဂီ ၅၃၃

၂၄။ ပိတောက်ပန်း မရောင်းပါ ၅၄၅

၂၅။ ပိတောက်ရှူးမလေး ရင်ခုန်သည် ၅၅၉

၂၆။ ကိုယ့်ဘဝ ပိတောက်ကမ္ဘာမှာ ၅၈၃

၂၇။ ထဘီမို့ ပုဆိုးဝတ်ပေးပါသည် ၆၀၁

၂၈။ ကြယ်တွေ လတွေ စုံသောညဝယ် ၆၀၉


mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာပေသက်တမ်းတစ်လျှောက် ရေးခဲ့သော မဂ္ဂဇင်းဝတ္ထုများကို အတွဲ(၁)၊ အတွဲ(၂) ဟု နှစ်တွဲခွဲ၍ ထုတ်ဝေရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း မဂ္ဂဇင်းဝတ္ထုအတွဲ(၁)ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခုအတွဲ(၂)ကို ပရိသတ်ထံ ပို့ဆောင်လိုက်ပါပြီ။

အတွဲ(၁)တွင် ပထမဆုံး ပုံနှိပ်မှုဖြစ်သော ၁၉၅၀ပြည့်နှစ်၊ တော်ဝင်မဂ္ဂဇင်းပါ 'လရောင်နှင့်အရိပ်' ဝတ္ထုတိုမှစ၍ ၁၉၆၃ ခုနှစ်ထိ မဂ္ဂဇင်းများတွင် ရေးသမျှ ဝတ္ထုအားလုံး ပါဝင်ခဲ့သည်။ ('ညီမလေးရယ် စိုးရိမ်မိတယ်' 'သူ့ကျွန်မခံပြီ' 'ဤမြေမှသည်' တို့မှာ လုံးချင်းဝတ္ထုများအဖြစ် ထုတ်ဝေပြီးဖြစ်၍ ချန်လှပ်ခဲ့သည်။)

ဆရာကြီးသည် ၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် အလုပ်တာဝန်များ ဖိစီးသဖြင့် စာပေရေးသားမှု ခေတ္တ အဆက်ပြတ်ခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ သူမွေ့လျော်ရာ စာကဗျာများ ပြန်လည်ဖွဲ့သီနိုင်တော့၏။


ယခုအတွဲ(၂)တွင် ၁၉၈၈ နောက်ပိုင်းမှစ၍ ကွယ်လွန်ချိန်ထိ မဂ္ဂဇင်းပါ ဝတ္ထုများကို စုစည်းထားသည်။

အတွဲ(၁)နှင့် အတွဲ(၂)ကြား ၂နှစ်တိတိ သည်းခံစောင့်ဆိုင်းပေးသော စာရှုသူအပေါင်းကို ကုံကော်ဝတ်ရည်မှ အထူးကျေးဇူးတင်ရှိသည်။

ကုံကော်ဝတ်ရည်

mgyoe.com

mgyoe.com
SAMPLE BOOK



# တက္ကသိုလ်ဘုန်းနိုင်

## ၁၉၃၀-၂၀၀၂

တက္ကသိုလ်ဘုန်းနိုင်ကို ရန်ကုန်တိုင်း၊ သန်လျင်မြို့၌ အဖ ဦးထွန်းဖေ၊ အမိ ဒေါ်ကြင်မေတို့က ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်ဖေသိန်း ဖြစ်ပြီး အမည်ရင်းမှာ ဦးခင်မောင်တင့် ဖြစ်သည်။

သန်လျင်၊ တွံတေး၊ သုံးခွမြို့ မက်သဒစ်ကျောင်းများ၊ ပြည်မြို့၊ ပေါင်းတည်မြို့၊ အစိုးရ အထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ဗုဒ္ဓစာပေကို ထုံးဘိုမြို့ ကိုးဆောင်တွဲကျောင်းတွင် သင်ကြားခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ပြီး ၁၉၅၅ ခုနှစ် တွင် စိတ်ပညာ၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ၁၉၅၉-၆၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ် ဘွဲ့လွန်မဟာဌာနမှ မဟာဝိဇ္ဇာဘွဲ့(ဂုဏ်ထူး) ကို ဆွတ်ခူးရရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၅ ခုနှစ်တွင် မန္တလေး ယူနီဗာစီတီကောလိပ် စိတ်ပညာဌာန စတင်တည်ထောင်သူနှင့် ဌာနမှူး၊ ၁၉၆၂-၇၂ ခုနှစ်တွင် တောင်ကြီးကောလိပ် ကျောင်းအုပ်ကြီး၊ ၁၉၇၂-၇၇ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ၁၉၇၇-၈၆ ခုနှစ်တွင် မော်လမြိုင်ကောလိပ် ကျောင်းအုပ်ကြီး၊ ၁၉၈၇ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခဲ့ သည်။ ၁၉၆၄-၈၈ ခုနှစ်အထိ တက္ကသိုလ်ပညာရေး အဖွဲ့များကောင်စီ၏ အဖွဲ့ဝင်၊ တက္ကသိုလ်များ ဗဟိုကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာပညာရေး လေ့လာရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ၁၉၇၇ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် မြန်မာ ပညာရေးအထူးလေ့လာရေးအဖွဲ့ ဒုတိယခေါင်းဆောင်အဖြစ် ဂျပန်နိုင်ငံသို့ လည်းကောင်း သွားရောက်ခဲ့သည်။

ထို့ပြင် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များ၌ အာဆီယံ-ကိုရီးယား ယဉ်ကျေးမှု ခေါင်းဆောင်ဖလှယ်ရေး အစီအစဉ်အဖြစ် တွေ့ဆုံပွဲများတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး စာတမ်းများ ပြုစု ဖတ်ကြားခဲ့သည်။

ကလေးဘဝအရွယ် ၈ နှစ်သားကတည်းက 'ဒဂုန်မောင်ဖေသိန်း' အမည်ဖြင့် ဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်းတွင် ပါရှိသော 'ဒွိဟ' ကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ် 'တော်ဝင်မဂ္ဂဇင်း' တွင် ပါဝင်သော 'လရောင်နှင့်အရိပ်' သည် ပထမဆုံးအကြိမ် ပုံနှိပ်ဖော်ပြခြင်းခံရသော ဝတ္ထုစာမူ ဖြစ်သည်။ မော်ပါဆွန်း၏ Moon Light ကို မှီးခြင်း ဖြစ်သည်။

လုံးချင်းဝတ္ထု အပုဒ် ၃၀ နီးပါး ရေးသားခဲ့ပြီး ထင်ရှားသည့် လုံးချင်းဝတ္ထုရှည်များမှာ- ညီမလေးရယ် စိုးရိမ်မိတယ် (၁၉၅၈)၊ သူ့ကျွန်မခံပြီ (၁၉၅၉)၊ လွမ်း (၁၉၆၂)၊ မိုးညအိပ်မက်မြူ (၁၉၆၂)၊ ဤမြေမှသည် (၁၉၆၃)၊ စိမ်းနေဦးမည့်ကျွန်တော့်မြေ (၁၉၆၃)၊ မောင့်ဘဝ ညအလား ကွယ် (၁၉၆၃)၊ သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင် (၁၉၆၄)၊ ချစ်သောဤကမ္ဘာ (၁၉၆၄)၊ လွမ်းတေးမဆုံးစေနှင့်စောသခင် (၁၉၆၅)၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်(၁၉၆၆)၊ နွေကန္တာဦး (၁၉၆၈)၊ တပြည်သူ မရွှေထား (၁၉၇၁)၊ နှင်းငွေတထောင့် မိုးတမှောင့် (၁၉၇၂)တို့ ဖြစ်ပါသည်။

ထင်ရှားသည့် မဂ္ဂဇင်းဝတ္ထုရှည်များမှာ- နှင်းရွက်ကြွေစေ (၁၉၅၈)၊ မုန်းရစ်လေဦး (၁၉၅၈)၊ ရေပင်လယ်နှင့် ငွေစင်ကြယ် (၁၉၅၈)၊ တန်ခူးလေနှင့် လျော်တော့သည် (၁၉၆၁)၊ ပိတောက်နှင့် ကြိုပါမည် မာရီယာ (၁၉၆၃)၊ ကရုဏာမိခင် (၁၉၆၃) တို့ ဖြစ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတို အများအပြားကိုလည်း ရေးသားခဲ့ရာ ယင်းတို့ကို ပြန်လည်တင်ပြသည် (၁၉၆၅)၊ ဝတ္ထုတိုပေါင်းချုပ် အမှတ်-၁၊ ၂၊ ၃ (၁၉၆၉)၊ ဝိညာဉ်မှာ ဖူးသည့် ကြည်နူးမှု အလှယန်း (၁၉၉၃)၊ ကျွန်တော့်တာဝ ပိတောက်ကမ္ဘာ (၁၉၉၃)၊ မဂ္ဂဇင်းဝတ္ထုရှည်များ အတွဲ(၁) စသည်ဖြင့် စုစည်းထုတ်ဝေခဲ့သည်။ စာပေ အနုပညာဆိုင်ရာ ကျမ်းများမှာ ဘုန်းနိုင့် အတွေး ဘုန်းနိုင့်အမြင် (၁၉၇၇)၊ ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း ပထမတွဲ၊ ဒုတိယတွဲ (၁၉၉၄)၊ ပညာရဲ့သဘော (၂၀၀၀)၊ အမြင့်သို့ အာရုံညွှန့်တက်ခြင်း (၂၀၀၂) နှင့် ရုပ်ရှင် တေးကဗျာမဂ္ဂဇင်းတွင် ၁၁ နှစ်နီးပါး အခန်းဆက် ရေးသားခဲ့သည့် 'လီရနာ ဂင်္ဂါ ရေဝတီ (ကဗျာ၏ သင်္ချာနှင့် နိယာမ)'တို့ ဖြစ်ကြသည်။

အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ၊ ဘာသာပြန်ကဗျာစာအုပ်များမှာ ရှားလော့ဒေဝီ (၁၉၉၆) နှင့် တမ်းတမိခြင်း (၁၉၉၇) တို့ ဖြစ်ကြသည်။

နိုင်ငံခြားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည့် စာအုပ်များမှာ ရုရှားဘာသာဖြင့် 'သူ့ကျွန် မခံပြီ' (၁၉၇၀)၊ တရုတ်ဘာသာဖြင့် 'စွန့်ခွာရသည့် နွေညများ' (၁၉၈၈)၊ ဟင်ဒီဘာသာဖြင့် 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' (၁၉၉၄)၊ 'မုန်းရစ်လေဦး'တို့ ဖြစ်ကြသည်။

'မိုးညအိပ်မက်မြူ' ဝတ္ထုမှာ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ် မြန်မာစာဌာန၌ ပြဋ္ဌာန်း စာအုပ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

'နှင်းငွေတထောင့် မိုးတမှောင့်' စာအုပ်ဖြင့် ၁၉၇၃ တွင် အမျိုးသားစာပေဆု ရရှိခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်သည် ၂၀၀၂ ခုနှစ်၊ မေလ ၁၀ ရက်၊ သောကြာနေ့ နံနက် ၇:၀၀ နာရီအချိန်တွင် အမှတ်-၃၆၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၌ ကွယ်လွန်သွားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်သစ္စာ မပြုဖူးပါ

## ( ၁ )

"သြော်… ဥသြရယ်လေး"

ဦးသက်မွန်က ညည်းသည်။ ပြီးတော့ ဆက်ညည်းသည်။

"သြော်… ငါရယ်လေး"

မျက်ရည် အဝဲလိုက်ချင်သား။ အမှန်က မျက်ရည်ဝဲထိုက်သော အကြောင်း မရှိပါ။

ဥသြရယ်၊ ငါရယ်။ ဘယ်မှာလဲ မျက်ရည်ဝဲထိုက်သည့် အကြောင်း။

ဒီကြားထဲက မျက်သားအားတွင် စိမ့်ခနဲ ဝေဒနာငွေ့ငွေ့ကို တစ်ချက် ခံစားလိုက်ရသည်။ မျက်ရည် စို့သည် ထင်၏။ စို့ပါစေ၊ ကဗျာဆရာပဲ။ သည်လောက်တော့ ရှိမည်ပေါ့။ အင်း… ရှိရမည်ပေါ့။

ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်လိုက်ရသည်။ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်တတ်သော ပညာ ရသည်မှာလည်း ကြာပေပြီ။ သည်တော့၊ အင်း… ခွင့်လွှတ်ရမည်။

mgyoe.com

ဥသြကိုသာ ခွင့်မလွှတ်နိုင်၊ မြတ်စွာဘုရား။ ဥသြကလည်း ခွင့်လွှတ်ပါ၊ ကိုယ် သည်လို မဆိုလိုပါ။ ဥသြကို မမုန်းပါ။

ခက်သည်က ဥသြသံ။

"ဥသြ… ဥသြ… ဥသြ…"

ယခုပင် သူ မြည်နေသည်။

သူ့အသံကို စကြားမိချိန်တွင် ဘာသံကိုမှ မကြားချင်သော အချိန်။ အိမ်မြှောင်လေး စုတ်ထိုးသံကိုပင် ကျယ်လွန်းသည် ထင်သော အချိန်။

ဘယ်သို့ ထိုင်သနည်း။ လက်များကို ဘယ်မှာ ထားသနည်း။ မသိတော့ပါ၊ မခံစားရတော့ပါ။ သြော်… အသက်ရှူမှုလေးသည်ပင် မြေးမြေးမှျင်မှျင်လေးသာ ရှိတော့သည့် အချိန်။

ချမ်းသာသည်၊ ငြိမ်းအေးသည်။ သြော်… အားလုံးပဲ ငြိမ်းအေးပါစေတော့။ အားလုံးပဲ ငြိမ်းစေလို၍ ကိုယ် သည်အလုပ်ကို လုပ်ခဲ့သည်။ ကြာပြီ။

သည်နံနက်မှ ဥသြသံကို ကြားသည်။

ပထမတော့ နားမှာ ငွေ့ငွေ့မြည့်မြည့်လေး။ သည်ငွေ့ငွေ့မြည့်မြည့်လေးကို လက်မခံမိတော့။ သူ နယ်ချဲ့လာသည်။ နားမှသည် ရင်နှလုံးဆီ။ ရင်နှလုံးဆီ ရောက်တော့ သူ့အသံ ပိုကျယ်လာသည် ထင်သည်။ ထပ်ကာ ထပ်ကာ ပဲ့တင်ပမာ ထပ်လာသည်။ သြော်… ခံစားတတ်သော နှလုံးသားက တစ်စုံတစ်ရာကိုပင် ခံစားလိုက်ပြီတည်း။

ကိုယ့်ကိုယ်ကိုယ် ဆက်မလိမ်လိုတော့ပါ။ သည်တစ်နံနက်တော့ ကိုယ် ရှုံးပြီ။

ဦးသက်မွန်သည် ထိုင်ရာမှ ထလာခဲ့သည်။

တံခါးကို ဖွင့်ခဲ့သည်။ အပြင်ကို ကြည့်ခဲ့သည်။ ဥသြသံကို ပိုမို ပီပီသသ ကြည်ကြည်လင်လင် ကြားခဲ့ရသည်။

"သြော်… ဥသြရယ်လေး"

ရင်ထဲမှာ ညည်းမိစဉ် မျက်နှာဆီသို့ အေးမြသော လေက ထိလာနေမှန်း သိသည်။ နှာခေါင်းကလည်း နှင်းနံ့လေးများကို ရသည်။

သစ်ပင်တန်းများပေါ် နှင်းဖြူရိပ်ရိပ် လွှမ်းထားသည်။

ဘယ်သစ်ပင်ထိပ်ဆီ ဥသြ ရှိသနည်း၊ ဥသြကို မမြင်ရပါ။ ဥသြကို မြင်ရခဲသား၊ သူက အသံရှင်၊ သူက မလှ၊ သူလှသည်က သူ့အသံ၊ သူ့မှာ အခြား ဘာမျှ မရှိ။

ကိုယ်တို့ ကဗျာဆရာတွေနှင့် တူသည် ထင်၏။ ကိုယ်တို့မှာ ဘာမျှ မရှိ။ ကိုယ်တို့ လှသည်က ကိုယ်တို့ကဗျာ။

သည်တော့ ဥသြ ကိုယ့်ကို ခွင့်လွှတ်ပါ။ ဥသြကို ကိုယ် မမုန်းပါ။ ဥသြကို ကိုယ် ချစ်ပါသည်။

ဥသြကို ကိုယ် ချစ်ပါသည် ဆိုမှ ဥသြသံမှ ချစ်စရာအလှကို ပို၍ သတိပြုမိသည်။

mgyoe.com

SAMPLE BOOK


တကယ်တော့ ဥညြသံကို ကိုယ် မကြားရသည်မှာ ကြာပါပြီ။

ကိုယ် ရန်ကုန် ပြန်ရောက်သည်မှာ မကြာသေးပါ။ ကိုယ် လာခဲ့ရာ မြို့က တောနှင့်တောင်နှင့် စိမ့်နှင့်စမ်းနှင့်။ လှပါသည်။ သို့ရာတွင် ဥညြ မရှိပါ၊ ကျီးငှက်ပင် မရှိပါ။ ငှက်ဖျားထူရာ ဒေသဖြစ်၍ ကျီးငှက်နှင့် ဥညြ ဆွေမျိုး တော်ကြလေသလော။ ကျီးငှက် မရှိ၍ ဥညြလည်း မရှိသလော။ ရွက်ဝါကြွေသော နွေဆိုလျှင် ကိုယ်က ဥညြသံကို မျှော်သည်။ မကြားရပါ။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ ပေါင်း ဆယ့်တစ်နှစ်။ ကြာတော့ ဥညြသံကို ကိုယ် မေ့ထားလိုက်သည်။

ယခုတော့ ကြားရပြန်ပြီကော ကိုဥညြရယ်။

သူ့အသံက ချိုသည်။ ချိုရုံမက နှလုံးသားမှ လာသည်။ အဆက်မပြတ် မြည်ရတော့မှ နှလုံးသားတွေများ မနာဘူးလား ဥညြရယ်၊ သည်လိုမှ မဟုတ်လျှင်လည်း မမြည်ဘဲ မနေနိုင်အောင် မင့်နှလုံးသားမှာ ဘာဝေဒနာ ရှိသနည်း ဥညြရယ်။

ကြင်ဖော်ပဲ ဝေးလေသလော၊ နွေဦးကိုပဲ ကြိုလေသလော၊ ရွက်ဝါကြွေသော နွေကို မင်း ချစ်လေသလော။

ကိုယ်လည်း နွေကို ချစ်ပါသည်။ ရွက်ဝါလေးတွေ ကြွေသော နွေဦးကို ကိုယ် အထူးချစ်ပါသည်။ ချစ်၍လည်း စာတွေ ရေးခဲ့ဖူးပါသည်။ ကဗျာတွေ ဖွဲ့ခဲ့ဖူးပါသည်။ နွေဦးရယ်၊ ရွက်ဝါရယ်၊ ပြီးတော့ မင်းရယ်ပေါ့ ဥညြရယ်။

( ၂ )

ဦးသက်မွန်သည် အခန်းတွင်း ပြန်ဝင်ခဲ့သည်။

ပြတင်းတံခါးကို ဖွင့်ပြီး စာရေးစားပွဲမှာ ထိုင်သည်။

ပြတင်းမှ သစ်ပင်တန်းများကို လှမ်းမြင်ရသည်။ နှင်းလွှာရုံ ရိပ်ရိပ်ကိုလည်း မြင်သည်။

ရွက်တွေက စိမ်းစိုနေသည်။ အို… တစ်ရွက်တလေမျှ မဝါသေးပါတကား၊ ကြွေမည်မှာ ဝေးဘိလေ၊ စောလွန်းသည်။ ဥညြ စောလွန်းသည်။

မိမိပင်များ အစွဲကြီး စိတ်ကူးယဉ်လွန်းသလော။

ပိတောက်ကို တစ်နှစ်မှ တစ်လ၊ တစ်လမှာ တစ်ရက်တည်း ပွင့်သည်ဟု အစွဲကြီး စွဲခဲ့သည်။ လာခဲ့သော ဟိုအရပ်မှာက ပိတောက် ပေါသည်။ တစ်လမှာ တစ်ကြိမ် မဟုတ်၊ အနည်းဆုံး သုံးကြိမ် ပွင့်သည်။ တစ်ရက်တည်းလည်း မဟုတ်၊ သုံးလေးရက် ဆက်ပွင့်သည်။

ဥညြကိုလည်း နွေဦးနှင့် တွဲထားမိခဲ့သည်။ ကြိုသည် ဆိုလျှင်လည်း နွေဦးရိပ် တွေ့မြင်ပါမှပေါ့၊ ခုတော့ ဘယ်မှာနည်း နွေဦးရိပ်တွေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးသက်မွန်က သေချာရန် ပြက္ခဒိန်ကို လှန်ကြည့်သည်။

ဒီဇင်ဘာလ တစ်ဝက်ကျိုးရုံ ရှိသေးသည်။

ဦးသက်မွန်သည် ပြက္ခဒိန်ကို စိုက်ကြည့်မြဲ ကြည့်နေသည်။

ဉာဏ်နှင့် မိမိ ဝေးခဲ့သည်မှာ ကြာပြီ၊ မိမိပင် အမှတ်မှားလေသလော၊ သို့မဟုတ် အစွဲကြီးလေသလော၊ ဉာဏ်နှင့် နွေဦး၊ နွေဦးနှင့် ဉာဏ် သည်လိုမှ သည်လို။

ဉာဏ်သံကို ကြားမိသယောင် ရှိသည်။ သည်အသံက အဝေးကြီးမှ လာသည်။ ပြာသော ရီသော မှောင်သော ဟိုးအဝေးကြီးမှ လာသည်။ ဘယ်လောက်များ ဝေးသနည်း။ ကြာသည် ဆိုခြင်းကိုလည်း ဝေးသည်ဟု ဆိုနိုင်သည်လော။

ပြက္ခဒိန်၏ ရက်များဆီမှ ဦးသက်မွန်၏ မျက်လုံးများသည် နှစ်ဆီ ရောက်သွားသည်။

"မြတ်စွာဘုရား…"

ဦးသက်မွန်သည် တုန်လှုပ်သွား၏။ အနှစ်လေးဆယ်။

ဦးသက်မွန် သတိ မပြုမိဘဲ သူ့ခေါင်းသည် အောက်စိုက်ကျလာ၏။

ရင်တွင်းမှာ ခုန်နေသည်။ ဆွေးဆွေးမြည့်မြည့်လေးလည်း ခံစားရသည်။

ဘာမျှ အဓိပ္ပာယ် မရှိဘူးဟု ငြင်းလျက်က တိုးတိုးရေရွတ်မိသည်။

"အနှစ်လေးဆယ်၊ သြော်… ထားရယ်၊ မင်း ပြောတဲ့ အနှစ်လေးဆယ်တိတိကြီး များ ပြည့်လိုက်ပါပြီကော"

# ( ၃ )

သည်တုန်းကတည်းက အဲသည်နေရာလေးတွင် ဆုံတွေ့ကြသည်ကို အဓိပ္ပာယ် လုံးဝ မရှိဟု ထင်သည်။ ထားအတွက်တော့ အဓိပ္ပာယ် ရှိချင် ရှိမည်။ ကိုယ့်အတွက်တော့ ဘာအဓိပ္ပာယ်မျှ မရှိ။

အဓိပ္ပာယ်တွေ၊ အဓိပ္ပာယ်တွေ။ ဘဝရဲ့ အဓိပ္ပာယ် ဆိုတာတွေ။

ဘဝရဲ့ အဓိပ္ပာယ် ဆိုတာကို ဖွင့်ဆိုကြသော ပညာရှိတွေကလည်း များလှပါဘိခြင်း။ သူတို့ ပေးသော အဓိပ္ပာယ်ကို လူတတ်ကြီးလုပ်ပြီး ဖွင့်ရ ဆိုရ ကာရ ကွယ်ရ ငြင်းခုံရနှင့် ကိုယ် တော်တော်မောနေခဲ့ပြီ။ ဘဝရဲ့ အဓိပ္ပာယ် ဟူသည့် စကားလုံးလေး ကို ပြောတတ်စကမှု အဟုတ်သား။ အကျေနပ်သား။ ဂါထာလေးတစ်ပုဒ်ပမာ သူ့ကို ရွတ်လိုက်ရလျှင် အားလုံး ပြီးပြည့်စုံသွားသည် ထင်သည်။ ယခုတော့ ကိုယ် စဉ်းစားသည်။ ဘဝဆိုသည့် စကားလုံး။ ပြီးတော့ အဓိပ္ပာယ် ဆိုသည့် စကား။ သည်စကားလုံး နှစ်လုံးကို တွဲသုံးလိုက်ခြင်းသည် မှန်မှ မှန်ပါ၏လော၊ သုံးကော သုံးထိုက်ပါ၏လော။

"ကို… စကား မပြောတော့ဘူးလား"

mgyoe.com

mgyoe.com

မေးသံကြားမှ ထားကို ကြည့်မိသည်။

မေးသာ မေးသည်၊ ထားက ကိုယ့်ကို မကြည့်။ ရေပြင်ကို ကျော်၍ ရှေ့ဆီသာ လှမ်းကြည့်နေသည်။

ကိုယ့်ကို ဘေးတိုက်ပေးထားသဖြင့် ထား၏ မျက်တောင် ကော့သမျှ၊ ရှည်သမျှ ကို စိတ်တိုင်းကျ တွေ့ရသည်။ မျက်လုံးမှ မျက်ဝန်းသားပြာပြာကိုလည်း ပြာသမျှ လှသမျှ ပကတိ တွေ့ရသည်။ နှာတံဖြောင့်ဖြောင့် ထင်ထင်လေးကို ထည့်လိုက်ဦး။

'ထား' ဟု ခေါ်သည့် မိန်းမချောတစ်ဦး။ ကိုယ်နှင့်မဆိုင်တော့သော မိန်းမချော တစ်ဦး။

သည်အသိကြောင့် ရင်တွင်းမှာတော့ နာချင်သား။

"ကိုယ် စကားတွေ ပြောနေပါတယ်၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ ကိုယ်ပြောနေတာမို့ ထား မကြားတာပါ"

"ကို့ရင်ထဲက စကားတွေကို ထား ကြားချင်တယ်"

ထား၏ မျက်လုံးပြာများက ကိုယ့်မျက်နှာတစ်ခုလုံးကို လွှမ်းခြုံကြည့်နေ၏။

"အင်း… အဟင်း၊ အဓိပ္ပာယ်ရှိခြင်းနဲ့ အဓိပ္ပာယ် မရှိခြင်းကို ကို စဉ်းစားနေတယ်၊ အဲဒီတော့ သောမတ်စ်ဟာဒီကို သွားသတိရတယ်"

"ဟင်… ဘယ်သူ"

"ဟာဒီ လို့ပဲ အတိုခေါ်ကြရအောင်၊ ကမ္ဘာကျော် အင်္ဂလိပ်ကဗျာဆရာကြီးပါ၊ ကဗျာဆရာတွေဟာ အဓိပ္ပာယ်ရှိတဲ့အကြောင်းသာ စပ်ဆိုတတ်ကြပါတယ်၊ ဟာဒီကတော့ အဓိပ္ပာယ် မရှိတဲ့ လူနှစ်ယောက်အကြောင်းကို စပ်ဆိုခဲ့တယ်၊ လူနှစ်ယောက် ဆိုတာက ချစ်သူနှစ်ယောက်၊ မချစ်တော့ပြီဖြစ်တဲ့ ချစ်သူနှစ်ယောက်"

ထား၏ မျက်လုံးလဲ့လဲ့များ၌ တစ်ချက် ညို့ရိပ် ထင်သွားသည်။ ဘာမျှတော့ မပြော။

"သူတို့ဟာ ခုလိုပဲ ရေစပ်မှာ ယှဉ်ပြီး ရပ်နေကြတယ်၊ အင်း… အဟင်း…၊ ပြီးတော့ ဆောင်းတွင်းမှာပဲတဲ့ သိလား၊ သူ့ကဗျာကို ကိုယ် တစ်ပိုင်းတစ်စ ဘာသာပြန် ထားတယ်၊ ထား နားထောင်"

ကိုယ်က ခေတ္တစဉ်းစားရသေးသည်။ ရေးပြီးစဖြစ်၍ ကောင်းကောင်း အလွတ် မရသေး။

"စိမ်းကားသူ၏၊ မပျူငှာသော၊ ကြည့်အမောတွင်၊ သဘောတွေတွေ၊ နှင်းသို့ ဝေ၏၊ ပဟေဠိလော၊ ဖြေတိလောရှင့်၊ မပြောပြလျှင်၊ ကောင်းမည်ထင်၏၊ ပြောလျှင် ဝှက်ပုန်း၊ မေတ္တာသုဉ်းမည်၊ အမုန်းဒဏ်ချက် စကားနာ"

ကိုယ်က ကိုယ့်စာ ကိုယ် သဘောကျပြီး ရယ်သည်။

"ကိုက ဘာလို့ ရယ်ရတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သဘောကျလို့ပါ၊ မချစ်တော့တဲ့ ချစ်သူနှစ်ယောက် တွေ့ကြတယ်၊ တွေ့ဖို့ လိုကြသေးသလား၊ မလိုဘဲ တွေ့ကြတော့ ဘာတွေ ပြောကြမလဲ၊ ဟာဒီကတော့ စကားနာတွေ ပြောမိကြမယ်တဲ့"

"သြော်... ဒါကြောင့် ကိုက စကား မပြောတာပေါ့ ဟုတ်လား"

ကိုယ် ဝမ်းနည်းပန်းနည်း ခေါင်းခါပြမိ၏။

"ထားကို ကိုယ် စကားနာ မပြောရက်ပါဘူး၊ ပြောစရာ စကားနာလည်း မရှိပါဘူး၊ အမှန်က စကားနာနဲ့ စကားကောင်းဟာ သဒ္ဒါနည်းအားဖြင့် ခြားနားမှု မရှိလှပါဘူးလို့ ကိုယ် ထင်တယ်၊ ပြောသူနဲ့ လက်ခံနားထောင်သူရဲ့ စိတ်အခြေအနေပေါ်မှာ တည်တယ် ထင်တယ်၊ အင်း... အဲဒီတော့ ကိုယ် စကား အရမ်းမပြောချင်ဘူး"

ထား၏ မျက်နှာလေးတွင် အပြုံးရိပ် ငွေ့ငွေ့သန်းသွား၏။

"ဒီစကား ကြားရလို့ ထား ဝမ်းသာပါတယ်၊ ဒါပေမဲ့ ကိုယ် တစ်ခုမေ့နေတယ်၊ ကိုယ်နဲ့ ထားဟာ မချစ်တော့တဲ့ ချစ်သူတွေ မဟုတ်ပါဘူး၊ အနည်းဆုံး ထားဘက်က ကြည့်ရင် အဲဒီလို မဟုတ်ပါဘူး"

ပါးကြောစိမ်းနှင့် မရွှေထား၏ မျက်နှာကို ကိုယ် စေ့စေ့ကြည့်မိသည်။ ထားကလည်း မျက်လုံးများ မလွှဲဘဲ တည့်တည့်ပြန်ကြည့်နေ၏။

မျက်လုံး စလွှဲရသူမှာ ကိုယ်သာပါ။

ထားကသာ လေအေးအေးနှင့် ဆက်ပြောသည်။

"ဆုံးဖြတ်လည်း ပြီးပြီ၊ မပြင်နိုင်တော့တဲ့ အစီအစဉ်တွေလည်း ပြီးပြီ၊ ဒီကြားထဲက ခုလို တွေ့ကြမှာဟာ အဓိပ္ပာယ် မရှိဘူးလို့ ကိုက ပြောတယ်၊ ထားကလည်း အဓိပ္ပာယ် မရှိဘူးလို့ ထင်တယ်၊ ဒါပေမဲ့ ထားတို့ တွေ့နေကြပြီလေ၊ ဒီတော့ အဓိပ္ပာယ် တစ်ခုခုတော့ ရှိနေပြီပေါ့"

ကိုယ်က ထားကို ထိတ်လန့်တကြား ကြည့်မိသည်။

"ထား ဘာဆိုလိုတာလဲ"

"အို ဟို... ထား ဘာမှ မဆိုလိုပါဘူး၊ ရင်ထဲမှာ ရုတ်ခနဲ ပေါ်လာတာကို လွှတ်ခနဲ ပြောလိုက်မိတာပါ၊ တကယ်တော့ အဲဒါဟာများ အဓိပ္ပာယ် ဖြစ်နေမလား မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဓိပ္ပာယ် ဆိုတာဟာ သူ့ဘာသာသူ ထွက်နေတာလို့ ထား ထင်တယ်၊ လူက လုပ်ယူရတာ မဟုတ်ဘူး၊ လူက စကားတွေနဲ့ သွားပြီး လုပ်ကြံ ဖော်ထုတ်လိုက်မှ ခများဟာ အပေါစား ခန့်မှန်းခြေ အမှန်တရား တစ်မျိုး ဖြစ်သွားတယ်၊ အဲဒါလည်း ထား ထင်တာပါလေ"

ကိုယ်က ထားကို တစ်ချက်ကြည့်သည်။ ဘာမျှတော့ မပြောတော့၊ မပြောချင်တော့။ ထား ပြောချင်သည်ကို ပြောပါစေတော့၊ နောင်ကိုတော့ ပြောခွင့်ရှိတော့မည် မဟုတ်တော့၊ သည်တော့ ပြောပါစေ... ပြောပါစေတော့။

mgyoe.com

mgyoe.com SAMPLE BOOK

ထားးက စကားတော့ ဆက်မပြောပါ။ ရယ်နေ၏။ ဟက်ဟက်ပက်ပက်လေး ရယ်နေ၏။ နှုတ်ခမ်းနီနီလေးတွေ နောက်မှ သွားရှည်ရှည်ဖြူဖြူလေးတွေ ပေါ်အောင် ရယ်နေသောကြောင့် ရယ်သည်ဟုသာ ခေါ်လိုက်ရသည်။ အသံကတော့ ရယ်သံ မဟုတ်ပါလေ။

ရယ်၍ အားရမှ ထားးက ဆိုသည်။

"ခက်သားကလား ကို၊ လူ ဆိုတာဟာ တစ်ခုခုကို လုပ်မိရင် အဓိပ္ပာယ် ရှာကြည့်တတ်ကြတယ်၊ အပေါ်စား ခန့်မှန်းခြေအဓိပ္ပာယ် ဖြစ်ချင် ဖြစ်ပေါ့၊ ဒီတော့..."

ထားးက စကား မဆက်သဖြင့် မေးရသည်။

"ဒီတော့ ဘာဖြစ်သလဲ ထား"

"ဒီတော့ ထားနဲ့ ကို ဒီနေ့ တွေ့ကြတာကို နှုတ်ဆက်ကြတာလို့ ခေါ်ကြရအောင်၊ ဝတ္ထုတစ်ပုဒ်ဆုံးရင်၊ ရုပ်ရှင်တစ်ခု ဆုံးရင် ပရိသတ်က သိကြသားပဲ၊ ဒါပေမဲ့ စာရေးဆရာ၊ ဒါရိုက်တာတွေက ပြီးပါပြီလို့ အမြဲ ကမ္ပည်းပြကြတယ်၊ ဘယ်သူ ဂရုစိုက်သည်ဖြစ်စေ၊ ဂရုမစိုက်သည် ဖြစ်စေ ပြီးတာကို ပြီးပါပြီလို့ ပြောပြမှ တာဝန်ကျေတယ်လို့ သူတို့ ယုံကြည်ကြတယ်နဲ့ တူတယ်၊ ဒီတော့ ထားတို့လည်း နှုတ်ဆက်ကြတယ်ပေါ့ ဟုတ်လား"

ဤတစ်ကြိမ် ရယ်သူမှာ ကိုယ်ပါ။ ထားကဲ့သို့ပင် ရယ်ခြင်း မဟုတ်သော ရယ်သမှုကို ကိုယ် ပြုရသည်။

ကိုယ် ရယ်သည်ကို ထားက စိုက်ကြည့်နေသည်။ ဘာမျှတော့ မမေး၊ မျက်နှာလေးကလည်း ဘာခံစားမှုကိုမျှ မပြ။ မရွှေထား တည်ငြိမ်နိုင်လှသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ၊ ထား ပြောတာကို သဘောကျလွန်းလို့ ရယ်မိပါတယ်၊ မှန်ပါတယ်၊ ဝတ္ထုတစ်ပုဒ်အဆုံး၊ ရုပ်ရှင်တစ်ခုအပြီးမှာ ပြီးပါပြီလို့ ဖော်ပြကြတယ်၊ ဒါပေမဲ့ ထား တစ်ခု သတိလစ်နေတယ်"

"ဘာများလဲ ကို"

"ကဗျာပေါ့ ထားရယ်... ကဗျာပေါ့၊ ကဗျာတစ်ပုဒ်ရဲ့ အဆုံးမှာ ကဗျာဆရာက ပြီးပါပြီလို့ ဘယ်တော့မှ မဖော်ပြဘူး"

ထားသည် ငိုင်ကျသွား၏။ မကြာပါ၊ မေးခွန်းတစ်ခု ထုတ်သည်။

"ထားနဲ့ ကို့ရဲ့ ဘဝအဖြစ်ကို ကိုက ကဗျာတစ်ပုဒ်လို သဘောထားသလား ဟုတ်လား"

"အို... အို၊ ကိုယ် ဒီလို မဆိုလိုဘူး၊ ဘယ်လိုမှလည်း မဆိုလိုဘူး၊ ဟိုသင်း... ထား ပြောသလိုပဲ၊ ရင်ထဲမှာ ရုတ်ခနဲ ပေါ်လာတာကို လွတ်ခနဲ ပြောလိုက်မိတာပါ၊ ဒါပါပဲ၊ ဒီလောက်ပါပဲ"

"ကို့ရင်တွေ နာနေပြီပေါ့ ဟုတ်လား"

"ဘာ... ထား၊ ဘာပြောတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကို့ရင်တွေ နာနေပြီ၊ ဒါကြောင့် ကို့စကားလည်း နာလာပြီ"

ကိုယ် ထိတ်လန့်သွားသည်။ မြတ်စွာဘုရား၊ ထား ပြောသကဲ့သို့ ကိုယ့်စကား နာနေပြီလော။

"ရင်တော့ မနာလိုက်ပါနဲ့ ကိုရယ်၊ ရင်နာရတာဟာ မကောင်းပါဘူး၊ ထား ဘာမှ မကြောက်ဘူး၊ ရင်နာရမှာတော့ ကြောက်တယ်၊ ကို့ကိုလည်း ရင်မနာစေချင်ဘူး၊ ဒီတော့ ဒီနေ့ ထားတို့ ခွဲကြတဲ့ အခါမှာ ရင်ကို မနာအောင် စောင့်ရှောက်မယ့် တစ်စုံ တစ်ရာကို နှစ်ဦးသဘောတူ ဆောင်သွားကြရအောင်"

"ရင်ကို မနာအောင် စောင့်ရှောက်မယ့် တစ်စုံတစ်ရာ… အဲဒါ ဘာလဲ"

"အချစ်"

"ဘာ… အချစ်"

"ဟုတ်တယ်၊ ဘာကြောင့် အချစ်ကို ပိုင်ဆိုင်လိုတာပဲ၊ စွန့်လွှတ်ခြင်းပဲလို့ ပြောနေကြသလဲ မသိဘူး၊ အချစ် ဆိုတာဟာ ပိုင်ဆိုင်လိုတာ ဖြစ်ရင် အဲဒီ အချစ်ဟာ သိပ်အောက်တန်းကျတယ်၊ အချစ် ဆိုတာဟာ စွန့်လွှတ်ခြင်း ဆိုရင်လည်း အဲဒီ အချစ်မှာ ဘာတန်ဖိုးမှ မရှိဘူး"

"သြော်… ဒါဖြင့်ရင် ထား ယုံတဲ့ အင်း… အဟင်း၊ ထား ယုံတဲ့ အချစ် ဆိုတာက ဘာများပါလဲ ခင်ဗျာ"

"ထားက အချစ် ဆိုတာကို အချစ်လို့ပဲ ယုံတယ်"

ကိုယ်က မျက်မှောင်ကြုတ်၍ ထားကို ကြည့်မိသည်။

"နေဦး၊ စကားက မပြည့်စုံသေးဘူး၊ အချစ် ဆိုတာဟာ နေရာယူခြင်းပဲ၊ သူ နေရာ မယူရင် တခြား တစ်ခုက နေရာယူသွားလိမ့်မယ်၊ အဲဒီ တခြား တစ်ခုကိုတော့ အမုန်းလို့ ခေါ်တယ်၊ သိလား ကို"

ကိုယ် မဖြေနိုင်ပါ၊ ကိုယ့်နှလုံးသားကို ပြန်ကြည့်မိသည်။ ဘာက နေရာယူထားသနည်း။ ဘာကမှ နေရာယူမထားကြပါ။ သြော်… နေရာလည်း လွတ်မနေပါ။ နေရာလုနေကြသည်။ သည်တော့ နေရာယူထားမှုလည်း မရှိပါ။ နေရာလွတ်မှုလည်း မရှိပါ။

"စောစောက ကိုက ကဗျာတစ်ပုဒ်အဆုံးမှာ ကဗျာဆရာက ပြီးပါပြီလို့ မဖော်ပြတာ ပြောခဲ့တယ်၊ ဘယ်ဖော်ပြပါ့မလဲ၊ ကဗျာ ဆိုတာက ပြီးဆုံးမှုမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက အကြောင်းကိုး၊ အကြောင်း ဆိုတာက အကျိုးကို မွေးဖွား ပေးရတာမို့ ဘယ်မှာ လာပြီး ဆုံးလိမ့်မတုံး၊ အကျိုးကလည်း စာမျက်နှာပေါ်မှာ မမွေး ဖွားဘူး၊ စာဖတ်သူရဲ့ နှလုံးသားမှာသာ သွားမွေးဖွားတာ၊ မြင့်မြတ်တဲ့ ကဗျာဆရာဟာ မကောင်းတဲ့ အကျိုးကို မွေးဖွားစေမယ့် အကြောင်းကိုတော့ သူ မဖန်တီးဘူး ထင်တယ်"

ကိုယ်က အရှုံးပေးလိုက်သည်။ ထားနှင့် ပြိုင်မငြင်းလိုတော့။

mgyoe.com

mgyoe.com SAMPLE BOOK

"ထားပါတော့ ထား…၊ ထားလိုက်ပါတော့၊ ထား ဘာကို ဆိုလိုချင်တာလဲ"

ထားက တစ်ချက် ရှိုက်ရှိုက်ပြုံး၏။

"ထား တောင်းပန်ချင်တယ်"

"အင်"

"ထား ကို့ကို တောင်းပန်ချင်တယ်၊ ထားနဲ့ ကို ခွဲသွားကြတဲ့အခါ ထားနဲ့ ကို့ရဲ့ နှလုံးသားမှာ အချစ်ကိုပဲ သယ်ဆောင်သွားကြရအောင်လို့"

ထားကို စေ့စေ့ ကိုယ် ကြည့်မိသည်။ ကိုယ့်ဘက်မှ ကြည့်လျှင် စွန့်ခွာထားသွားပြီကြောင့် 'ထား' ဟုသာ မှတ်ယူရတော့မည့် မရွှေထားက နှလုံးသားမှာတော့ အချစ်ဆိုသည်ကို ဆက်လက် သယ်ဆောင်သွားရန် အဆိုပြုနေသည်။

"အင်မတန်မှ မွန်မြတ်ပြီး အင်း အဟင်း…၊ အင်မတန်မှ လွမ်းစရာကောင်းတဲ့ အဆိုပြုချက်ပါပဲ ထား၊ ကိုယ် မေးပါရစေ၊ အဲဒီ အချစ်ကို သယ်ဆောင်ပြီး ခွဲခွာသွားကြတော့ ဘာအကျိုးရှိမှာမို့လဲ"

"ဘာအကျိုးတွေ ရှိမယ်ဆိုတာ ထား မသိပါဘူး၊ အကျိုးလို့ ခေါ်နိုင်မယ့် သေချာမှု တစ်ခုကိုတော့ ထား သိတယ်၊ ထားတို့ နှလုံးသားမှာ အချစ် ဆိုတာက နေရာယူထားသမျှ အမုန်းဟာ မလာနိုင်ပါဘူး ကို၊ အမုန်းရဲ့ မလာနိုင်ခြင်းကို အကျိုးလို့ ကို မယူနိုင်ဘူးလား ဟင်"

ကိုယ် ခေါင်းကျိုးရ၏။

"ဖြေလေ ကို"

"ကို ဘာဖြေရမလဲ"

"ဖြေချင်တာ ဖြေပါ ကို"

ထား၏ မျက်နှာလေးကို ကိုယ် ကြည့်မိပြန်သည်။

ထား၏ မျက်နှာလေးက နွမ်းနေသည်။ မျက်လုံးများကမူ တလဲ့လဲ့နေသည်။ လည်တိုင်ကြော့ကြော့ကို ဆန့်၍ မော့ထားသည့် မျက်နှာလေးက တစ်စုံတစ်ရာကို တောင်းခံနေသည်။

သက်ပြင်းရှိုက်ပြီး ကိုယ် ဖြေ၏။

"ကို ကြိုးစားပါ့မယ်"

"ကြိုးစားမယ်…"

"အင်း"

"ကတိတော့ မပေးဘူးပေါ့"

"လာတုန်းပဲလား ထားရယ်၊ ဒီကတိတွေ သစ္စာတွေ ဆိုတာက နေဦး၊ ကို ရှင်းပြမယ်၊ သစ္စာ ဆိုတာဟာ ပစ္စုပ္ပန်နဲ့ မဆိုင်ဘူး ထင်တယ်၊ တကယ်လို့သာ သစ္စာဟာ ပစ္စုပ္ပန်နဲ့ ဆိုင်တယ် ဆိုရင် ဒီလောကမှာ သစ္စာရှင်တွေ ရေတွက် မကုန်အောင် ရှိနေ

mgyoe.com

mgyoe.com SAMPLE BOOK
လိမ့်မယ်၊ သစ္စာ ဆိုတာဟာ အနာဂတ်နဲ့သာ ဆိုင်တယ်၊ အနာဂတ် ဆိုတာကလည်း ရောက်မလာသေးဘူး၊ သူ ရောက်လာတဲ့ အချိန်မှာ ဘာတွေဟာ ဘာဖြစ်ကုန်ကြမယ်မှန်းလည်း ကိုတို့ မသိဘူး၊ ဒါကြောင့် ကို ကတိမပေးဘူး''

''ကြိုးတော့ ကြိုးစားမယ်ပေါ့''

''အင်း''

ထားက ပြုံး၏။ ဤအပြုံးသည် ဤညနေတွင် အတောက်ပဆုံး ထင်သည်။

''ကျေးဇူးတင်ပါတယ်၊ ထား ကျေနပ်ပါပြီ၊ သစ္စာကို ကို အလွယ်တကူ မပြုကတည်းက ထား သိပါပြီ၊ ကိုဟာ သစ္စာကို မြတ်နိုးသူပါ၊ နေဦး··· ထား အကြံရပြီ''

ထားက ရယ်သည်။ လှိုက်လှိုက်လှဲလှဲနှင့် ကြည်ကြည်လင်လင် ရယ်သည်။

''ထား အကြံရပြီ၊ ဒီနေ့ကနေ ရေတွက်လို့ အနှစ်လေးဆယ်တိတိ ပြည့်တဲ့အချိန်မှာ နာရီကိုလည်း မှတ်ရလွယ်အောင် လေးနာရီပဲ ထားလိုက်၊ အဲ··· အဲဒီကျရင် ထားနဲ့ ကို ဒီနေရာလေးမှာ ပြန်ဆုံတွေ့ကြရအောင်''

''ဘာ··· အနှစ်လေးဆယ်ကြာမှ''

''အင်း''

''ဘာလုပ်ဖို့လဲ''

''ကိုပြောတာ မှန်တယ်လေ၊ သစ္စာ ဆိုတာဟာ အနာဂတ်နဲ့သာ ဆိုင်တယ်၊ အနှစ်လေးဆယ် ဆိုတာဟာ လုံလောက်တဲ့ အနာဂတ်လို့ ထား ထင်တယ်''

''အဲဒီတော့ ဘာဖြစ်သလဲ''

''အဲဒီတော့ ကို မြတ်နိုးတဲ့ သစ္စာကို ကို မြင်ဖူးမှာပေါ့''

''အဲဒီတော့မှ မြင်ဖူးတဲ့ သစ္စာကို ကို ဘာလုပ်ရမလဲ''

''အဲဒါကိုတော့ ထား မသိဘူး၊ ထားလည်း သိချင်လိုက်တာ၊ ဒီတော့ အနှစ်လေးဆယ် ကြာရင် ထားတို့ ဒီနေရာမှာ ပြန်ဆုံတွေ့ကြမယ်၊ အို··· အို··· ကို ကတိပေးဖို့ မလိုပါဘူး၊ ကို လာချင်မှ လာပါ၊ ထားတော့ စောင့်နေမယ်၊ ကို မလာရင် ထားတစ်ယောက်သာ မြင်ဖူးသွားတဲ့ သစ္စာကို ကို အဝေးကနေ မနာလို ဖြစ်မနေနဲ့''

နေလုံးက ကျသွားပြီ။ အရှေ့ဘက်ရှိ တောတန်းတို့ထိပ်မှာ လမင်းဖြူဖြူဝိုင်းဝိုင်းကြီးက ပေါ်ထွက်နေသည်။

တစ်စုံတစ်ရာသည် ပြီးပါပြီဟု ပြောနေသည်။ အနည်းဆုံး နေ့တစ်နေ့၏ နိဂုံးချုပ်ကို ပြနေသည်။

သြော်··· နေ့ကုန်တော့ ညပေါ့၊ ငွေလသာတော့ ပိန်းပိတ်အောင်တော့ မမှောင်ဘူးပေါ့။ ဒါပေမဲ့ လမင်းဖြူဖြူရယ် နှင်းမှုန်ရိပ်တွေ ပျောက်အောင်တော့ မင်းသာနိုင်ပါ့မလား။

ထားနှင့် ကိုယ် ထိုင်နေရာမှာ ကန်စပ်မှ ကုန်းအငူလေး ဖြစ်သည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ကုန်းအငူထက်မှ ကိုယ်က အလျင်ဆင်းသည်။ ပြီးတော့ ကမ်းပေးလေသော ထား၏ လက်လှလှလေးကို လှမ်းယူပြီး ထား ဆင်းရန် ကူရသည်။

ကန်စပ် မြေဖြူဖြူအတိုင်း တစ်ဦးလက် တစ်ဦး တွဲပြီး လျှောက်လာခဲ့ကြသည်။

ကန် ဆုံးသောအခါ မြေလမ်းဝါဝါလေးအတိုင်း ကုန်းမော့မော့လေးကို ပြန်တက်ကြသည်။

ညဆည်းဆာမှ ခြေလှမ်းဝါဝါ။ ချစ်သူတို့ လျှောက်တတ်ကြသည့် လမ်း။ ဘယ်ထိအောင်များ လျှောက်ကြမည်နည်း။ ကမ္ဘာကြီး ကျယ်သမျှပေါ့။ ဤသည်က စိတ်ကူး၊ အိပ်မက်။

ယခုတော့ ကိုယ့်နှလုံးခုန်သံကို ကိုယ် နားထောင်ရင်း မရွေထား မသိစေဘဲ စိတ်အတွင်း၌သာ ကဗျာတစ်ပိုဒ်ကို ရေရွတ်မိသည်။

*ကျောခိုင်းခြေဆန့်*
*သူ့ကို စွန့်တော့*
*စက္ကန့်တိုင်းမှာ ပိုဝေးသည်။*

*စက္ကန့်တိုင်းကုန်*
*နှလုံးခုန်ရ*
*လကုန်နှစ်ပွား*
*ဓာတွေခြားတော့*
*ဘာများဆက်စပ် ကျန်မည်နည်း။*

( ၄ )

အတန်လေး ပုံပျက်ပန်းပျက်ဖြင့် ဦးသက်မွန်က ခရီးသည်တင် ကားလေး၏ နောက်မြီးမှ တိုး၍ ဆင်းလိုက်သည်။

ဆင်းသူက မိမိ တစ်ယောက်တည်း။ ထပ်တက်သူက သုံးယောက်။ ပြေးလမ်းပေါ်မှ လေယာဉ်ပမာ ကားလေးက တစ်ဟုန်ထိုး ပြန်ထွက်သွား၏။ မသွားမဖြစ်။ နောက်တစ်ကား ဦးထိုးဆိုက်လာပြန်ပြီကော။

ဟိုးတုန်းကတော့ သည်လမ်းပေါ်၌ ကြွံတံဆိပ် ဘော်ဒီတင်ထားသော ကမ္ဘာစစ်လက်ကျန် ကားအိုကြီး တဂျိုင်းဂျိုင်း တဂျုန်းဂျုန်းနှင့် ပေါ်လာလျှင် စောင့်မျှော်သူက ဝမ်းသာရသည်။ တစ်စီးနှင့်တစ်စီးက ခြားသည်ကိုး။ တစ်ယောက်တည်းသော ခရီးသည်ကို မြင်လျှင် စပယ်ယာခများကလည်း ဝမ်းသာသည်။ လူတစ်ယောက်ကြီးများ ထပ်ရပြီကိုး။

mgyoe.com

mgyoe.com SAMPLE BOOK

ယခုတော့ ကားတွေကလည်း များသည်၊ ခရီးသည်တွေကလည်း များသည်။ သြော်… လမ်းကြီးကပင် ယခင်ကထက် သုံးဆမက ကျယ်သည် ထင်၏။

အချိန်ယူ သတိထားပြီး ဦးသက်မွန်က လမ်းကို ဖြတ်ကူးလိုက်၏။

မြေလမ်းဝါဝါလေးကို ရှာသည်၊ မတွေ့။

မြေလမ်းဝါဝါလေးကို ရှာမတွေ့သည်ကမူ မဆန်း။ နှစ်ပေါင်းကြာလျှင် သည်လမ်းလေးမျိုးက ပျောက်သွားတတ်သည်။ အခြားသော တစ်နေရာမှာ အခြားသော မြေလမ်းလေးတစ်ခုကိုတော့ တွေ့နိုင်မည်။

ယခုတော့ ဘယ်မြေလမ်းကိုမှ မတွေ့။ မြေလမ်းတစ်ခု ဖြတ်သွားရန် နေရာလည်း မရှိတော့။

ယခင်က တောအစ တောအစပ်သာဖြစ်သော လမ်းဘေးတွင် ယခု ခံ့ညားသော ဝင်းခြံတံတိုင်းကြီးများက နေရာယူထားသည်။ ဝင်းခြံများအတွင်းမှာက ဆေးရောင်စုံနှင့် လှပသော တိုက်တာနေအိမ်များ။

သေချာရန် ဦးသက်မွန်က ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်လုံး စိုက်ကြည့်သည်။

ကြွင်းကျန်နေသေးသော သဘာဝ မြေအနေအထားက နေရာမမှားကြောင်း ဖော်ပြနေသည်။

သံတိုင်အလှ တပ်ထားသော ဝင်းခြံတံတိုင်းများ အပြင်မှ တောင်ဘက်သို့ ဦးသက်မွန်က လျှောက်ကြည့်သည်။

သြော်… လမ်းတော့ တွေ့ပါပြီ၊ မြေလမ်းတော့ မဟုတ်၊ မြေနီကားလမ်းတစ်ခု။

အခြားနည်း ဘာမျှ ရွေးဖွယ်မရှိတော့သဖြင့် ဦးသက်မွန်က မြေနီကားလမ်းလေး အတိုင်း လျှောက်လာခဲ့သည်။

ဤလမ်းလေး တစ်လျှောက်၌လည်း ခြံဝင်းတွေ၊ တိုက်တာတွေနှင့်။

လမ်းအဆုံးမှာက ချိုင့်မြေနိမ့်။ မိုးတွင်းဝယ် ရေလွှမ်းသော ဤချိုင့်မြေအနိမ့်မှာတော့ ဝင်းခြံခတ် တိုက်ဆောက်လိုသူ မရှိသေးဟန်တကား။

ဦးသက်မွန်က မြေနိမ့်သို့ ဆင်းပြီး မြောက်ဘက်သို့ မျှော်ကြည့်သည်။

ရေကန်လေးက ရှိနေသေးသည်။ အို… ရေကန်ထက်မှာ ကုန်းအငူစွန်းလေးလည်း ရှိနေသေးသည်။

ဦးသက်မွန်၏ ရင်တွေက ခုန်လာသည်။ သြော်… သြော်… နှလုံးသားသည် မှတ်မိကြောင်း စကားပြောနေပါပြီတကား။

ဦးသက်မွန်က ရေကန်လေးဆီ ရှေးရှုလျှောက်၏။ အင်း အပင်း… ခြေလှမ်းများကလည်း အသွက်ချင်သား။

ကန်စပ်မြေဖြူဖြူသို့ ရောက်သည်။ အငူစွန်းလေး အခြေသို့ ရောက်သည်။ အငူစွန်းလေးထက် လှမ်းတက်သည်။ ရောက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အင္ဂူစွန်းထိပ်မှ အောက်သို့ ပြန်ငုံ့ကြည့်၏။ ထိုစဉ်ဝယ် ဝမ်းနည်းပန်းနည်း ဖြစ်မိ၏။

အောက်အခြေမှာ တွဲယူခေါ်ရန် လက်လေး ကမ်းပေးနေသူ မရှိပါ။

ထား မရှိပါ။

ဩော်… ခုအခြေမှာ သူ ရောက်လာတော့ကော လက်လေး ကမ်းပေးဦးတော့မည်လော။ သူက ကမ်းပေးတော့ကော ကိုယ်က လှမ်းကိုင်သင့်သလော။

ဦးသက်မွန်က ပတ်ဝန်းကျင်ကို ကြည့်သည်။

ရေကန်လေးက သည်အတိုင်း။ ရေကန်လေး၏ ဟိုမှာဘက်ကမ်းရိုးမှ တောတန်းကလည်း သည်အတိုင်း။ နှင်းမြူလေးတွေ ပြာပြာရိပ်နေပုံကလည်း သည်အတိုင်း။

မိမိတို့ ကျောပေးထိုင်တတ်သည့် တောအုပ်လေးကလည်း သည်အတိုင်းပင်။ ဝင်းခြံနှင့် တိုက်တာတွေ နယ်ချဲ့မလာသေးပါ။

ဦးသက်မွန်က ခရမ်းရောင်ရောသော စိမ်းရင့်ရောင် မြက်ထူထူတို့ လွှမ်းနေသည့် အင္ဂူထက် မြေပြင်မှာ ထိုင်သည်။

နာရီကို ကြည့်တော့ လေးနာရီတိတိ။ ပြုံးမိသည်။ အနှစ်လေးဆယ်အကြာ လေးနာရီတိတိ။ ထား ချိန်းခဲ့သည့် သည်အချိန်။ အဲသည်တုန်းက မိမိက ဘာကတိမှ မပေး။ ပန်သစ္စာ မပြု၊ ပန်သစ္စာ မပြုဖူးပါ။

ယခု မိမိက လာစောင့်နေသည်။ ဘာကြောင့်နည်း။ ဘာအဓိပ္ပာယ်နည်း။

ဘဝမှာ အဓိပ္ပာယ် မရှိတာတွေ တော်တော်များများ ရှိမှန်း သိခဲ့သည်မှာ ကြာပြီ။ ထိုအခါမျိုးတွေမှာ ပြုံးရသည်။ ပြုံးပြီးတော့ နေတတ်ပြီ။

ဦးသက်မွန်က မိမိ လာခဲ့သော လမ်းဆီ ပြန်ကြည့်သည်။

ဩော်… ထား လာလျှင်လည်း သည်လမ်းကပင် လာရမည်။ အခြားလမ်း မရှိ။

ထား လာမည့်လမ်းကို မျှော်ကြည့်မိတော့ မြတ်စွာဘုရား၊ မိမိက မျှော်လင့်နေသည်ပေါ့။

ဦးသက်မွန်က ပြုံးသည်။ ကိုယ့်ကိုယ်ကိုယ် ဘာမေးခွန်းမျှ ပြန်မထုတ်တော့။

ဦးသက်မွန်က ဆိတ်ငြိမ်စွာ ထိုင်လျက် ငေးမိငေးရာ ငေးနေသည်။

ကောင်းကင်ကို မြင်သည်။ တောတန်းကို မြင်သည်။ နှင်းရိပ်ပြာကို မြင်သည်။ ရေကန်လေးကို မြင်သည်။ ရေမျက်နှာပြင်မှ ကောင်းကင်နှင့် တောတန်းရိပ်ကို မြင်သည်။ အရောင်ရှိတော့ အရိပ်ရှိသည်။ အကြည်ရှိတော့ အရိပ်ထင်သည်။ ထင်ပါစေပေါ့။

ဦးသက်မွန်က နာရီကို ငုံ့ကြည့်သည်။ လေးနာရီ ခွဲသွားပြီ။

လာလမ်းဆီ ကြည့်မိသည်။ ထား မပြောနှင့်။ မည်သည့် လူရိပ်လူယောင်ကိုမျှ မမြင်။

ထားက လာပါဦးမည်လော။ ဩော်… မလာတော့ကော ဘယ်လိုလုပ် အပြစ်တင်ရမည်နည်း။ လာပါမည်ဟု ကတိမပေးသော မိမိက လာဖြစ်သကဲ့သို့ စောင့်နေပါမည်

mgyoe.com

mgyoe.com SAMPLE BOOK
ဆိုသော ထားတစ်ယောက် မလာဖြစ်သည်မှာလည်း ဖြစ်နိုင်သည်။ သည်လောကမှာ ဖြစ်ချင်တာ ဖြစ်နိုင်သည်။

'သစ္စာ ဆိုတာဟာ အနာဂတ်နဲ့သာ ဆိုင်တယ်၊ အနာဂတ် ဆိုတာကလည်း ရောက်မလာသေးဘူး၊ သူ ရောက်လာတဲ့အချိန်မှာ ဘာတွေဟာ ဘာဖြစ်ကုန်ကြမယ်မှန်းလည်း ကိုယ်တို့ မသိဘူး'

မည်သူ ပြောသနည်း၊ မိမိ ပြောခဲ့သည်။ သည်တော့ အပြစ် မတင်လိုပါ။ ဆက်တော့ စောင့်မည်။ တစ်နာရီတိတိ စောင့်မည်။ အနှစ်လေးဆယ်နှင့် ယှဉ်နိူင်းတော့ တစ်နာရီ ဆိုသည်မှာ ဘာမျှ မရှိ။

ဦးသက်မွန်က ဆိတ်ငြိမ်စွာ ထိုင်ရင်း ဆက်စောင့်သည်။ လူက ငြိမ်လိုက်တော့ စိတ်လည်း ငြိမ်သွားသည်။ ဩော်… နှလုံးခုန်သံသည်ပင် ပုံမှန်ပါတကား။

"ဥသြ… ဥသြ… ဥသြ"

ဦးသက်မွန်က ခုမှ ဥသြသံကို ကြားသည်။ ခုမှ ကြားသည် ဆိုတာထက် ခုမှ သတိပြုမိသည် ဆိုတာက ပိုမှန်လိမ့်မည် ထင်သည်။ ဥသြက ခုမှ ကောက်ကာ ငင်ကာ အော်ပုံတော့ မရ။ စောစောကတည်းက အော်နေလိမ့်မည်။ ဩော်… သည် အတိုင်းဆို ဟိုး အနှစ်လေးဆယ်ကလည်း ဥသြလေး မြည်နေမည် ထင်သည်။ အဲသည် တုန်းကတော့ သူ့ကို မိမိ သတိမပြုမိခဲ့။

ယခု သတိပြုမိတော့ ဥသြသံလေးက လွမ်းဖွယ် ရှိသည်။ ဤစကားသည်လည်း မမှန်ဘူး ထင်သည်။ ကရုဏာသက်ဖွယ် ရှိသည်။

ဥသြရယ်… မင်းပဲ ကရုဏာသက်ဖွယ် အော်မှ အော်တတ်ပလေ။

ရင်က ဝေဒနာကို အသံနဲ့ မင်းပဲ ပြမှ ပြတတ်ပလေ။

အဖော်ကွဲပြန်ပြီ မဟုတ်လား ဥသြရယ်။ အဖော် မကွဲဘဲနဲ့တော့ မင်းအော်လေမည် မဟုတ်ဘူး။ မင့်အော်သံကို မင့်ချစ်သူက ကြားပါ့မလား။ ကြားလျှင်တော့ သူ လာမည်ပေါ့။ မင့်ဝေဒနာကို တို့တောင် နားလည်တော့ မင့်ချစ်သူက ပိုနားလည်မှာပေါ့၊ ချစ်သူချင်း နားမလည်တာ ဒီလောကမှာ ရှိပါ့မလား။

ဦးသက်မွန် တုန်လှုပ်သွားသည်။ မြတ်စွာဘုရား။

ထားကို မိမိ နားလည်ပါ၏လော။ ထားကကော မိမိကို နားလည်ပါ၏လော။ နားလည်လျှင် သည်အချိန်မှာ ထားတစ်ယောက် ရောက်လာထိုက်ပြီ။

ဦးသက်မွန်က နာရီကို ငုံ့ကြည့်သည်။ ငါးနာရီတိတိ ရှိသွားပြီ။ ဖြည်းညင်းစွာဖြင့် ဦးသက်မွန်က နေရာမှ ထသည်။ ထင်တာသည် ထင်သည့်အတိုင်း ဖြစ်လာပြန်တော့လည်း မထင်ထားသည့် ခံစားမှုက အလာချင်သား။

အရှေ့ဘက် တောတန်းထိပ်မှ လမင်းဖြူဖြူကြီးက ထွက်လာပြန်သေးသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

အစစ ယခင်အတိုင်း။ လမင်းကပါ ဝင်ပြောချင်သေးသလား။

ဦးသက်မွန်က ခေါင်းခါသည်။

အနှစ်လေးဆယ်။

ဘယ်မှာလာ အစစ ယခင်အတိုင်း ဖြစ်နိုင်မည်နည်း။ စေ့စေ့ကြည့်မှ ရေကန်လေးသည်ပင် အတန်လေး ကောနေပြီ။ ရှေ့က တောတန်းပင် ယခင်ကလောက် သိပ်သည်းမှု မရှိတော့။

ဩော်… နေလုံး ပျောက်ပြီ။ နှင်းပြာတွေ အမှောင်ရိပ်တွေနှင့် လရောင်မှာ တောတန်းပင် စိမ်းနိုင်ဦးတော့မည်လော။ လရောင်ဖျော့ဖျော့မှာ တောတန်းက စိမ်းသည် ဆိုလျှင် သိပ္ပံပညာက ရယ်လိမ့်မည်။ တောတန်းက မစိမ်း။ မိမိ အမှတ်သညာကသာ ဆက်စိမ်းမည်။ ရှိစေတော့၊ ရှိပါစေတော့။

ဦးသက်မွန်သည် စောစောက ကျောပြုထားရာဘက်သို့ ကြည့်မိသည်။ ဤဘက်မှာက ဝင်းခြံတွေ မရှိသေး။ သည်လိုဆိုလျှင် ဖြတ်သွားစရာ မြေသွားလမ်းလေးတစ်ခု တော့ ရှိတန်ကောင်း၏။

မှန်သည်။ ခပ်လှမ်းလှမ်း ချုံပင်များအစပ်၌ မထင်ရှားလှသော မြေလမ်းဝါဝါ အစကို ကြည့်မိ၍ မြင်သည်။

ခြေလှမ်းလေးလေးဖြင့် ဦးသက်မွန်က ချုံစပ်ဆီ လာ၏။

မြေလှမ်းဝါဝါအစတွင်းသို့ လှမ်းဝင်မည်အပြု၌ ဦးသက်မွန် ရပ်သွား၏။

လမ်းစလေး၏ ယာဘက် ချုံနွယ်များကြား၌ ဖြူဖြူတစ်စုံတစ်ရာကို မြင်ရသည်။ လွှမ်းနေသော အကိုင်းအခက်၊ အရွက်များကြောင့် ပထမမှူ မသဲကွဲ။ သေသေချာချာ ကြည့်မိပြန်တော့…။

ဂူလေးတစ်လုံး၊ ဂူဖြူဖြူလေး တစ်လုံး။ မကြီးလှ၊ မမြင့်လှ။

ဦးသက်မွန်က ဂူလေးရှေ့၌ ရပ်လိုက်သည်။ သစ်ရွက်တွေကြားမှ မြင်ရသော စာကို ဖတ်သည်။

ထား…

သည်စာတစ်လုံးတည်းကို ထိပ်မှ ထိုးထား၏။ အောက်ကမူ ကွင်းစကွင်းပိတ်ဖြင့် နာမည်အပြည့်အစုံကို ထပ်ရေးထိုးထားသည်။

(ဒေါ်ထားမြမွန်)

အသက် (၄၉)၊ ၁၉၇၈ ခုနှစ်

နတ်တော်လပြည့်နေ့၌ ကွယ်လွန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

( ၆ )

ဂူလေးရှေ့တွင် ဦးသက်မွန်က ဒူးထောက်ကျသွား၏။

မမှားနိုင်ပါ။ ထား ဆိုသည်က ငယ်နာမည်၊ ထားမြမွန် ဆိုသည်က စိတ်ကူး ယဉ်ယဉ်နှင့် မိမိ ပေးခဲ့သော နာမည်။ မွေ့ာစာတ်ကျသော သည့်နာမည်မျိုးကို ဘယ်မိဘ က ပေးပါမည်နည်း၊ ဘယ်ဇာတာဖွဲ့သူ ဗေဒင်ဆရာကလည်း ပေးပါမည်နည်း။ အသက် ကလည်း (၄၉) နှစ်၊ ၁၉၇၈ ခုနှစ်မှာဆိုလျှင် ထားအသက် (၄၉) နှစ်။ ကိုယ့်ချစ်သူ မွေးသက္ကရာဇ်ကို ကိုယ်သိသည်ပေါ့။

ကျောက်ရုပ်ပမာ ဦးသက်မွန်က ငြိမ်သက်လျက် မြေပြင်တွင် ဒူးထောက်ထိုင်နေ သည်။ နှုတ်မှတော့ တတွတ်တွတ် ရွတ်မိသည်။

"ထားရယ်၊ မင်း ကတိတည်သားပဲ၊ မင်း စောင့်နေသားပဲ၊ ဒီပုံများ စောင့်နေ ရသလား ထားရယ်"

မည်မျှ ကြာသွားသည် မသိ။ ခြေသံလိုလို ကြားလိုက်ပြီး လူရိပ်သဏ္ဍာန် တွေ့လိုက် ရသဖြင့် ဦးသက်မွန်က မော့ကြည့်သည်။

လူတစ်ယောက်က ရပ်နေသည်။ ပုဆိုးက နွမ်း၏။ အင်္ကျီကလည်း ဟောင်း၏။ မျက်နှာသုတ်ပဝါ ညစ်ညစ်ကို ပေါင်းထားသည်။

ဦးသက်မွန်က မြေပြင်မှ ထရပ်လိုက်သောအခါ သူက ဂူကို တစ်လှည့်၊ ဦးသက်မွန် ၏ မျက်နှာကို တစ်လှည့် ကြည့်ပြီးမှ ပြောသည်။

"ကို... ကို၊ အဲ...ကိုရင်၊ အဲလေ... ခင်ဗျား ငိုနေတယ်"

ဦးသက်မွန်၏ လက်များက မျက်နှာဆီ ရောက်သွား၏။ လက်ချောင်းများက မျက်ရည်များကို စမ်းမိသည်။

"ကျွန်တော် မငိုပါဘူး၊ အင်း... မျက်ရည်တော့ ကျမိတယ်ပေါ့"

"ကျုပ်အတွက်တော့ မျက်ရည်ကျတာဟာ ငိုတာပဲပေါ့"

"ထားပါတော့လေ၊ ဒီလောကမှာ မရှိလေတော့တဲ့ လူသားတစ်ဦးရဲ့ ဂူတစ်ခုကို တွေ့ရင် မျက်ရည်ကျတာဟာ မဆန်းဘူးလို့ ထင်တယ်"

"ဒါပေမဲ့ လူတိုင်းဟာ မျက်ရည် မကျဘူး၊ အထူးသဖြင့် မျက်ရည်ကျထိုက်သူ တွေ မကျတာ ကျုပ်အတွက်တော့ ဆန်းတယ်"

"မျက်ရည်ကျထိုက်သူတွေ၊ ဘယ်သူတွေလဲဟင်"

သူက ဂူလေးကို လက်ညှိုးထိုးပြ၏။

"သူ့သားသမီး ဆိုတာတွေ"

"ဗျာ... ထားရဲ့ သားသမီးတွေ"

ဘာကြောင့် မသိ။ သူက ဦးသက်မွန်၏ မျက်နှာကို တစ်ချက် စိုက်ကြည့်၏။

mgyoe.com

m g y o e . c o m
SAMPLE BOOK


"ဒီလိုလေ၊ သေတုန်းကတော့ ငိုကြတာပေါ့၊ ကျုပ် ပြောချင်တာက ဟောဒီ ဂူလေးဆီ တစ်နှစ်နေလို့ သူတို့ တစ်ခေါက် မရောက်ဘူး၊ ရောက်တဲ့ အခါတွေကလည်း အခြား ကိစ္စနဲ့၊ အဲဒီ အခါမှာလည်း ခင်ဗျားလို မျက်ရည်ကျတာ ကျုပ် မတွေ့ဘူး"

"ဒါတော့ သေသောသူ ကြာရင်မေ့ တဲ့၊ စကားရှိတယ် မဟုတ်လား၊ ဪ… သူ့… အဲ… ထားရဲ့ ခင်ပွန်းကကော သူတော့ မျက်ရည် ကျရှာမှာပေါ့ဗျာ"

ဦးသက်မွန် မေးသည်ကို သူက မပြောဘဲ တစ်ချက် ကြည့်ပြန်၏။

"ခင်ဗျားက သူ… အဲ… သူဌေးကတော်ကို ထားလို့ ခေါ်တယ်ပေါ့"

ရုတ်တရက် ဘာဖြေရမှန်း မသိ၊ ခဏကြာမှ ပြောမိသည်။

"ကျွန်တော်တို့ ငယ်ငယ်က ဒီလိုပဲ ခေါ်ပါတယ်"

"အင်းပေါ့၊ ငယ်ငယ်က ဆိုတော့ ဒီလိုပဲ ခေါ်မှာပေါ့၊ ခင်ဗျား မေးတာကို ဖြေရဦးမယ်၊ သူ့ယောကျ်ား သူဌေးက ဒီဂူလေးဆီ မလာတော့ မျက်ရည် ကျ၊ မကျ ကျုပ် မသိဘူး"

"ဗျာ… သူ့ယောကျ်ားက ဒီဂူလေးဆီ မလာဘူး"

"လာဖို့ မလိုဘူးလေ၊ သူက သူဌေးကတော် မသေခင် ငါးနှစ်လောက်ကတည်းက နောက်မိန်းမ ယူသွားတာ"

"ဪ…"

"သူဌေးကတော်ဟာ သနားပါတယ်၊ စကတည်းက သူ့ယောကျ်ားကို ချစ်လို့ ယူခဲ့တာ မဟုတ်ဘူးတဲ့၊ သူဌေးကတော်ရဲ့ မိသားစု အတိဒုက္ခရောက်နေတာမို့ မိဘကို ငဲ့ပြီး လက်ထပ်ခဲ့ရတာတဲ့၊ ဒါတွေက ကျုပ် သူများပြောတာ ကြားဖူးတယ်၊ အဲ… အခုတော့ သေချာသွားတယ်"

ဦးသက်မွန်က နားမလည်သဖြင့် သူ့ကို ကြည့်သည်။

သူက အင်္ဂူစွန်းလေးဆီသို့ ညွှန်ပြ၏။

"ခင်ဗျား ဟိုနေရာမှာ လာထိုင်တာ ကျုပ်တွေ့တယ်၊ ခင်ဗျား တော်တော် အချိန်မှန်တယ်နော်"

"ခင်ဗျာ"

"ခင်ဗျား ရောက်လာတော့ လေးနာရီတိတိပဲ၊ ဒါပေမဲ့ ကျုပ် ဇဝေဇဝါ ဖြစ်သွားမိတယ်၊ ကျုပ် ထင်တာက ဆံပင်တွေ ဖြူဖွေးပြီး ပါးရေတွေ ဘာတွေ တွန့်စ လူအို တစ်ယောက်၊ ဒါပေမဲ့ ခင်ဗျားက ဆံပင်လည်း မဖြူသေးဘူး၊ ပါးရေလည်း မတွန့်ဘူး၊ ကျုပ် အခု အသက် လေးဆယ့်ငါးနှစ် ရှိပြီ၊ ခင်ဗျားက ကျုပ်ထက်တောင် ငယ်နေတယ်"

ဦးသက်မွန် ဘာပြောရမှန်း မသိ။

"တော်ပါသေးရဲ့၊ ခင်ဗျားက ဒီဘက်ကို လာတယ်၊ ဂူလေးကို တွေ့တော့ အဲ… ကျုပ် ပြန်ပြောဖို့ မလိုတော့ပါဘူးလေ၊ သေချာပါပြီ၊ ကျုပ် ကျေနပ်ပါပြီ"

m g y o e . c o m

mgyoe.com SAMPLE BOOK


ဤတစ်ကြိမ်တွင်မူ ဦးသက်မွန်က မေးမိတော့သည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"ကျုပ် ခင်ဗျားကို စောင့်နေတာ"

"ဗျာ"

သူ့လက်တစ်ဖက်က နောက်မှာ ဖြစ်သည်။ ယခု ထိုလက်ကို သူ ထုတ်လိုက်၏။ လက်တွင်းမှာက ပဝါဖြူလေးနှင့် ပတ်ထားသော ပစ္စည်းတစ်ခု။

"ခင်ဗျားအတွက် သူ ပေးထားခဲ့တယ်"

သူက ပစ္စည်းကို လှမ်းပေးသောအခါ ဦးသက်မွန်က အံ့သြခြင်း တစ်ဝက်နှင့် လှမ်းယူမိသည်။

ပဝါဖြူလေးကို ဖြေလိုက်သောအခါ လှပသော ယွန်းသေတ္တာလေး တစ်လုံး ပေါ်လာသည်။ ယွန်းသေတ္တာ အဖုံးလေးကို ဖွင့်လိုက်သောအခါ...။

ခုန်သောရင်၊ တုန်သောလက်များဖြင့် ဦးသက်မွန်သည် အတွင်းမှ ပစ္စည်းများကို ငေးစိုက်ကြည့်မိသည်။

တစ်ခုက ပိတ်ထားသော စာအိတ်တစ်အိတ်ပါ။

ဦးသက်မွန်က စာအိတ်ကို ဖွင့်သည်။ ကော်များက ခြောက်မာနေပြီ ဖြစ်သောကြောင့် အလွယ်တကူ ပွင့်သည်။

စာအိတ်တွင်းရှိ စာရွက်ပြာလေးမှ လက်ရေးများကား သူ ကောင်းစွာ မှတ်မိသော ထား၏ လက်ရေး။

*ကိုရေ...*

*ဖတ်စေလိုသူ ဖတ်မှ ဖတ်ဖြစ်ပါ့မလား မသိတဲ့ စာကို ရေးရတာ တစ်မျိုးပဲကွယ်၊ ဒါပေမဲ့ မသိတော့တဲ့ဆီ သွားရမှာ လက်ခံလိုက်ပြီဖြစ်တဲ့ ထားဟာ မသေချာမှု မှန်သမျှကို ပမာမပြုတော့ပါဘူး။*

*ထား ဝမ်းနည်းတာ တစ်ခုပဲ ရှိတယ်၊ ထား ကတိ မတည်နိုင်တော့ဘူး၊ ပြီးခဲ့တဲ့ ငါးနှစ်လောက်ကလေ ထား ကိုဆီကို ဆက်သွယ်ချင်လိုက်တာ၊ ဪ... ဒါပေမဲ့ ထားမှာ အခွင့် မရှိတော့ပါကလား၊ အနှစ်လေးဆယ် ဆိုတာကလည်း ရောက်မလာ သေးဘူး။*

*ထား ဘယ်မှာ ဘာဖြစ်နေတာကို ကို မသိပေမယ့် ကို ဘယ်မှာ ဘယ်လို နေတယ် ဆိုတာတော့ ထား သိတယ်။ ကိုယ်က ကျော်ကြားသူ မဟုတ်လား။*

*လောကကြီးမှာ တစ်ကိုယ်တည်း ဆက်နေတဲ့ ကို့ကို ထား မေးချင်လိုက်တာ။ ကို ဒီလို နေနိုင်တာဟာ ဘာကြောင့်လဲ၊ ကို့ နှလုံးသားက ထားနဲ့တကွ မိန်းကလေးတွေ အားလုံးကို မုန်းသွားလို့လား၊ ဒါမှမဟုတ် ကို့နှလုံးသားမှာ...*

*ကိုယ့်ဘက် ကိုယ်ယက်ပြီး ထား မတွေးသင့်ဘူး၊ ဒီတော့ ထား မတွေး တော့ဘူး။*

mgyoe.com

*ထား ကတိမတည်နိုင်တော့ဘူး။ ဒါပေမဲ့ ကတိတည်နိုင်ခွင့်သာ ရှိရင် ထားဟာ ကတိတည်မှာပါလို့ ကို သိအောင် ဒီစာနဲ့ အထိမ်းအမှတ်လေးတစ်ခုကို ထား… ထားရစ်တယ်။*

*သြော်… ကိုရေ၊ ကို တစ်ခါက ပြောဖူးတာ မှန်တယ်၊ အပြီးသတ်ကျတော့ ထားဟာ… ထားသွားရသူပါ။*

*ကို့… ထား။*

သူက အခြားပစ္စည်းလေးကို ယုယစွာ ထုတ်ယူလိုက်သောအခါ အရောင်ဝင်းဝင်းလက်သွားသည်။ ပစ္စည်းကပဲ လက်သလော၊ မိမိမျက်လုံးများတွင် လက်တတ်သောအရာများ ဖုံးနေ၍လော။

ရွှေဆွဲကြိုးလေး တစ်ကုံးပါ။ အသည်းပုံ မြကျောက်ကို စိန်ပွင့်လေးတွေ ရံထားသည့် လည်ဆွဲရတနာပါသော ရွှေဆွဲကြိုးလေး။

ဆွဲကြိုးလေးကို အတန်ကြာ စိုက်ကြည့်နေပြီးမှ အနီးမှ သူ့ကို မေးသည်။

"ဒီသေတ္တာလေးထဲမှာ ဒီပစ္စည်း ရှိတာကို ခင်ဗျား သိတယ်ပေါ့"

"အင်း… ဒါပေမဲ့ စာကိုတော့ ကျုပ် ဖောက်ဖတ်မကြည့်ပါဘူး"

"ထားက တခြား ဘာမှာသွားသေးသလဲ"

"ဟင့်အင်း၊ ဒီနှစ် ဒီနေ့ ဒီနာရီမှာ သူ လာလိမ့်မယ်တဲ့၊ သူဆိုတာ ဘယ်သူလဲလို့တောင် ကျုပ်ကို ပြောမသွားပါဘူး၊ သူ လာရင် ပေးလိုက်ပါတဲ့"

"ကျွန်တော်က လာချင်မှ လာမယ်၊ လာဦးတော့လည်း ဒီကိစ္စကို မသိဘူး၊ တခြား ဘယ်သူမှလည်း မသိဘူး၊ ခင်ဗျားနဲ့ ထားပဲ သိတယ်၊ ထားကလည်း မရှိတော့ဘူး၊ ဒီကြားထဲက…"

ဦးသက်မွန်က စကား မဆက်ဖြစ်။ မေးချင်သော စကားက ထွက်၍ မရ။ ထိုသူက လှုပ်ရှားသွား၏။ မျက်နှာလည်း အနည်းငယ် တင်းသွား၏။

"ကျုပ် ဒါတွေကို ဝှက်ပြီး ဘာကြောင့် ဗုန်းမထားသလဲလို့ ခင်ဗျား မေးချင်တယ် မဟုတ်လား"

"အို… အို… ဒီလိုကြီး မဟုတ်… မဟုတ်ပါဘူး"

"နို့… ဘယ်လိုလဲ"

"ကျွန်တော် ခင်ဗျားကို အံ့သြလို့ပါ၊ ပြီးတော့ ကျေးဇူးလည်း သိပ်တင်ပါတယ်"

ထိုသူ့မျက်နှာက ပြန်လည် ပျော့ပျောင်းသွားပြီး တစ်နေရာကို ညွှန်ပြ၏။

"အဲဒါဟာ ကျုပ်တို့နေတဲ့ တဲလေးပဲ၊ သူဌေးကတော် ဆောက်ပေးသွားတာ၊ ဟောဒီနားတစ်ဝိုက်က မြေတွေကို သူဌေးကတော် ဝယ်ပြီးကတည်းက ကျုပ် ခြံစောင့်လုပ်တယ်၊ စိုက်ပျိုးစားခွင့်လည်း သူဌေးကတော်က ပေးတယ်ပေါ့၊ သူဌေးကတော်ဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပါ"

mgyne.com

mgyoe.com  SAMPLE BOOK 

"ကျွန်တော် နားလည်ပါတယ်၊ ထပ်ပြောပါမယ်၊ ကျေးဇူးလည်း သိပ်တင်ပါတယ်"

"ကျုပ်ကလည်း ကျေးဇူးတင်ပါတယ်၊ ကျုပ်အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားပြီပေါ့၊ ကံကောင်းတယ်၊ ခင်ဗျားကလည်း အချိန်မီ လာတယ်၊ ဒီဂူလေးကလည်း ရှိနေသေးတယ်၊ နောက် လေးငါးရက် ဆိုရင်တော့…"

ထိုသူက နောက်ဆုံးစကားကို ညည်းညူသယောင် ပြောလိုက်သဖြင့် ဦးသက်မွန်က မေးမိသည်။

"နောက် လေးငါးရက်ဆို ဘာဖြစ်သလဲ"

ထိုသူက မလှမ်းမကမ်းသို့ ညွှန်ပြ၏။

အုတ်များ ပုံထားသည်ကို ဦးသက်မွန် တွေ့ရ၏။

"သူတို့က ဘုရားတည်မယ်လေ၊ ပြီးတော့ ဒီဂူလေးကို သံချိုင်းတစ်ခုဆီ ရွှေ့ပစ်မယ်"

"ဗျာ… သူတို့ ဆိုတာ ဘယ်သူလဲ"

"သူဌေးကတော်ရဲ့ သားသမီး ဆိုတာတွေပေါ့"

"ဩော်… ဂူနေရာမှာ စေတီတည်တော့မယ်ပေါ့"

"ဘယ်က ဟုတ်ရမလဲ၊ ဟောဒီတစ်ဝိုက်က မြေတွေဟာ တစ်ကွက်ကို သိန်းချီ တန်နေတယ်၊ ဒီတော့ သူတို့တွေ အကွက်ရိုက် ရောင်းစားကြတာပေါ့၊ ဒီနေရာလေးသာ ဂူရှိနေလို့ ရောင်းမစွံဘူး၊ ဒီတော့ ဒီဂူကို သူတို့ ရွှေ့ပစ်ကြမယ်၊ စေတီကတော့ သတ်သတ် တည်မှာပါ၊ မြေသန့်သွားအောင် ဗေဒင်ဆရာက ယတြာချေခိုင်းတာတဲ့၊ မြေသန့် သွားတော့၊ အင်း… ရောင်းလို့ စွံမှာပေါ့"

ဦးသက်မွန် ခေါင်းငိုက်စိုက်ကျသွားသည်။ အကြာကြီး ကျသွားသည်။

နေဝင်သွားပြီကို သတိထားမိ၏။ နှင်းတွေက ပိုမှုန်လာနေသည်။ လမင်းဖြူဖြူ ကလည်း မြင့်တက်လာ၏။

ဥသြသံများ၊ ဟုတ်သည်၊ ဥသြသံများ။

သည်တစ်ကြိမ်တော့ တစ်ကောင်တည်း မဟုတ်၊ အပြိုင် မြည်နေကြသည်ထင်၏။

"ဩော်… ဒါထက် ဒီမြေ ရောင်းလို့ စွံသွားရင် ခင်ဗျား ဟောဒီမှာ ဆက်နေခွင့် ရှိဦးမလား"

သူက ခေါင်းခါပြသည်။

"ကျုပ်က အမွေစား အမွေခံမှ မဟုတ်ဘဲ၊ ဘယ်နေခွင့် ရှိတော့မလဲ"

"ခင်ဗျား ဘယ်သွားနေမလဲ"

"မသိဘူး၊ လူမသေ ငွေမရှားဘူးလို့ ပြောတယ်၊ မြေလည်း မရှားဘူး ထင်ပါတယ်ဗျာ"

mgyoe.com

ဦးသက်မွန်က သူ့မျက်နှာကို ကြည့်၏။ သူ့မျက်နှာက တည်ငြိမ်သည်။ ရွှင်လှသည်တော့လည်း မဟုတ်။

ဦးသက်မွန်က သူ့သေတ္တာလေးကို ဖွင့်ပြီး ပဝါဖြူလေးကို ထည့်သည်။ နောက်စာအိတ်ကို ထည့်သည်။

ဆွဲကြိုးလေးကိုမူ ထိုသူ့လက်တွင် ထည့်လိုက်၏။

"ခင်… ခင်ဗျား… ဘာ… ဘာလုပ်တာလဲ"

"ဒီလောကမှာ ထား ကျေနပ်မယ့်လူ နှစ်ဦးပဲ ရှိမယ် ထင်တယ်၊ တစ်ဦးကတော့ ခင်ဗျားပဲ၊ ခင်ဗျားဟာလည်း ထားအတွက် တစ်ခုခုတော့ အထိမ်းအမှတ်ကလေး ရထားသင့်ပါတယ်"

"ဒါလေးကို ခင်ဗျားက ကျုပ်… ကျုပ်ကို ပေးတယ်ပေါ့"

"ထိုက်တာကို ဝေယူကြတယ် ဆိုပါစို့"

"ဗျာ"

"ခုနင်က ခင်ဗျား ပြောတယ်၊ လူမသေ ငွေမရှားတဲ့၊ ဟုတ်တယ်၊ ဒါပေမဲ့ လူလို့ ပြောတယ်နော်၊ လူဆိုတာ ဘာလဲ၊ ထားကတော့ ပြောခဲ့ဖူးတယ်၊ အဓိပ္ပာယ်ဆိုတာဟာ သူ့ဘာသာသူ ထွက်မှ ကောင်းပါတယ်တဲ့"

ဦးသက်မွန် နေရာမှ ခွာမည်ပြု၏။ သူက လှမ်းဆွဲ၏။

"နေပါဦး… ခင်ဗျားကို ကျွန်တော် ပြောပြီးပြီနော်၊ နောက်ဆိုရင် ဒီဂူလေးဟာ ရှိတော့မှာ မဟုတ်ဘူးလို့"

"ဟုတ်ကဲ့"

"ခင်ဗျားမှာ ထားကိုယ်စား လာကြည့်စရာ ဂူလေး မရှိတော့ဘူး၊ ဒီတော့ ဒါလေးကို ပြန်ယူသွားပါ"

"ကျွန်တော် လာစဉ်က ထားကို တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပါဘူး၊ ထား ဂူလေးကို တွေ့ရလိမ့်မယ် ထင်ဖို့တော့ ဝေးရောပေါ့လေ၊ အခု အနည်းဆုံး ဒါလေးတွေ ရခဲ့ပြီ"

ဦးသက်မွန်က ယွန်းသေတ္တာလေးကို မြှောက်ပြ၏။

"တကယ်တော့ ဒါလေးတွေတောင် မလိုတော့ပါဘူး"

"ဗျာ… မလိုတော့ဘူး"

"ဟုတ်တယ်၊ ထားက ပြောတယ်၊ သူဟာ ထားသွားရသူပါတဲ့၊ အမှန်ပဲ၊ သူက ထားသွားခဲ့တယ်၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကတည်းက ထားသွားခဲ့တယ်၊ အဲဒီတုန်းကတော့ ကျွန်တော် မသိဘူး၊ ခုမှ သိတယ်"

သူက အံ့သြစွာနှင့် ဦးသက်မွန်ကို ကြည့်သည်။

"အနှစ်လေးဆယ်တုန်းက ထားခဲ့တာကို ခင်ဗျား မသိဘူး၊ ခုမှ သိတယ်"

mgyoe.com

SAMPLE BOOK


"ဟုတ်တယ်၊ ဪ… စောစောတုန်းက ခင်ဗျား ကျွန်တော့်ကို မအိုဘူးလို့ ပြောခဲ့တယ်၊ မှန်တယ်၊ ကျွန်တော် မအိုဘူး၊ ထား ပေးသွားခဲ့တာလေး တစ်ခုကြောင့် ကျွန်တော် မအိုဘူး"

"ခင်ဗျားကို သူက ဘာပေးသွားသလဲ"

"ပေးသွားတာတောင် မဟုတ်ပါဘူး၊ ရှိပြီးသားဟာလေးကို နေရာမပျက်အောင် စောင့်ရှောက်တတ်ဖို့ မှာသွားတာပါ၊ သူက နေရာယူထားတော့ အဲ… ကျွန်တော် မအိုဘူးပေါ့၊ ပြီးတော့"

ဦးသက်မွန်က ထား၏ ဂူလေးကို ကြည့်သည်။ သက်ပြင်းရှိုက်ပြီးမှ စကားကို ဆက်သည်။

"ပြီးတော့ ထားလည်း မသေဘူးပေါ့၊ ကျွန်တော့်အတွက် ထား ဘယ်တော့မှ မသေတော့ဘူးပေါ့"

နားမလည်နိုင်သူကို ပဟေဠိ ထပ်မဖွက်တော့ဘဲ ဦးသက်မွန်က နေရာမှ ခွဲထွက်လာခဲ့၏။

လရောင် ရှိနေပြီကို သတိပြုမိ၏။ နှင်းမှုန်ပြာပြာများကလည်း ရှိနေသည်။ လရောင်က နှင်းမှုန်ပြာပြာကို ပျောက်သွားအောင် မထွန်းလင်းနိုင်မှန်းကို သိသည်။

သို့ရာတွင် လရောင်ကြောင့် နှင်းမှုန်ပြာပြာက တစ်မျိုးလှသည်။ နှင်းမှုန်ပြာပြာကြောင့် လရောင်လည်း တစ်မျိုးလှသည်။ ရှိပါစေတော့။

*ရင်ခုန်ပွင့်မဂ္ဂဇင်း၊ မတ်လ ၊ ၁၉၈၉ ခုနှစ်။*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# မေတ္တာသဘော ပြောပြမယ်

## ( ၁ )

'ရွှေသားရုပ်သွင်'

ခက်ကပြီ၊ သီချင်းကို စဆိုမိပြီးမှ ဘာဆက်ရမှန်း မသိ။

သြော်... သီချင်း မဆိုသည်မှာ ကြာခဲ့ပြီ။ အထူးသဖြင့် ဤသီချင်းမျိုး မဆိုမိသည်မှာ ကြာပြီ။ ဆိုရန် အကြောင်းတွေကလည်း မရှိတော့။ အင်း... မရှိတော့ဘူးဟု ထင်ခဲ့သည်။

ယခုတော့ ရှိလာပြီ။

သူ့မျက်နှာလေးကို မြတ်နိုးစွာ ကြည့်မိသည်။

သြော်...ရွှေသားရုပ်သွင်မှ ရွှေသားရုပ်သွင်အစစ်။ ထို့ကြောင့်လည်း ရွှေသားရုပ်သွင်နှင့် စသော သီချင်းကို သတိရသည်။ ခက်သည်က ဤသို့ စသော သီချင်းက နှစ်ပုဒ်ရှိသည်။ အစလေးသာ တူပြီး နောက်စာသားတွေ တခြားစီ ဖြစ်ကုန်သည်၊ အလိုက်ကလည်း တခြားစီ။

mgyoe.com

mgyoe.com 
SAMPLE BOOK


ဘယ်ရွှေသားရုပ်သွင်နည်း။ စိတ်အစဉ်က မြန်ပါဘိခြင်း။ မဖိတ်ခေါ်ရသော ရွှေသား ရုပ်သွင်တွေ ပေါ်လာသည်။

## ( ၂ )

လက်လေးလုံးခန့်ထူသော စာအုပ်ကြီးကို မောင်လေးလှိုင်က စိတ်ပျက်လက်ပျက် ပိတ်လိုက်၏။ ရေးလက်စ ဝတ္ထုကို ပြန်ကြည့်သည်။ ဝတ္ထုထဲမှာ ဇာတ်လိုက်က စကားပြောနေသည်။

"ကိုယ့်ယုံကြည်ချက် ပြောရရင် အချစ် ဆိုတာဟာ"

အဲဒီ အချစ် ဆိုတာကို ခံ့ခံ့ညားညားလေး ရေးချင်သောကြောင့် တက္ကသိုလ် စာကြည့်တိုက်မှ ဤစာအုပ်ကြီးကို ငှားခဲ့၏။ ဝိဇ္ဇာတန်းမှ ပေါ်ထွန်းက အချစ်အကြောင်း ဤစာအုပ်ကြီးထဲတွင် ပါသည်ဟု သဲလွန်စပေးခဲ့သည်။

သင်တန်းစာအုပ်များနှင့် ဖိုင်များလည်း ပါသောကြောင့် ဤစာအုပ်ကြီးကို မိမိ နေသော တကောင်းကျောင်းဆောင်အထိ မနိုင်မနင်း သယ်ခဲ့ရသည်။ ပြီးတော့ အင်း… မနိုင်မနင်း ဖတ်သည်။

စကတည်းက ခွကျချင်သည်။ စာအုပ်အမည်က ပလေတို၏ ဆွေးနွေးခြင်းများ ဟု ခေါ်သည်။ စာအုပ်တွင်းမှာ ဆွေးနွေးသူက ဆိုကရေးတီးဇ်။ သည်တော့ မည်သူ့ အဆိုအမိန့်ဟု ပြောရမည်နည်း။ ရှိစေတော့။

ပလေတို သို့မဟုတ် ဆိုကရေးတီးဇ်က အချစ် ဟူသည် အလှကို ပိုင်ဆိုင်ချင်နေ သောကြောင့် သူ့ကိုယ်၌ကား အလှမဖြစ်နိုင်ဟု ဆွေးနွေးသည်။

မဆိုးဘူး ထင်သည်။ အချစ် ဆိုတာ ပိုင်ဆိုင်လိုတာ၊ အလှကို ပိုင်ဆိုင်လိုတာ။ အလှ ဆိုတော့ အေမီလို အလှ။ အဲဒီလို ဆိုလျှင် အကောင်းသား။ သို့ရာတွင် ယခုတော့။

အေမီကို သတိရသဖြင့် နာရီကို ငုံ့ကြည့်မိသည်။

"ဟိုက်…"

သုံးနာရီ ထိုးတော့မည်။

မောင်လေးလှိုင်သည် အလျှင်အမြန် ထပြီး ရေချိုးသည်။ ရေချိုးရင်းက ကြည်ကြည် နူးနူး သီချင်းအော်ဆိုသည်။

"ရွှေသားရုပ်သွင် ထင်မြင်စရာငယ်၊ မျက်နှာတော်ဝါဝါဝင်း၊ ရွှေလမင်းကြီးပုံနှယ်၊ ပတ္တမြားသွေးနဲ့ တူညီစွာရယ်…"

ဤသည်က ရေးဟောင်း ရွှေသားရုပ်သွင်…။

ရေချိုးပြီး ခေါင်းဖြီး၊ အဝတ်အစားလဲရင်း နောက်တစ်ပုဒ်ကို တိုးတိုးညည်းသည်။

"ရွှေသားရုပ်သွင်၊ ထင်မြင်ကြင်နာတွယ်တာစရာပင်၊ မျက်နှာတော်ဝါဝါဝင်း၊ ရွှေလမင်းပုံသွင်၊ မြမျက်တောင်ကော့ညွှတ်ကွေးက ဆေးရေးသည့် အရုပ်ကလေးလိုပင်"

mgyoe.com

mgyoe.com SAMPLE BOOK

ဤသည်ကမူ အသစ်ပေါ်လာသည့် ရွှေသားရုပ်သွင်။

သြော်… အချစ် ဆိုသည်မှာ ဘာနည်း။ ဟိုဟာတည်း၊ သည်ဟာတည်း အသာထား။ ချစ်နေသူတွေ ခေတ်တိုင်း ရှိမည်။ သည်တော့ သူ့ရွှေသားရုပ်သွင်၊ ကိုယ့်ရွှေသားရုပ်သွင်၊ အင်းဝခေတ် ရွှေသားရုပ်သွင်၊ တောင်ငူခေတ် ရွှေသားရုပ်သွင်၊ ဖဆပလခေတ် ရွှေသားရုပ်သွင်။ ရွှေသားရုပ်သွင်တွေအကြောင်း စပ်နေကြမည်။ စပ်ကြပါစေ၊ ကန့်ကွက်ရန် မရှိပါ။ မိမိပင်လျှင် အမော့ရွှေသားရုပ်သွင်အကြောင်း စပ်လိုက်ချင်သား။

မောင်လေးလှိုင်က အင်းစိန် အချိန်မှန် ဘတ်စ်ကားစီးပြီး မြေနီကုန်းအထိ လာခဲ့သည်။ မြေနီကုန်းကျတော့ ဆိုက်ကားပြောင်းစီးပြီး ရှမ်းလမ်းသို့ လာခဲ့သည်။

နတ်ရှင်နောင်က တိမ်စွန်လေလျှင် ဖူးရောက်ချင်သည်ဟု စပ်သည်။ မိမိလည်း ဖူးရောက်ချင်သည်။ ထို့ကြောင့် ဆိုက်ကားစီးသည်။ ကဗျာတော့ မဆန်လှ။ သို့သော် တိမ်စွန်လေက တက်စီး၍ မရ။ ဆိုက်ကားကတော့ လိုရာ ရောက်နိုင်သည်။ နတ်ရှင်နောင်ထက်တော့ မိမိ ကံကောင်းသည်။

ဆိုက်ကားထက်မှ ဆင်းလာပြီး အမေတို့ ခြံတွင်း ဝင်ခဲ့သည်။

တိုက်ဝ၌ အမော့အစ်မ မမဒေါ်ရစ်ကို တွေ့သည်။

“အား…မောင်လေးလှိုင်လားဟဲ့”

“ဟုတ်ကဲ့ မမ”

“အမေတော့ ရုပ်ရှင်ကြည့် သွားတယ်၊ လာခါနီးပါပြီ”

ရင်တွင်း အနည်းငယ်တော့ မောသွားသည်။ ပြန်လာခါနီးပြီဆို၍မူ စိတ်သက်သာသွားသည်။

“ဝင်ထိုင်လေ”

“အာ…ကိစ္စ မရှိဘူး၊ ကျွန်တော် ခြံထဲမှာပဲ စောင့်ပါ့မယ်”

“ဒီမှာ စာအုပ်တွေ ရှိတယ်၊ ခြံထဲဆို ပျင်းနေမှာပေါ့”

“မပျင်းပါဘူး၊ ကျွန်တော် သစ်ပင်တွေ၊ ပန်းပင်တွေ၊ မြက်ခင်းတွေနဲ့ နေတတ်ပါတယ်”

မမဒေါ်ရစ်၏ မျက်နှာက ပြုံးစိစိ ဖြစ်သွား၏။

“ဝီးလ် ဒါးနစ်၊ ဝီးလ် ဒါးနစ်…အစ်စ် ပါရဒိုက်စ် အီနောင်း”

“ခင်ဗျာ…”

“အိုမားခိုက်ယမ်းလေ၊ ကဗျာဆရာကြီး ဆိုတော့”

ပြုံးစိစိနှင့် မမဒေါ်ရစ်ကို ထားခဲ့ပြီး ခြံတွင်းသို့ ထွက်လာခဲ့၏။

လူသူမဲ့ အရိုင်းသဘာဝ တောတောင်ရေမြေသည်ပင် သုခဝတီဘုံ။ မမဒေါ်ရစ်က အိုမားခိုက်ယမ်း၏ ရှုဘိုင်ယတ်ကဗျာကို ရွတ်ပြလွှတ်လိုက်သည်။ အိုမားခိုက်ယမ်းက လူသူမဲ့ အရိုင်းသဘာဝ တောတောင်ရေမြေဆီ တစ်ယောက်တည်း သွားလိုသည် မဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK
ပေါင်မုန့်တစ်လုံး၊ ဝိုင်တစ်ခွက်၊ ကဗျာတစ်အုပ်။ ပြီးတော့ သူ… ချစ်သူ၊ အပျိုကြီးမမ ဒါတွေ နားလည်ပါ၏လော။

မောင်လေးလှိုင်က ခြံတွင်းမှာ လမ်းလျှောက်သည်။

မြက်ခင်းနှင့် ဟိုပန်းပင် သည်ပန်းပင်တွေကို အထူး မကြည့်မိ။ ပိတောက်ပင်ကြီးအောက်တွင် သွားရပ်သည်။

ရန်ကုန်မှာက ပိတောက်ပင် ရှားသည်။ တက္ကသိုလ်နယ်မြေက ပိတောက်တွေက ကပ္ပလီပိတောက်ဟု တချို့က ပြောကြသည်။ မိုးလယ်ကောင်မှ ပွင့်သည်။ ဤခြံတွင်းမှ ပိတောက်ပင်ကြီးက မြန်မာပိတောက်၊ အိုပြီ…မြင့်လည်း မြင့်သည်။

သင်္ကြန် ဆိုပါတော့၊ ပိတောက်တွေလည်း ပွင့်ပြီ ဆိုပါတော့၊ အေမီကလည်း ပန်ချင်သည် ဆိုပါတော့၊ သည်လောက် မြင့်သော အပင်ကြီးကို မိမိ တက်နိုင်ပါ့မည်လော။ ချစ်သူကို ပိတောက်ပန်းခူးပေးသည်ဟု စာမှာ ရေးရသည်က လွယ်သည်။ တကယ် တက်ခူးရမည်က မလွယ်။ အနည်းဆုံး ခါးတောင်းကျိုက်ရမည်။ ခါးတောင်းကျိုက်တော့ ပေါင်သားတွေ ပေါ်မည်။ မိန်းမတစ်ယောက်ရှေ့မှာ၊ အင်း… ရှက်စရာတော့ ကောင်းသား။

ခြံတွင်းသို့ အော်စတင်ကားတစ်စီး ဝင်လာသည်။

ရှေ့ခန်း၌ မောင်းသူ မျိုးဟန်ကို မိမိ သိသည်။ မျိုးဟန်နှင့် ယှဉ်တွဲ စီးလာသူက အေမီ။

ပိတောက်ပင်အောက်မှာပင် ငြိမ်ငြိမ်နေလိုက်သည်။

တော်ပါသေး၏။ မျိုးဟန်က မဆင်း။ အေမီသာ ဆင်းသည်။ ကားပြန်ထွက်သွား၏။

ပိတောက်ပင်အောက်မှ ခွာမည်အပြု မိမိ ရှိရာသို့ အေမီ ထွက်လာသည်ကို တွေ့ရ၏။

ခုံတန်းလေးပေါ်၌ အေမီ ထိုင်သည်။

“ရောက်နေတာ ကြာပြီလား”

“သိပ်မကြာသေးပါဘူး”

“အေမီ ရုပ်ရှင်သွားကြည့်တာ”

အေမီက သူ ဘယ်သွားသည်ကို ရှင်းပြရန် မလိုဟု ထင်သည်။ မိမိက ဤမျှ မဆိုင်သေး။ ခုံတန်းပေါ် အေမီ့ဘေးတွင်လည်း မိမိ ဝင်မထိုင်။ ဤမျှ မပိုင်သေး။

ယူလာခဲ့သော ရှုမဝမဂ္ဂဇင်းကိုကား အေမီ့ထံ လှမ်းပေးသည်။

“ကို့ကဗျာ ပါလား”

“မပါပါဘူး၊ ကိုက အခု ဝတ္ထု စမ်းရေးကြည့်နေတယ်၊ တိုက်က မဂ္ဂဇင်းရခဲ့တာမို့ အေမီ ဖတ်ရအောင် ယူလာတာ”

“အတော်ပဲ၊ ဒီလထုတ် အေမီ မဝယ်ရသေးဘူး”
mgyoe.com

mgyoe.com
SAMPLE BOOK

အေမီက မဂ္ဂဇင်းကို ဟိုလှန် သည်လှန် ကြည့်နေသည်။ ထို့နောက် မဂ္ဂဇင်းကို ချထားလိုက်ပြီး ခုံတန်း နောက်မှီထက် ခေါင်းလေးကိုတင် လည်တိုင်လေးကို ဆန့်ပြီး မျက်လုံးလေးများကို ပိတ်ကာ အနားယူသည်။

သူ မျက်လုံးပိတ်ထားတော့ ကိုယ်က ရဲရဲကြည့်ရဲသည်။

လည်တိုင်လေးမှာ အကြောစိမ်းလေးတွေ ရှိသည်။ ပါးလေးတွေမှာလည်း အကြောစိမ်းလေးတွေ ရှိသည်။ မျက်တောင်တို့က ရှည်တော့ ရှည်သည်၊ မကော့။ အသား ဖြူတော့ ဖြူသည်၊ မဝါ။

ကိုယ့်စံပြုအလှက အသားဝါဝါ၊ မျက်တောင်ကော့ကော့။ ဩော်…ပြည့်စုံသော အလှက ရှားသားကလား။ မျက်တောင်ရှည်သည်က လုံလောက်ပြီ။ ကော့သည်ဟု ယူလိုက်။ အသားဖြူဝင်းဝင်းလေးကို ဝါသည်ဟု တွေးလိုက်လျှင်လည်း ရသည်။ ကမ္ဘာကျော် ပန်းချီဆရာကြီးတစ်ဦးက ပြောခဲ့သည်။ တွေ့သည့်အတိုင်း မဆွဲ။ ဖြည့်ချင်သည်ကို ဖြည့်သည်တဲ့။ သည်တော့ ကိုယ်လည်း ဖြည့်မည်။ အေမီ… ကိုယ့် ရွှေသားရုပ်သွင်။ ဩော်… ရွှေသားရုပ်သွင် ဆိုသည့်စကားက ရွှေရုပ်လေးလို ဝါဝါလေးဟု တထစ်ချ ဆိုလိုပါသလား။ တန်ဖိုးထား မြတ်နိုးလွန်း၍ တင်စားဆိုသည် ဆိုလျှင်ကော မမှန်ဘူးလား။

အေမီ့ကို တန်ဖိုးထား မြတ်နိုးသည်။ သည်တော့ ကိုယ့်ရွှေသားရုပ်သွင်။

အေမီ့ မျက်လုံးများ ပြန်ပွင့်လာသည်။ မျက်သားများကမူ ပြာ၏။ ပြာပါ၏။

"အေမီ နည်းနည်း ပန်းသွားတယ်၊ ဟွန်း… ကားကလည်း အလွမ်းကားကြီး၊ သေချင်ရော"

"အေမီက အလွမ်းကား မကြိုက်ဘူးလား"

"အလွမ်းဆိုတာ ကြိုက်စရာလား"

မဖြေတတ်။ မေးလိုက်သည်တော့ ထင်သည်။

အေမီက ရယ်သည်။

"ကို ဝတ္ထု စမ်းရေးကြည့်နေတယ်လို့ စောစောက ပြောတယ်"

"အင်း…"

"အလွမ်းလား"

ဤသည်ကိုလည်း မဖြေမိ။ အေမီကသာ ရယ်၏။

"လွမ်းချင်လည်း လွမ်းပါလေ၊ ကို့ဝတ္ထုဆိုရင် အေမီ ကြိုက်မှာပဲ"

အေမီက ပြုံးလဲ့လဲ့နှင့် သူ့ကို ကြည့်နေသည်။

အေမီ့အပြုံးကြောင့် ရင်ခုန်ရသည်။ အေမီ့စကားကြောင့် အားတက်ရသည်။

"အေမီ့ဆီ ခုလို လာတော့ ကို ဝတ္ထုရေး မပျက်ဘူးလား"

"အင်း… ကို့ဝတ္ထု ဆက်ရေး မရလို့ အေမီ့ဆီ လာတာ"

"အို… ဘာဖြစ်လို့"

mgyoe.com

mgyoe.com SAMPLE BOOK

ဖြေစရာတော့ ရှိသည်။ ဖြေကား မဖြေရဲ။

"ကို… မတ်တတ်ကြီး၊ ထိုင်ဦးလေ"

သည်တော့မှ ခုံတန်းရှည်တစ်ဖက်စွန်းတွင် ဝင်ထိုင်သည်။

"ကိုယ် ဘာလို့ ဆက်ရေး မရတာလဲ"

"အင်း… အဲ… ကိုယ် အလှ ဆိုတာကို နားရှုပ်ကုန်လို့"

"အလှ ဆိုတာကို နားရှုပ်ကုန်လို့၊ အလှဟာ နားရှုပ်စရာလား"

သူက အေမှီကို ကြည့်သည်။ အလှကို ကြည့်နေရသည်ဟု ထင်သည်။

မပြုမပြင် နဂိုယဉ်ဟု ဆိုကြသည်။ ဖြစ်နိုင်သည်။ ပြုပြင်လိုက်တော့ ပိုယဉ်သည်။ အနည်းဆုံး လှပြီးသူ ပြုပြင်လိုက်တော့ ပိုလှသည်ပေါ့။

မြို့တွင်း သွားခဲ့သည်ကြောင့် အေမှီက အလှပြင်ထားသည်။ ဝတ်စားဆင်ယင် ထားသဖြင့် ပိုလှသည်။ ကျက်သရေ ရှိသည်။ ပိုတင့်တယ်သည်။ တင့်တယ်သည်။

သူ့ခေါင်းမှာ ကြည်လင်သွားသည်။ သူ့ရင်မှာ ရွှင်လန်းသွားသည်။ ကျေကျေ နပ်နပ် ရယ်လိုက်ပြီးမှ ပြော၏။

"ဒီလို အေမှီ၊ ကိုယ်က ပလေတိုရဲ့ အချစ်အကြောင်း ဆွေးနွေးတဲ့ ဖီလိုဆိုဖီ ကို သွားဖတ်တယ်၊ သူက အဲ…ထား ထားပါတော့၊ သူက ပြောတယ်၊ အချစ်ဆိုတာ ပိုင်ဆိုင် လိုတာတဲ့၊ အချစ်ခံမျှ ပိုင်ဆိုင်လိုတဲ့ အရာကလည်း အလှတဲ့"

"ဟင်…အဲဒီ အဘိုးကြီးတွေက အဲဒါတွေ ဆွေးနွေးတယ်"

"အဘိုးကြီးတွေ ဆွေးနွေးလို့ ထင်တယ်၊ ခွကျကုန်တယ်၊ ပလေတိုက အချစ်ပိုင်ဆိုင်ချင်တဲ့ အလှ ဆိုတာဟာ ကောင်းတာတဲ့"

"ဘာရယ်"

"သဝွတ်ဒ်လို့ ရေးထားတယ်၊ ကောင်းတာကို ဘာသာပြန်ရမှာပေါ့၊ ဒါပေမဲ့ စကားက မလှဘူး၊ အဓိပ္ပာယ်လည်း ချော်တောငေါ့ ထွက်သွားနိုင်တယ်"

"ဒီတော့…"

"ဒီတော့ ကိုယ် နားရှုပ် ခေါင်းရှုပ်ပြီး အေမှီဆီ ထွက်လာတာ၊ အေမှီကို ကြည့်ရင်း ကိုယ် နားလည်သွားတယ်"

"ဘာကို နားလည်သွားတာလဲ"

"အလှ ဆိုတာကို နားလည်သွားတယ်"

"အို…"

"ဟုတ်တယ်၊ အလှ ဆိုတာဟာ တင့်တယ်ခြင်းပဲ၊ တင့်တယ်ခြင်း ဆိုတာကိုလည်း မြင်ဖူးမှ သိမယ်၊ ခံစားဖူးမှ သိမယ်"

အေမှီမျက်လုံးလေးက ပြူးသွားသည်။ နှုတ်ခမ်းနီနီ အငုံလေးက ပွင့်လာသည်။ ပါးလေးများပင် နှင်းဆီရောင် လွှမ်းသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကို ဘာပြောနေတာလဲ"

"ကို အလှကို ဖွင့်ဆိုနေတာ"

"ကို ပိုနေတာ"

"ဘာရယ်..."

"ကို ပိုနေတယ်လို့၊ အေမီဟာ အလှ၊ အေမီဟာ တင့်တယ်ခြင်း၊ အေမီဟာ အလှလို့ ဖွင့်ဆိုခြင်း၊ ဟာ... ဟ"

အေမီက ခုံတန်းလေးမှ ဆင်းသည်။ ပြုံးပြုံးလေးပင် ဆက်ပြော၏။

"ပိုပေမယ့်လည်း အေမီတို့က အပိုလေးတွေ ကြိုက်တတ်ပါတယ်၊ ကဲ... ကိုပိုကြီး လာ၊ အေမီ အချိုရည် ဖျော်တိုက်မယ်"

အေမီနှင့် ယှဉ်တွဲလျက် တိုက်ဆီ လျှောက်လာခဲ့သည်။

အလှနှင့်အတူ လမ်းလျှောက်ခြင်း မဟုတ်ပါ။ မကသေးပါ။

တင့်တယ်ခြင်းနှင့်အတူ လမ်းလျှောက်ခြင်း။

## ( ၃ )

အပြင်ဘက်တွင် ရွက်ဝါတို့ ကြွေနေသည်။

နွေဦး၌ လေရူး မဟုတ်၊ လေပွေပြင်းပြင်းလေး မွှေနေသည်။

လရောင်မှုန်မှုန်တွင် သစ်ပင်တွေက အရိုးကျဲကျဲ၊ ကိုင်းမွဲမွဲနှင့်။

ဆိတ်သုဉ်းသည်။ ဥဩသံပင် ဆိတ်သုဉ်းနေသည်။

မောင်လေးလှိုင်က မင်္ဂလာဆောင်ဖိတ်စာကို ကြည့်သည်။

**မောင်မျိုးဟန် (ဘီအက်စ်စီ)**

**နှင့်**

**သွယ်သွယ် (အေမီ)**

သွားလိုက်သည်။ သဘောထားကြီးကြောင်း ပြလို၍မူ မင်္ဂလာဆောင်ကို သွားလိုက်သည်။

သဘောထား ကြီးပြရသည်မှာ မလွယ်ပါတကား။ နှလုံးသားကို လေထိုးတင်းရခြင်းပါတကား။ လေလျှော့လိုက်မှ နာသည်။ နှလုံးသားတွင်မက ရင်တစ်ခုလုံး နာသည်။

စာရွက်ဖြူပေါ် ရေးထားမိသော ဝေါ်လ်တာလစ်ပ်မင်း၏ စာကို ဖတ်သည်။

'အချစ်နှင့် အခြား ဘာမျှ မဟုတ်ခြင်းတို့သည် မကြာမီပင် အခြား ဘာမျှ မဟုတ်ခြင်း ဖြစ်ကုန်သည်။'

မောင်လေးလှိုင်က ပလေတို၏ စာအုပ်ထူကြီးကို တစ်ချက် ငြူငြူစူစူ ကြည့်သည်။

"ဒီအဘိုးကြီး"

mgyoe.com

mgyoe.com SAMPLE BOOK

ထိုခဏတွင်းပင် သည်အဘိုးကြီး၏ စကားတစ်ရပ်ကို သတိရသည်။

'ပညာ ဆိုသည်မှာ ပါရမီ မင်္ဂလာ၊ ပါရမီ မင်္ဂလာ ဆိုသည်မှာလည်း ပညာ...။'

နောက်တစ်ခဏတွင်မူ မောင်လေးလှိုင်က ရယ်သည်။ အားရပါးရ အော်၍ ရယ်သည်။

'ပညာ ဆိုသည်မှာ ပါရမီ မင်္ဂလာ၊ ပါရမီ မင်္ဂလာ ဆိုသည်မှာ ပညာ...။'

ဟုတ်လိုက်လေ။

မိမိက ယခု ပညာရပြီ။ ပါရမီ-မင်္ဂလာလည်းရပြီ။ မအေမိ ကူညီဖြည့်ဆည်းပေး၍ ပညာကြီး ရလိုက်ပြီ။

အချစ်နှင့် အခြား ဘာမျှ မဟုတ်ခြင်းတို့သည် အမယ်မင်း... အပြီးသတ်ကျတော့ အခြား ဘာမျှ မဟုတ်ခြင်းသာပါတကား။

## ( ၄ )

သည်တစ်ကြိမ်တော့ ပိတောက်တွေ ထိန်အောင် ပွင့်နေသည်။ ဩော်... ပုသိမ်မှာက ရန်ကုန်မှာကဲ့သို့ ပိတောက် မရှား။

ကန်သုံးဆင့်က အင်းလျားနှင့် ဆင်ချင်သည်။ တူတော့ မတူလှ။ ကန်သုံးဆင့်က ရေကန် ပိုပီသသည်။

ကန်စောင်းမြက်ခင်းတွင် ထိုင်ရင်း အနောက်ဘက်သို့ ငေးကြည့်မိသည်။

တောတန်းနှင့် ဝါးရုံတန်းတို့ထက် အနောက်ကောင်းကင်တွင် လိမ္မော်ရောင် အသွေးတို့ ပြေးနေသည်။ မရန်းရောင်လေးက ဟိုတစ်စ သည်တစ်စ စွက်စပြုပြီ။ မိုးဘယ်ကဲ့သို့ ချုပ်သွားသည်ကို ဤနေရာလေးမှ ထိုင်ကြည့်ခဲ့ဖူးသည်။

အစမှာတော့ အဖြူရောင်တွေ၊ ရွှေရောင်တွေ၊ နောက်တော့ လိမ္မော်ရောင်တွေ၊ အဆုံးမတော့ မရန်းရောင်။ ပြီးတော့ လ မရှိလျှင် လုံးဝ မှောင်သွားသည်။

ယခု မရန်းရောင်လေးတွေ ပေါ်စပြုပြီ။ မိုးချုပ်တော့မည်လော။

နှစ်ထပ်တိုက်ဝါကြီးဆီမှ လှဲ့လှဲ့ လာနေသည်ကို လှမ်းမြင်ရသည်။

အနီးရောက်လာတော့ ရပ်ပြီး ကြိုရသည်။

အနီးမှ ပိတောက်ပင်ပျိုက ရွှေဝါပွင့်တွေကို ထိန်အောင် ပန်ထားသည်။ ဩော်... လှဲ့လှဲ့ခေါင်းမှာလည်း ပိတောက်တစ်ခက် နှစ်ခက် ယဉ်ရုံ ပန်ထားသည်။

ပိတောက်နံ့တွေက ကြိုင်သင်းနေသည်။ ဩော်... မယ့်ကိုယ်က မွှေးမြလေသလား။

ရေစပ်မြက်ခင်းမှာ အတူထိုင်ကြသည်။

"ကိုလှိုင် ဘာလို့ အိမ်ကို မလာချင်ရတာလဲ"

"ကိုယ်တို့ ဒီမှာ ထိုင်နေကျပဲဟာ လှဲ့ရယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါပြောတာ မဟုတ်ဘူးလေ၊ ကိုလှိုင် ခုတစ်လော လဲ့တို့အိမ်ကို မလာဘူး"

သူက မဖြေ။

"ကိုလှိုင် ဖေဖေတို့နဲ့ မတွေ့ချင်ဘူး မဟုတ်လား"

"ဦးတို့ကရော ကိုလှိုင့်ကို တွေ့ချင်ကြလို့လား"

"အဲဒီလို မပြောနဲ့ ကိုလှိုင်၊ ဖေဖေကရော၊ မေမေကရော ကိုလှိုင့်ကို မမုန်းပါဘူး"

"ကိုလှိုင့်ကိုတော့ မမုန်းဘူး၊ ကိုလှိုင် လုပ်နေတာတွေကိုတော့ အထင်မကြီးဘူး၊ ဟုတ်တယ် မဟုတ်လား"

"ဒါကတော့ ကိုလှိုင့်ကို ကြီးပွားစေချင်လို့ပါ"

"ခုတော့ ကိုလှိုင်က ဆုတ်ယုတ်နေလို့လား"

လဲ့လဲ့က မဖြေ။ မျက်တောင်ကော့များကို ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ မျက်လုံးများက လဲ့နေသည်။ မျက်တောင်ကော့များမှာပင် တစ်စုံတစ်ရာ လဲ့လာ၏။

"ကိုလှိုင်နဲ့ လဲ့ စကားရည်လုပွဲ မလုပ်ချင်ဘူး၊ လုပ်လည်း နိုင်မှာ မဟုတ်ဘူး၊ လဲ့ဟာ ငယ်ငယ်ကတည်းက ကိုလှိုင့် သူငယ်ချင်းပါ၊ ဖေဖေ၊ မေမေတို့နဲ့ ကိုလှိုင့်မိဘတွေဟာလည်း မိတ်ဆွေတွေပါ၊ ကိုလှိုင့်ကို ချစ်သူတစ်ယောက်အနေနဲ့ရော၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ရော လဲ့မှာ ပြောပိုင်ခွင့်တွေ ရှိတယ်၊ အဲဒါ ပြောခွင့်ပြုပါ"

သူငယ်ချင်း။ နောက် ချစ်သူ။ ဤစကားများကြောင့်မူ ရင်မှာ နင့်ရသည်။

"ပြောပါ လဲ့၊ ဘာမှ ခွင့်တောင်းစရာ မလိုပါဘူး၊ လဲ့ ပြောချင်တာ ပြောပါ"

"ခုနင်က ကိုလှိုင်က ပြောတယ်၊ ဆုတ်ယုတ်နေလို့လားတဲ့၊ စိတ်မဆိုးနဲ့နော်၊ ဟုတ်တယ်၊ ကိုလှိုင် ဆုတ်ယုတ်နေတယ်၊ ကိုလှိုင်နဲ့ လဲ့တို့ တက္ကသိုလ် အတူရောက်ကြတယ်၊ ခု လဲ့က ဘွဲ့ရတော့မယ်၊ ကိုလှိုင်က အင်တာတောင် မအောင်သေးဘူး၊ ကိုလှိုင် မြတ်နိုး လှပါတယ်ဆိုတဲ့ စာရေးဆရာအဖြစ်နဲ့လည်း ကိုလှိုင် ဘယ်လောက် အောင်မြင်လို့လဲ၊ စာရေးဝါသနာပါတာတော့ ပါတာပေါ့၊ ဒါပေမဲ့ စာရေးဝါသနာပါတယ် ဆိုတာက…"

"ဝက်သက်ကျောက်ဖြုတဲ့၊ လူဖြစ်လာရင် ဝက်သက် ကျောက်ဖြုတော့ တစ်ခါ ပေါက်ဖူးရမယ်၊ ဒီလိုပဲ ဘဝမှာ စာရူး ပေရူးတော့ ဖြစ်ဖူးကြတာပဲ၊ လဲ့ဖေဖေ ပြောနေကျ စကားလေ၊ လဲ့လည်း ဒါပဲ ပြောချင်တယ် မဟုတ်လား"

"လဲ့ စကားရည်လုပွဲ မလုပ်ဘူးလို့ ပြောထားတယ် ကိုလှိုင်"

"ကိုလှိုင်လည်း စကားရည်လုနေတာ မဟုတ်ပါဘူး လဲ့"

လဲ့လဲ့က သူ့ကို စေ့စေ့လေး စိုက်ကြည့်သည်။

"လဲ့ တစ်ခု မေးမယ်နော်"

"မေးပါ လဲ့"

"လဲ့ကို ကိုလှိုင် တကယ်ချစ်ရဲ့လား"

"အင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဖြေပါ ကိုလှိုင်"

"မလိုတဲ့ မေးခွန်းပါလား လဲ့ရယ်"

"လဲ့အတွက်တော့ လိုတယ်"

"လဲ့အတွက် လိုတယ်"

"ပွင့်ဦးကြွေမှဖြင့်ရင်တဲ့၊ ကိုလှိုင်တို့ အနုပညာသမားတွေ ပြောကြတာလေ၊ လဲ့ဟာ ကိုလှိုင့် ပွင့်ဦး မဟုတ်ဘူး၊ လဲ့ကို အေမိ့လောက် ကိုလှိုင် ချစ်ရဲ့လား"

သူ ငိုင်ကျသွားသည်။ ဘာကြောင့် လဲ့လဲ့က သည်မေးခွန်း မေးရသနည်း။ သူက လဲ့လဲ့၏ မျက်နှာလေးကို အတန်ကြာ ငေးကြည့်မိသည်။ ချစ်သည် ဆိုခြင်းကို ရှုမဝ ဟူသည့် ပေတံနှင့် တိုင်းလျှင် ရှုမဝပါ။ လဲ့လဲ့ကို ရှုမဝပါ။ ဒါတော့ မိမိသာ အသိဆုံး။

"လဲ့ရဲ့မေးခွန်းကို ကိုလှိုင် မဖြေနိုင်ဘူး"

"ဟင်…မဖြေနိုင်ဘူး"

"ဟုတ်တယ်၊ လဲ့ကို အေမိ့ထက် ချစ်ပါတယ်လို့ ပြောရင် လဲ့ ယုံမလား၊ ကိုလှိုင်ကရော ပြောထိုက်သလား"

"ဘာပြောတယ်၊ ပြောထိုက်သလား၊ ဟုတ်လား"

"ဟုတ်တယ်၊ အချစ် ဆိုတာမျိုးကို နှိုင်းယှဉ်ဖို့က တိုင်းတာဖို့ ပေတံတွေ၊ ချိန်ခွင်တွေ၊ မီတာတွေ ရှိသလား၊ တိုင်းတာစရာမရှိတဲ့ သဘောနှစ်ခုကို ဘယ်လိုနှိုင်းယှဉ်ကြမလဲ၊ တစ်ခါ တစ်ခုက အတိတ်၊ မရှိတော့တဲ့ သဘော၊ တစ်ခုက ပစ္စုပ္ပန်၊ ရှိနေတဲ့ သဘော၊ မရှိတော့တာကို ရှိတာနဲ့ နှိုင်းယှဉ်ကြည့်တာဟာ တရားမျှတပါ့မလား"

"ဒါဖြင့် ကိုလှိုင့် ရင်ထဲမှာ အေမိ မရှိတော့ဘူးပေါ့"

"ဟင့်အင်း…ရှိနေတယ်၊ အတိတ်သဘောအနေနဲ့ ရှိနေတယ်၊ ဩော်… လဲ့ရင်ထဲမှာတောင် အေမိက အတိတ်သဘောအနေနဲ့ ဝင်နေပြီ မဟုတ်လား"

"အဲဒါ ကိုလှိုင် ဘာပြောတာလဲ"

"လဲ့နဲ့ ချစ်ကြတော့မယ် ဆိုကတည်းက ကိုလှိုင် ပြောပြခဲ့တယ်နော်၊ ဟိန္ဒူ စကားပုံလေးတစ်ခု၊ စောင်းကြိုးလေး ပြတ်သွားရင် ပြန်ဆက်လို့တော့ ရတယ်၊ ဒါပေမဲ့ ဖုထုံးလေး ကျန်နေမယ်၊ စောင်းတီးတဲ့အခါမှာ ဒီဖုထုံးလေးကို တို့မိမယ်တဲ့"

လဲ့လဲ့က ဘာမျှ ဝင်မပြော။ အံလေးတော့ မသိမသာ ကြိတ်ထားသည်။

"ဖုထုံးလေးကို မတို့ကြပါစို့နဲ့ လဲ့၊ ပစ္စုပ္ပန်အကြောင်းကို ပြောကြရအောင်၊ ဒီတော့ သံယောဇဉ် ဆိုတဲ့ စကားနဲ့ စကြမယ်၊ သူလည်းပဲ အတိတ်သဘောက အမြစ် စခဲ့တာပဲ၊ ဒါပေမဲ့ သူက ပစ္စုပ္ပန်အထိ အနွယ်တွေတက် အခက်တွေဖြာပြီး အရွက်တွေ ဝေတယ်ကွယ်၊ လဲ့အတွက် ကိုလှိုင့်အချစ်က အဲဒါမျိုးပါ"

လဲ့လဲ့က မျက်လွှာလေး တဖြည်းဖြည်း ပြန်ဖွင့်လျက် သူ့ကို ကြည့်သည်။ မျက်လုံးလေးများကလည်း လဲ့လဲ့ ပြုံးသည်။

mgyoe.com

"ဒါဖြင့် လှဲ့ကို ကိုလှိုင် တကယ်ချစ်တယ်ပေါ့"

"တကယ် မဟုတ်ဘဲနဲ့ လိမ်လို့ ရတာတွေ လောကမှာ အများကြီး ရှိတယ်၊ အဲဒီအထဲမှာ အချစ်ဆိုတာ မပါဘူး"

ဤတစ်ကြိမ်တွင်မူ လှဲ့လှဲ့က သွားလှဲ့လှဲ့လေးတွေ ပေါ်သည်အထိ ရယ်သည်။

"တဖြည်းဖြည်းနှင့် နီး၍ လာသည်၊ ကိုယ့်ကို ချစ်သူသာတကား၊ တဖြည်းဖြည်းနှင့် ဝေး၍ သွားသည်၊ ကိုယ့်မှာ မုန်းသူသာ တကားတဲ့။ မြန်မာစာရေးဆရာကြီးတစ်ဦးက ကာလီဒါသရဲ့ ကဗျာက ဘာသာပြန်ထားတာတဲ့၊ ကိုပဲ ကိုးကားပြခဲ့တာလေ"

"အင်း… ဘာဖြစ်သလဲ"

"နေဦး၊ ကိုလှိုင်ပဲ စပ်ခဲ့တဲ့ သီချင်းတစ်ပုဒ်၊ ချစ်ရင်မဝေး၊ မမုန်းရင်နီးကြပေသမို့၊ မငိုညည်းလေနဲ့ တစ်ပြည်စံ ခင်ရေ၊ ဟုတ်စ"

သူက မဖြေ။

"ကိုလှိုင်"

"အင်…"

"လှဲ့နဲ့ နီးအောင် ကိုလှိုင် ဘာမှ မလုပ်တော့ဘူးလား"

"ကဲ… ဒါဖြင့် လာ၊ သွားမယ်"

"အို… ဘယ်ကိုလဲ"

"ရေဆုံးတဲ့အထိ၊ မြေဆုံးတဲ့အထိ၊ နောက် ဘာတွေကျန်သေးသလဲ၊ အဲဒါတွေ ဆုံးတဲ့အထိ"

"အို… ဒီလိုတော့ လုပ်လို့ ဘယ်ဖြစ်မလဲ"

"နို့… ဘယ်လိုလဲ"

"စကားက ဒုံရင်းပြန်ရောက်ကြပြီ ကိုလှိုင်၊ ကိုလှိုင်လုပ်နေတာတွေ အားလုံး ရပ်ပါ၊ စာရေးတာတစ်ခုတည်း မဟုတ်ဘူး၊ အားလုံး အားလုံး၊ ပြီးတော့ စာပြန်ကြိုးစား စမ်းပါ၊ လွယ်လွယ်နဲ့ သွားရမယ့်လမ်းကို ကိုလှိုင် ခက်ခက် မလုပ်ပါနဲ့"

"လှဲ့ကို သူတို့ သင်ပေးလိုက်တဲ့ စကားတွေ မဟုတ်လား"

"ကိုလှိုင် ဒီလို စိမ်းစိမ်းကားကားတွေ မပြောနဲ့၊ စေတနာတွေကို ဝေဒနာ မလုပ်နဲ့၊ ဟုတ်တယ် သူတို့က သင်ပေးတယ်၊ လှဲ့က ယုံကြည်တယ်"

"ဒါဖြင့် ကိုလှိုင်လည်း ကိုလှိုင့် ယုံကြည်ချက် ပြောမယ်"

"ပြော"

"ဝေဿန္တရာမင်းကြီးဟာ ဝင်္ကပါတောင်ကို သွားရမယ်ဆိုတော့ မဒ္ဒီကလည်း လိုက်မယ် ဖြစ်တယ်၊ အဲဒီအခါ သိဋ္ဌည်းမင်းကြီးက တားတယ်၊ တောလယ်မြိုင်ချာ၊ ဝင်္ကပါသို့၊ ညက်ပြာနွဲ့ချော၊ မလိုက်လေနှင့်၊ သားရေနနယ်၊ ရွယ်လည်းပျို့မျစ်၊ ပန်းပွင့်သစ်သို့၊ မညစ်မညျိုး နှန်းသူဖွယ်ရာ၊ နံ့သာပျံ့မွှေး၊ ကိုယ်နှင့်ဆေးလျက်၊ ပြကြေးတင်လျှော၊ မကြိုက်လေနှင့်"

mgyoe.com

 mgyoe.com SAMPLE BOOK 

ရှေ့သို့ ဆက်ရန် သူ ခေတ္တနားခိုက် လဲ့လဲ့က ဝင်ဆိုသည်။

'စိမ်းရွှေညိုလွင်၊ ဖြူစင်ခြယ်သန်း၊ သွယ်သွယ်ဆန်းသား၊ ဆေးစွန်းပြောက်စုံ၊ ကောင်ဋ္ဌမ္ဘရစ်၊ ခေါမဖြစ်ဘိ၊ အသစ်စိစဲ၊ ဝတ်ပြီးရဲမှ၊ နှပဲမိတောက်၊ သစ်ခေါက်ဆွတ်ဖျန်း၊ ဖန်ရည်စွန်းသား၊ သင်္ကန်းလျှော်တေ၊ မကြိုက်လေနှင့်''

သူက လဲ့လဲ့ကို စိုက်ကြည့်၏။ လဲ့လဲ့က ပြုံးပြီး တိုက်တွန်းသည်။

''ပြောလေ…ဆက်ပြော''

အနည်းငယ် စိတ်တွင်း ကသိကအောက် ဖြစ်သွားသော်လည်း ပြောလက်စ ရှိနေ၍ ဆက်ပြောနေရတော့သည်။

''မဒ္ဒီဟာ တောလယ်မြိုင်ချာကို လိုက်ခဲ့ပါတယ်၊ ပြကြေးတင်လွှေကို ကြိုက်ခဲ့ပါတယ်၊ သင်္ကန်းလျှော်တေကို ကြိုက်ခဲ့ပါတယ်၊ ဒါ…ဒါပဲ''

''ဒါပေမဲ့… ဝေဿန္တရာဟာ ဘုရားအလောင်း၊ သူတို့ ဝင်္ကပါတောင် မရောက်ခင်ကတည်းက ဝိသကြုံက တောသန့်ပြီးပြီ၊ ကျောင်းသင်္ခမ်း ဆောက်ပြီးပြီ''

''ဒါပေမဲ့ သူတို့ ထွက်လာစဉ်က ဝိသကြုံကိုလည်း မသိဘူး၊ ကျောင်းသင်္ခမ်း ဆောက်ပြီးတာလည်း မသိဘူး''

''ဒါပေမဲ့ သူတို့က အရင့်အမာတွေ၊ သူတို့ကိုယ် သူတို့ သိတယ်၊ သူတို့ ဘာလုပ်နေတယ် ဆိုတာ သူတို့ သိတယ်''

''ကိုယ်တို့ရော၊ ကိုယ်တို့ အတိုင်းအတာနဲ့ ကိုယ်တို့ကိုကိုယ်တို့ မသိနိုင်ဘူးလား''

''ကိုယ်တို့ ဆိုတာကို မပြောနဲ့၊ ကိုလှိုင်ဟာ ကိုယ့်ကိုယ်ကိုယ်တောင် မသိသေးဘူး၊ ကိုယ် အခု ဘာပြောနေတယ် ဆိုတာ ကိုယ်သိသလား''

''ကိုယ် ဘာပြောနေသလဲ''

''မေးလ်ရှိုးဗင်နစ်ဇင်း''

''ဘာရယ်''

''ကိုလှိုင်… ကိုလှိုင့် အပေါင်းအသင်းတွေ အတော် ခံတွင်း တွေ့ကြတဲ့ စကားလေ၊ ရှိုးဗင်နစ်ဇင်း၊ ကိုလှိုင်တို့က မေးလ်ရှိုးဗင်နစ်ဇင်းကိုတော့ မပြောဘူး၊ ဘယ် ပြောရဲကြမလဲ၊ ယောကျ်ား မာနကြီးဝါဒလို့ လဲ့က ဘာသာပြန်ထားတယ်''

''ယောကျ်ား မာနကြီးဝါဒ''

''ဟုတ်တယ်၊ အချစ်ဆိုတာ ဘာလဲ၊ သစ္စာရှိတယ် ဆိုတာ ဘာလဲ၊ သစ္စာမဲ့တယ် ဆိုတာ ဘာလဲ၊ အဲဒါတွေကို ကိုလှိုင်တို့ကပဲ အနက်ပေး ဖွင့်လိုက်မယ်၊ ဒီအခွင့်အရေးဟာ ကိုလှိုင်တို့မှာပဲ ရှိတယ်၊ လဲ့တို့မှာ မရှိရဘူး၊ မိန်းမတွေမှာ မရှိရဘူး၊ ဟုတ်စ… ကိုလှိုင်''

သူ ငိုင်ကျသွား၏။ ဘယ်သို့ ပြန်ချေပရမှန်း မသိ။

လဲ့လဲ့က နေရာမှ ထလိုက်သည်။

mgyoe.com

“လဲ့ကို ခွင့်လွှတ်ပါ၊ လဲ့တို့ဟာ သူငယ်ချင်းပါ၊ ကိုလှိုင်ပဲ ပြောခဲ့တယ်၊ သူငယ်ချင်းမှာ ဘယ်သူမှ မရှိတဲ့ အခွင့်အရေး ရှိတယ်တဲ့၊ အဲဒါဟာ… ရန်ဖြစ်ခွင့်တဲ့၊ ဒီနေ့ ကိုလှိုင်နဲ့ လဲ့ ရန်ဖြစ်တယ်”

ဤသည်ကိုတော့ ဝမ်းနည်းပန်းနည်း ပြန်ဖြေရ၏။

“လဲ့နဲ့ ကိုလှိုင် ရန်မဖြစ်ပါဘူး”

“ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ လဲ့ တစ်ခု ပြောပါရစေဦး”

“ပြောပါ”

“ကိုလှိုင်ဟာ ကောင်းကင်က တိမ်တိုက်တွေကြားမှာ နေတယ်၊ မြေပြင်ကို ဆင်းခဲ့ပါ၊ မြေပြင်မှာ လဲ့ စောင့်နေပါ့မယ်၊ အချစ်ဆိုတာဟာ ကောင်းကင်က တိမ်တိုက်တွေထဲမှာ မရှိဘူး၊ မြေပြင်မှာသာ ရှိတယ်”

ပြုံးပုံ။ မလဲ့လဲ့တို့ ပြုံးပုံ။ လှသည်။ သို့ရာတွင် ဘာအပြုံးနည်း။

လာတုန်းက တစ်ဦးတည်း လာသကဲ့သို့ပင် ယခုလည်း လဲ့လဲ့က တစ်ဦးတည်း ပြန်သွားသည်။

ကောင်းကင်ဆီ မော့ကြည့်လိုက်တော့ ခရမ်းရောင် ကမ္ဗလာက လွှမ်းနေပြီ။

‘အချစ်ဆိုတာဟာ ကောင်းကင်က တိမ်တိုက်တွေထဲမှာ မရှိဘူး၊ မြေပြင်မှာသာ ရှိတယ်’

ရလိုက်ပြန်ချေပြီ… အချစ်ဒဿနတစ်ခု။ အဘိုးကြီး ပလေတို၏ ဒဿနထက်တော့ ရှင်းသည် ထင်းသည်။

သို့ရာတွင်… မြေပြင်ဆိုတာက ဘာလဲ။ လဲ့ရယ်… မြေပြင်ဆိုတာက ဘာပါလဲ။

## ( ၅ )

ဤအဆောက်အအုံကို မန်းနီးဘေလ်ဒင်းဟု ခေါ်သည်။ မန်းနီးဆိုသည်မှာ လူနာမည်လော၊ ပိုက်ဆံကို ပြောသလော။ ပိုက်ဆံကို ပြောသည်ဆိုလျှင် ပိုဆီလျော်မည်။ ဤအဆောက်အအုံပေါ်မှ ပိုက်ဆံကိစ္စအားလုံးကို ကိုင်သည်။

လက်ထောက်မင်းကြီး၏ စားပွဲရှေ့တွင် ရပ်နေရသည်။ သည်မင်းကြီးက ဝတ္ထုထဲ၌ ဖော်ပြသော မင်းကြီးပုံ မရှိ။ မြန်မာလည်း မဟုတ်။ သူ့နာမည်က ရာဂျာချန်ဒရာ။ ပါဠိသံနှင့် ထွက်လိုက်လျှင် ရာဇာစန္ဒရာ။ အခုံသား။ သို့ရာတွင် လူက ပိန်ခြောက်သည်။ အသားက မည်းသည်။ သည်တော့ သွားတွေက ဖြူသင့်သည်ထက် ပိုဖြူသည်။

အမွေးထူလှသော လက်ဖျံပေါ်မှ လက်ပတ်နာရီကို လက်ညှိုးနှင့်ထောက်ပြပြီး ရာဂျာက ဆူနေ၏။

“ရေးသောက်တယ်၊ အဖုံဖွင့်တယ်၊ တစ်ရှက္ကန့်၊ ခပ်ထဲ၊ နှစ်ရှက္ကန့်၊ ပကျွပ် ရှီးပိုးတယ်၊ တစ်ရှက္ကန့်၊ မျိုးရှတယ်၊ တစ်ရှယ်ရှက္ကန့်၊ ဘဲလောက်ရှိဒလဲ”

mgyee.com

"ပါဒန်း… ဆာ"

သူ့စကားကို ကောင်းစွာ နားမလည်သဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောရန် တောင်းပန်လိုက်သည်။

သည်တော့မှ သူက တစ်ချက်ကြည့်ပြီး အင်္ဂလိပ်ဘာသာဖြင့် မေး၏။

"အိုး… ယူ စပိခ် အင်းဂလိရှ်"

ဤသည်ကတော့ စော်ကားသည် ထင်သည်။ ရှိစေတော့။

"ရက်စ်ဆာ"

ထိုအခါမှ ရာဂျာသည် အင်္ဂလိပ်ဘာသာနှင့် ကြိမ်းတော့သည်။

"မင်း ရေသောက်တာကို ငါ ပြောနေတာကွ၊ ရေတစ်ခါသောက်ရင် ဘယ်လောက် ကြာတယ်ဆိုတာ ငါ တိုင်းထားတယ်၊ ဆယ့်သုံးစက္ကန့်၊ အလွန်ဆုံး ဆယ့်ငါးစက္ကန့်၊ မင်း ရေသောက်တာ နှစ်မိနစ်တိတိ ကြာတယ်၊ ဘာပြောချင်သလဲ"

"မင်းကြီးက သေချာသူပါ၊ မှန်ပါလိမ့်မယ်၊ ကျွန်တော် ဘာမှ ပြောစရာ မရှိပါဘူး"

"ခိုးတယ် ဆိုတာ မကောင်းဘူး"

"ခင်ဗျာ…"

"မင်း အချိန်ကို ခိုးနေတယ်၊ ဒါကို သိရဲ့လား"

"ကျွန်တော် ဒီထိအောင် လေးလေးနက်နက် မစဉ်းစားမိဘူး၊ ခွင့်လွှတ်ပါ၊ နောင် မဖြစ်စေရပါဘူး"

ရာဂျာက စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ငုံ့ကြည့်၏။

"မင်း ဟိုနေ့က လစာ ချက်တွေ ရေးတယ်၊ သုံးရွက် ပျက်တယ်၊ လေးငါးရွက်မှာ မင်နီသားပြီး ဖြည့်စွက်ပြင်ရတယ်၊ ဖော်တိန်ဖိုတင်းကို မင်း ခွဲခြား မရေးတတ်ဘူးလား"

"ဂရုစိုက်လွန်းလို့ မှားမိတာပါ၊ သဘာဝအတိုင်းရေးရင် မှားချင်မှ မှားပါမယ်၊ နောင်ကို အမှား မရှိအောင် ကြိုးစားပါမယ်"

ရာဂျာက စာရွက်ကို ငုံ့ကြည့်ပြန်၏။

"အောက်ရုံးတစ်ရုံးက ငွေစာရင်းမှာ ပိုက်ဆံ ဆယ်ပြားကွာနေလို့ ရုံးအုပ်က မင်းကို ထုချေလွှာ ဆင့်ခိုင်းတယ်၊ မင်းက လျှာရှည်တယ်၊ ကွာတာက ဆယ်ပြားတည်း၊ ဒီက စာပို့ခကတင် ဆယ့်ငါးပြား၊ တို့က ထုချေချက် ပြန်ပို့တော့ ဆယ့်ငါးပြား… ပြားသုံးဆယ် ကုန်သွားပြီ၊ ရေးတဲ့ ချွတ်တဲ့ လုပ်အားတန်ဖိုးတွေ ထည့်တွက်…ရှုံးနေပြီ၊ မင်း ဒီလို ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့…အရပ်တွေး တွေးပြီး ပြောမိခဲ့ပါတယ်"

"ဒီကိစ္စက မူကိစ္စကွ၊ ဆယ်ပြားကိစ္စ မဟုတ်ဘူး၊ ဥပဒေ စည်းမျဉ်းနဲ့ လုပ်နေတဲ့ နယ်ပယ်မှာ အရပ်တွေး တွေးတာတွေ ဝင်မရှုပ်ပါနဲ့"

"ကျွန်တော် နောင်ကို ဆင်ခြင်ပါမယ်၊ ရုံးကိုလည်း တောင်းပန်ပြီးပါပြီ"

mgyoe.com

SAMPLE BOOK

ရာဂျာ၏ တင်းသော မျက်နှာသည် လျော့သွား၏။

"ဒါထက် မင်း ဂျူနီယာဘီအေ အောင်သွားပြီဆို"

"မှန်ပါတယ်"

"စာလေး ပေလေးလည်း ရေးတယ်ဆို"

"မှန်ပါတယ်"

"တို့ရုံးမှာ စာရေးတဲ့ တခြားတစ်ယောက်လည်း ရှိသေးတယ်၊ သူက ရယ်စရာတွေ ရေးတယ်၊ မင်း သိလား"

"သိပါတယ်၊ ကလောင်နာမည် မှင်စာလေးပါ၊ ကျွန်တော့်သူငယ်ချင်းပါ"

"အေး… သူက ရုံးတွင်း စာမေးပွဲတွေလည်း အောင်တယ်၊ ဘီအေလည်း အောင်တယ်၊ အခု သူ ဒုတိယ လက်ထောက်မင်းကြီး ဖြစ်တော့မယ်"

"ဟုတ်ကဲ့"

"မင်း စာရေးတော့ ဘာရေး"

"ဝတ္ထုပါ"

"အေးလေ… ဘာအမျိုးအစားလဲ"

"ဘဝ…"

ဤသည်ကိုတော့ ကြီးကြီးကျယ်ကျယ် ဖြေမိ၏။

"ဘဝ ရေးတယ်ဆိုတော့ မင်း ဘဝဆိုတာကို ကောင်းကောင်း နားလည်သလား"

"ဟုတ်ကဲ့… အခု နားလည်စပြုပြီ ထင်ပါတယ်"

"အေး… နားလည်အောင် ကြိုးစားပါ၊ အလုပ်လည်း ကြိုးစားပါ၊ မင်းလည်း တစ်နေ့ လက်ထောက်မင်းကြီး မဖြစ်လာဘူးလို့ မသိနိုင်ဘူး၊ တို့ ပင်စင်နီးပြီ၊ ပင်စင်ရရင် တို့ပြည် တို့ပြန်တော့မယ်၊ မင်းတို့လို ပညာတတ်လေးတွေကို ကြီးပွားစေချင်တယ်"

တော်ပါသေး၏။ ရာဂျာသည် နာမည်ကြီးသလောက် မဆိုး။

ရာဂျာကို ရိုသေစွာ နှုတ်ဆက်ခဲ့ပြီး လမ်းတစ်ဖက်ရှိ မိမိရုံးဆီ ပြန်လာခဲ့၏။

မိမိ ရုံးခန်း စားပွဲဆီ ရောက်သောအခါ ရုံးဆင်းချိန် ရောက်ပြီ။

အထက်တန်းစာရေးကြီးနှစ်ဦးက မြင်းပွဲတစ်ကြို စာအုပ် နှစ်အုပ်နှင့် ခေါင်းချင်းဆိုင် နီးနှောနေကြသည်။ သြော်…ယနေ့မှ ထုတ်ရသော လခလေးများ တနင်္ဂနွေတွင် ကုန်ကြမည် ထင်သည်။

ပစ္စည်းလေးများ သိမ်းပြီး 'တီဖိုး' ဟုခေါ်သော မိမိ၏ ဌာနခွဲရုံးခန်းမှ ထွက်၍ အထက် တတိယထပ်သို့ တက်လာခဲ့၏။

အချိန်မီသေး၏။

နွယ်က လက်ဆွဲကြိမ်ခြင်း လေးထောင့်လေးကို ကိုင်တွယ်လာသည်။ ခြင်းတောင်း တွင်းမှာ ထမင်းချိုင့်လေးနှင့် ဓာတ်ဘူးအသေးလေးတစ်လုံး ပါသည်။

mgyee.com

mgyoe.com SAMPLE BOOK

"တော်ပါသေးရဲ့၊ လစာထုတ်တဲ့နေ့မို့ နွယ် စောစောများ ပြန်သွားပြီလား အောက်မေ့တာ"

"ကိစ္စရှိလို့လား ကိုလေးလှိုင်"

သူက အိတ်တွင်းမှ ဆယ်တန်တစ်ချပ်ကို ထုတ်ပေး၏။

"ဘာလဲ"

"ဒီနေ့ လခထုတ်တဲ့ နေ့လေ၊ နွယ့်ဆီက ချေးထားတဲ့ငွေ ပြန်ဆပ်တာ"

"သြော်··· နွယ် သတိ မရပါဘူး၊ ပြန်ဆပ်နေဖို့ မလိုပါဘူး ကိုလေးလှိုင်"

"ဟာ··· ချေးတုန်းက ချေးပြီး ပြန်ဆပ်ရမှာပေါ့"

"နွယ်က ချေးလိုက်တာ မဟုတ်ဘူး၊ အချင်းချင်းကူညီတာ၊ ချေးတာ ငှားတာကို နွယ် အယုံအကြည် မရှိဘူး၊ ပြန်မပေးပါနဲ့ ကိုလေးလှိုင်"

သူ့ရင်တွင်းမှာ တစ်မျိုးတစ်မည် အောင့်သွား၏။

"ဘာလဲ၊ နောက်တစ်ခါ ကျွန်တော် ထပ်မချေးဝံ့အောင်လား"

နွယ်၏ မျက်နှာလေး တင်းသွားသည်။ မေးရိုးလေးများ ပိုထင်လာ၏။

"နွယ့်စေတနာကို မစော်ကားပါနဲ့ ကိုလေးလှိုင်၊ နွယ်က ပိုက်ဆံ မချေးဘူး၊ ဘယ်သူ့ကိုမှ မချေးဘူး၊ ရှိနေလို့ ပေးနိုင်ရင် ပေးလိုက်တာပဲ၊ မပေးနိုင်ရင် မပေးဘူး၊ နောက်တစ်ခါ ကိုလေးလှိုင် ငွေလိုရင် လာပါ၊ နွယ့်မှာရှိရင် ပေးဦးမှာပါပဲ၊ မရှိရင်တော့လည်း မရှိဘူး ကိုလေးလှိုင်ရေလို့ နွယ် ဒီလိုပဲ ပြောမှာပါ"

သူ ရှက်သွား၏။ မိမိ၏ စိတ်က အောက်တန်းကျသည်ဟု ထင်သည်။

ငွေစက္ကူကို အိတ်တွင်း ပြန်ထည့်လိုက်ပြီး ကလေးမ၏ မျက်နှာကို ကြည့်သည်။

သည်လိုတော့လည်း ကလေးမက ပြုံးနေပြန်သည်။

"နွယ် အိမ်တန်းပြန်မလား"

"အင်း···"

"လာလေ···သွားကြမယ်"

နွယ်က ရေကျော် မြောင်းကြီးလမ်းမှာ နေသည်။ မိမိက ၅၁ လမ်းက ဆရာသမား တစ်ဦး၏ မလည်တော့ပြီဖြစ်သော ပုံနှိပ်စက်တစ်စက်၌ ကပ်နေသည်။ သည်တော့ လမ်းကြုံ ခရီးတူကြသည်။ သူနှင့် နွယ်က ပန်းဆိုးတန်းဘက်မှ ထွက်ခဲ့ကြပြီး မဟာဗန္ဓုလ လမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လျှောက်ကြသည်။

မေလ၏ နောက်ပိုင်းရက်မှာ မိုးက ညိုညို အုံ့သည်။ ရွာတော့ မရွာသေး။ ရွာချိန်တော့ တန်လေပြီ။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ အရောက်၌ သူက ဆာသယောင် ရှိလာသည်။

"နွယ်···လက်ဖက်ရည် သောက်ကြမလား"

"ဒီအချိန် လက်ဖက်ရည်သောက်တော့ ထမင်းစား ပျက်လိမ့်မယ်"

mgyoe.com

“နွယ်ရယ်၊ လက်ဖက်ရည်တစ်ခွက်လောက်နဲ့ ကျွန်တော်တို့ အရွယ်တွေဟာ ထမင်းစား မပျက်နိုင်ပါဘူး”

“ကိုလေးလှိုင် သောက်ချင်တယ်ပေါ့”

“အင်း...”

“သောက်လေ”

လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ကြသည်။

သည်ဘက်က အိန္ဒိယသားတို့၏ ရပ်ကွက်ကဲ့သို့ ဖြစ်နေသည်။ ဆိုင်ကလည်း အိန္ဒိယလူမျိုးဆိုင်၊ ဆိုင်တွင်းမှာကလည်း လူများများ မရှိ။ ရှိသမျှကလည်း မြန်မာ မဟုတ်ကြ။ လက်ဖက်ရည်သောက်ရင်း နွယ်က မေးသည်။

“ကိုလေးလှိုင်ကို ရာဂျာ ခေါ်တယ်ဆို”

ရုံးတွင်းသတင်းက အမြန်သား၊ နွယ် မေးဟန်နှင့် မျက်နှာထားက ပူပန်မှု ရိပ်ရိပ်ပြနေသည်။

“အင်း... ခေါ်ကြိမ်းတာပါ”

“ဘာဖြစ်လို့လဲဟင်”

“ကျွန်တော့် အပြစ်ပါပဲလေ၊ ဒီဘက်ပြတင်းဝနားက ရေအိုးစင်မှာ ကျွန်တော် ရေသောက်တယ်၊ ပြီးတော့ အပြင်ကို ငေးမိတယ်၊ အဲဒါ သူ့ရုံးခန်းကနေ လှမ်းမြင်သွားတယ်၊ သူ့နာရီ ကြည့်ထားတယ်၊ နှစ်မိနစ် ကြာတယ်တဲ့၊ ပြီးတော့ တခြား အပြစ်တွေ လည်း ထောက်ပြပြီး ဆုံးမတယ်”

“ဆုံးမတယ်”

“ဟုတ်တယ်၊ ရာဂျာက မဆိုးပါဘူး”

“အဲဒီလို ပြောတာ ကိုလေးလှိုင် တစ်ယောက်ပဲ ရှိသေးတယ်”

“သူ့ဘက် ကိုယ့်ဘက် ကြည့်ရမယ်လေ၊ ကျွန်တော့်မှာက အပြစ်တွေ ရှိနေ တယ် မဟုတ်လား”

“ဘာအပြစ်တွေလဲဟင်”

“အပြစ်ဆိုတာထက် ချို့ယွင်းချက်လို့ ပြောရမယ်ထင်တယ်၊ ချို့ယွင်းချက် ကလည်း ကျွန်တော့် စရိုက်ကြောင့်ပဲ၊ ကြည့်လေ၊ ရေသောက်ပြီး အပြင်ကို ငေးမိတယ်၊ အပြင်မှာကလည်း ဘာမှ ထူးထူးဆန်းဆန်း မရှိဘူး၊ ပလက်ဖောင်းပေါ်မှာ လျှောက်နေ တဲ့ လူတွေ၊ ဒါပေမဲ့ ကျွန်တော် ကြည့်တယ်၊ ဟိုတစ်နေ့က ချက်တွေ ရေးတော့လည်း အမှားမှား အယွင်းယွင်းတွေ ရေးမိတယ်၊ ဖောင်တိန်နဲ့ စက္ကူတွေ့ရင် ဂဏန်းတွေ မရေးချင်ဘူး၊ စာလုံးလေးတွေ ရေးချင်တယ်၊ ဒါပေမဲ့ အခု ကိုယ်က ဂဏန်းရေးရတဲ့ အလုပ် ဝင်လုပ်နေတယ်၊ စရိုက် မပြင်မိဘူး၊ ဒီတော့ ကျွန်တော်ဟာ မစ်စ်ဖစ်တ်ပေါ့”

“ရှင်...”

mgyoe.com

"မစ်စ်ဖစ်တ်၊ ဒီလောကနဲ့ အံမဝင် ခွင်မကျတဲ့ လူတစ်ယောက်"

"အိုး… အဲဒါတော့ မဟုတ်ပါဘူး ထင်တယ်"

"ဘာပြုလို့"

"ကိုလေးလှိုင်နဲ့ နွယ် သိကျွမ်းခင်မင်လာတယ်လေ၊ ကိုလေးလှိုင်က တခြားလူတွေလိုပါပဲ၊ ဟိုသင်းလေ ယဉ်ယဉ်ကျေးကျေး ကောင်းကောင်းမွန်မွန်ပဲဟာ"

သူက နွယ့်မျက်နှာလေးကို ကြည့်သည်။

ကလေးမ၏ မျက်နှာလေးက နုနယ်သေးသည်။ အပြစ်ကင်းပြီး ရိုးသား စင်ကြယ်သည်။ မိမိအောက် ခြောက်နှစ်၊ ခုနစ်နှစ်ခန့် ငယ်မည် ထင်သည်။

နက်မှောင်သော ဆံပင်များကို အထူးပြုပြင်မထား။ ရိုးရိုးလေးပင် ထုံးထားသည်။ နားသယ်ဆီမှ ကျလာသော ဆံလျှဉ်နုလေးများသည် ပါးထက်မှ အကြောစိမ်းလေးများနှင့် ရှိန်းရှိန်းမြမြလေး သွားဆက်စပ်နေသည်။

သည်ကလေးမ၏ မျက်နှာလေးကို ယခင်က စေ့စေ့စပ်စပ် မကြည့်မိ။ ယခုမှ ကြည့်မိသည်။

မြတ်စွာဘုရား။ မျက်တောင်များက ကော့သည်။ အသားလေးက ဝါသည်။ ဘာမျှ ဆန်းဆန်းကြယ်ကြယ် ခြယ်သမထားသဖြင့် အသားဝါလေး၏ ညက်ညောမှုမှာ ပိုမိုထင်ရှားနေသည်။

သူက ဝမ်းနည်းစွာနှင့် မျက်လွှာချလိုက်၏။

လှပသော ပန်းဝါဝါလေးတွေသည် ပန်းဝါဝါလေးအတိုင်းပဲ ရှိပါစေ။ ပိတောက်ပန်းလို အပင်မှာပဲ ရှိပါစေ။ နွမ်းကြေအောင် ခေါင်းမှာ မဆင်ကြပါနှင့်။

"ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေး ကောင်းကောင်းမွန်မွန်ပဲလို့ နွယ်က ပြောလို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ယဉ်ကျေး ကောင်းမွန်ခြင်းနဲ့ အံမဝင် ခွင်မကျတာက မဆိုင်ဘူး"

"ဘာပြုလို့"

"အံမဝင် ခွင်မကျတာက စိတ်ရဲ့ အခြေအနေတစ်ခုပါ၊ ဒီတော့ သူ မမြင်ဘူး၊ တစ်ပါးသူ မမြင်ဘူး"

"ကိုယ့်ဘဝကို ကိုယ် ကျေနပ်တာကို ပြောတာလား"

"အင်း…အဲဒီလို ပြောလည်း ရတယ်"

"ကိုလေးလှိုင်က ကိုယ့်ဘဝကို ကိုယ် မကျေနပ်ဘူးပေါ့"

သူက ခေါင်းခါပြသည်။

"ဘာပြုလို့"

နွယ်က စူးစမ်းသည်။ ထူးထူးဆန်းဆန်း လူကလည်း စကားတွေ ပြောချင်နေသည်။ သည်ကလေးမလေးကို ပြောပြချင်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK
"လဲ့လဲ့ ဆိုတဲ့ မိန်းကလေးတစ်ဦးက ကျွန်တော့်ကို ပြောဖူးတယ်၊ ကျွန်တော်ဟာ ကောင်းကင်က တိမ်တိုက်တွေထဲမှာ နေတယ်၊ မြေပြင်ကို ဆင်းခဲ့ပါတဲ့၊ မြေပြင်မှာ သူ စောင့်နေပါတယ်တဲ့"

နွယ်က နားထောင်နေသည်။ မျက်လွှာလေးကိုတော့ ချထား၏။

"လဲ့… အလဲ့… လဲ့လဲ့က အရေးပိုင်သမီး၊ သူက ဘွဲ့ရတယ်၊ ကျွန်တော့်ကို အများတကာလိုပဲ ကျောင်းတက်၊ ဘွဲ့ယူ၊ အရာရှိလုပ်၊ အဲဒါကို သူက မြေပြင်လို့ ခေါ်တယ်၊ ကျွန်တော်က စာရေးဆရာ ဖြစ်ချင်တယ်၊ ဒါကို လဲ့က ကောင်းကင်က တိမ်တိုက်လို့ ခေါ်တယ်၊ ကျွန်တော့်အတွက်တော့ အဲဒါက မြေပြင်"

နွယ်က မျက်လုံးလေး လှန်ကြည့်သည်။ ခေါင်းလည်း ညိတ်ပြ၏။

"ကျွန်တော်က ကျွန်တော် ယုံကြည်တဲ့ မြေပြင်ကို ကျွန်တော် ရွေးချယ်ခဲ့တယ်၊ မြေကြီးရဲ့ သူရဲကောင်းကြီးလို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ လေလွင့်နေသော သတို့သားကြီး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရတယ်"

"ရှင်…ဘာရယ်"

"လေလွင့်နေသော သတို့သားကြီး"

"အဲဒါ ဘာပြောတာလဲ"

"မိမရှိ ဖမရှိ၊ ဆွေမရှိ မျိုးမရှိ၊ ချစ်သူမရှိ၊ အလုပ်မရှိ၊ ငွေမရှိ၊ ဘာမှ မရှိတဲ့ မြေကြီးပေါ်မှာ လျှောက်သွားနေတဲ့ လူတစ်ယောက်"

"ဟို… ဟို… လဲ့… လဲ့လဲ့ကရော"

"သူ လက်ထပ်သွားပါပြီ"

"အို…"

လဲ့လဲ့ကို သတိရတော့ အတိတ်ကို သတိရသည်။ အဲသည်တုန်းက ဆန်းကဖီး၊ ကွန်တီနင်တယ်လ်၊ အိုးရီရင့်။ သည်ဆိုင်မျိုးတွေမှာမှ နှစ်ယောက် ထိုင်ကြသည်။ ယခုလို သာမန် ကုလားလက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ထိုင်ရန် စိတ်ကူးမယဉ်ဖူးခဲ့။

လဲ့လဲ့ ဆိုလျှင် ဝတ်စားဆင်ယင်ထားသည်မှာ အမြဲတမ်း ဖိတ်ဖိတ်လဲ့လဲ့နေသည်။ ယခု မိမိရှေ့မှ နွယ်ကမူ သာမန် ရိုးတက် ရိုးဆင်း အဝတ်အစားနှင့်။ နိုင်လွန်အမျိုးမျိုး ကြိုးစားဝတ်နေသည့် ခေတ်တွင် သည်မိန်းကလေးက ရှုဘီယာရုံသား ပိတ်အင်္ကျီလေးကို ဝတ်ထား၏။ နံ့သာရောင်လေး ဖြစ်သောကြောင့် သူ့အသားလေးနှင့်သော် လိုက်ဖက်၏။

နွယ်က မေး၏။

"ကိုလေးလှိုင်မှာ မိဘလည်း မရှိတော့ဘူးပေါ့"

"ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ဒဏ်ခတ်ထားကြတယ်"

"နွယ် ကိုလေးလှိုင် စိတ်ဆင်းရဲမယ့်ဟာတွေ လျှောက်မေးမိနေသလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း… အခုလို ပြောရတော့ ကျွန်တော် စိတ်သက်သာရာ ရတယ်၊ တကယ်တော့ ကျွန်တော့်မှာ ပြောပြစရာ လူတောင် မရှိခဲ့ပါဘူး၊ တချို့ကို ပြောကြည့်တော့ ငရူးတဲ့၊ ငကြောင်တဲ့၊ အမှန်တော့လည်း ဟုတ်တယ်၊ ဝါသနာအတိုင်း စိုက်စိုက်မတ်မတ် လုပ်တဲ့လူဟာ အောင်မြင်သွားရင်တော့ ထူးတယ်လို့ အချီးမွမ်းခံရတယ်၊ မအောင်မြင်ရင်တော့ ရူးတယ်လို့ သမုတ်ကြတယ်"

"နွယ်ကတော့ အဲဒီလို မပြောချင်ပါဘူး၊ ဝါသနာ ဆိုတာက ခက်သားလား၊ ဝါသနာကို မတားနဲ့တော့ရှင်လို့ သီချင်းတောင် ရှိသေးတယ် မဟုတ်လား"

"ဟုတ်တယ်၊ လေဘာတီမမြရင် ဆိုသွားတာ အနုပညာရှင်တစ်ဦးက ဆိုသွားတာ၊ ဒါတောင် လူတွေ အပြည့်အဝ နားလည်ကြရဲ့လား မသိဘူး၊ ဩော်… နွယ့်ကို မေးမယ်နော်၊ ဝါသနာဆိုတာ ဘာလဲ"

နွယ်က ရယ်သည်။

"ဝါသနာဆိုတာ အဲ… အဟင်း… ဝါသနာပေါ့"

"နွယ်က ရိုးရိုးသားသား ဖြေတယ်၊ ဟုတ်တယ်၊ ဝါသနာဆိုတာက ဝါသနာပဲ၊ လူတွေအများစုက ဒီလိုပဲ နားလည်ထားကြတယ်၊ ကျွန်တော်လည်း အစက ဒီလိုပဲ နားလည်ထားတယ်၊ နောက်တော့မှ သိလာတယ်၊ ဝါသနာ ဆိုတာဟာ လောကမှာ အလွန် အင်အားကြီးတဲ့ သဘောတစ်ခု ချိုင်းလ်ဒါးဆိုတဲ့ အနောက်နိုင်ငံသား ပါဠိပညာရှင်ကြီးက ဝါသနာဆိုတာဟာ အတိတ်က ကောင်းမှုကြောင့်ဖြစ်စေ၊ သုခဝေဒနာကိုဖြစ်စေ၊ ဒုက္ခဝေဒနာကိုဖြစ်စေ ပေါ်ပေါက်စေတဲ့ စိတ်သန္တာန်မှာ ကိန်းနေတဲ့ အမျိုးတရားလို့ ဖွင့်ဆိုပြတယ်၊ ဩော်… အရှင်မဟာရဋ္ဌသာရကလည်း ပုရေနိုသင်၊ ဆက်တိုင်းကြင်သား၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစံတွင်၌ သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်… လို့ စပ်ဆိုထားတယ်၊ ဟုတ်တယ်၊ သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်…ကျွန်တော် စွန့်လွှတ်ခဲ့တယ်၊ စွန့်စားခဲ့တယ်၊ ခေါင်းမာခဲ့တယ်၊ ရူးခဲ့တယ်၊ ကြောင်ခဲ့တယ်၊ ဒါပေမဲ့လို့တော့…"

သူက ရပ်သွား၏။ ပြောရမည့် စကားကြောင့် ရင်က နာသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ ကိုလေးလှိုင်"

"ဒါပေမဲ့ ကျွန်တော် ရွေးခဲ့တဲ့ မြေက အခု ကျွန်တော် ထွက်ပြေးခဲ့ရပြီ၊ အနည်းဆုံးခဏဖြစ်ဖြစ် ထွက်ပြေးခဲ့ရပြီ၊ မလဲ့လဲ့ သိရင် ရယ်တော့မယ်"

"ဘာပြောတာလဲ ကိုလေးလှိုင်၊ နွယ် နားမလည်ဘူး"

သူက မချိပြုံး ပြုံးပြီး ပြော၏။

"ကျွန်တော့်ကို တချို့က စာရေးဆရာလို့ ခေါ်ကြတယ်၊ နွယ်တောင် တစ်ခါတလေ ခေါ်တာပဲ"

"မဟုတ်ဘူးလား"

mgyoe.com

mgyoe.com
SAMPLE BOOK

"စာလေး ပေလေး အသင့်အတင့်ရေးတော့ လူတွေက နာမပညတ်တစ်ခု အနေနဲ့ ခေါ်ကြတာတော့ မှန်တယ်၊ တချို့ကလည်း အားနာပါးနာနဲ့ ခေါ်ကြတယ် ထင်ပါတယ်၊ တချို့ဆို ခေါ်သာ ခေါ်ကြတယ်၊ ကျွန်တော့်စာနဲ့ ကလောင်အမည်ကို တွေ့တောင် တွေ့ဖူးကြမယ် မထင်ဘူး၊ ကျွန်တော့်စာလေးတွေက ကြိုးကြားကြိုးကြားနဲ့ ပေါ်လာတတ်ပေမယ့် ပြည်သူတွေက ကျွန်တော့်ကို စာရေးဆရာအဖြစ် တကယ် အသိအမှတ် မပြုကြသေးပါဘူး၊ တစ်ခါက ခပ်တည်တည်နဲ့ မြို့လေးတစ်မြို့မှာ ကျွန်တော် သွားစာပေဟောပြောတယ်၊ လေးစား ဂရုစိုက်ကြပါတယ်၊ ဒါပေမဲ့ ပြန်ခါနီးမှာ လူငယ်လေး တစ်ယောက်က ရိုရိုသေသေ လာမေးရှာတယ်၊ သူ ဘယ်လို မေးသလဲ သိလား"

"ဘယ်သိပါ့မလဲ"

"ဆရာရယ်တဲ့၊ ဆရာ ဟောသွားတာ ကျွန်တော် သိပ်သဘောကျတာပဲ၊ ဆရာ့ကိုလည်း သိပ်ကြည်ညိုသွားတာပဲ၊ အဲဒီတော့ ကျွန်တော် သိချင်တယ်၊ ဆရာ့စာတွေ ကျွန်တော် ဘယ်မှာ ဖတ်ရမလဲတဲ့"

သူက ရယ်ခြင်း မဟုတ်သော ရယ်ခြင်းကို ပြု၏။

"ဒါတော့ ကိုလေးလှိုင်ရယ်၊ လျှမ်းလျှမ်းတောက် ထိပ်သီးစာရေးဆရာကြီးတွေရဲ့ စာတွေကိုတောင် လူတိုင်း ဖတ်ဖူးကြမယ် မထင်ပါဘူး၊ ကျော်ကြားတာ မကျော်ကြားတာ၊ စောင်ရေ၊ ပုဒ်ရေ များတာ မများတာနဲ့ စာရေးဆရာ ဖြစ်တာ၊ မဖြစ်တာဟာ မဆိုင်ဘူး လို့ ထင်ပါတယ်"

"ဒါပေမဲ့ ဂယက် ရှိရမယ်"

"ရှင်..."

"ရေပြင်ပေါ် ခဲကျတာတော့ မမြင်ဘူးပေါ့၊ ဒါပေမဲ့ လှိုင်းဂယက်ကိုတော့ မြင်တယ်၊ တချို့ဟာ စာနည်းနည်းပဲ ရေးပါတယ်၊ ဒါပေမဲ့ ဂယက်ရှိတယ်၊ ကျွန်တော့်မှာ ဘာဂယက်မှ မရှိဘူး"

"အဲ... ဒါနဲ့ ကိုလေးလှိုင်၊ ဟိုသင်း... ဘာမြေက ထွက်ပြေးတယ် ဆိုတာ ဘာဆိုင်သလဲဟင်"

"ကိုယ့်စာတွေ ကိုယ် ပြန်ဝေဖန်ကြည့်တယ်၊ ပထမတွေ့ရှိတဲ့ အပြစ်က ကျွန်တော့်မှာ ကိုယ်ပိုင်ဟန် မရှိဘူး၊ ကျွန်တော့်စာမှာ သူများဟန်က မိုးနေတယ်၊ ဒီတော့ ကျွန်တော်ဟာ ဒုတိယ ဖိုးစိန်ပဲ ဖြစ်နေတယ်၊ ဒုတိယပြစ်ချက်က ကျွန်တော်ဟာ စာပေဝါဒတစ်ခုကို အသုံးပြုဖွယ်ယာဉ်အဖြစ် မသုံးဘဲ အရှင်သခင်အဖြစ် သွားကိုးကွယ်မိနေတယ်၊ တကယ် တမ်း ပြောတော့လည်း ကျွန်တော်ဟာ စာပေဝါဒကို ရွတ်ဆိုပြတတ်တယ်၊ အနုပညာနဲ့ တစ်သားတည်း ဖြစ်သွားအောင် မဖန်တီးတတ်ဘူး၊ စိတ်ကောင်း ရှိတဲ့ အယ်ဒီတာကြီး တစ်ယောက်က ကျွန်တော့် စာတစ်ပုဒ်ကို ပယ်ရင်း ဒီအပြစ်တွေကို ထောက်ပြဖူးပါတယ်၊ အဲဒီတုန်းက သူ့ကို လက်သီးနဲ့ ထိုးချင်တယ်၊ ခုတော့..."

mgyoe.com

mgyoe.com SAMPLE BOOK

သူက ပြုံးသည်။

"ခုတော့ သူ့ကို ထိုင်ရှိခိုးချင်တယ်၊ ကျွန်တော် စာပေနယ်က ထွက်ခဲ့ပြီ"

"ရှင်…"

"ကျွန်တော့်ကိုယ်ကို ကျွန်တော် အားလုံး အသစ်ပြန်လုပ်ချင်တယ်၊ ဒီတော့ အဟောင်းနယ်ထဲက ရုန်းထွက်လိုက်တယ်၊ စာရေးခြင်းတွေကို ရပ်ပစ်လိုက်ရမယ်၊ တွေးတောတာတွေကိုလည်း ရပ်ပစ်လိုက်ရမယ်၊ ပဋိသန္ဓေ ရချင်ရင် စုတေရမယ် နွယ်၊ အဲဒီကြားထဲ ထမင်းစားဖို့ကိစ္စကလည်း ရှိသေးတယ်၊ ဒါကြောင့် အခု ကျွန်တော် အထက်တန်းစာရေး ဝင်လုပ်နေတာ၊ ဝင်လုပ်ပြန်တော့လည်း ဖောင်တိန်ကနေ ဂဏန်းတွေ တွက်နေရတာကို ကျွန်တော် မပျော်ပြန်ဘူး၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အံမဝင် ခွင်မကျသူလို့ ကျွန်တော် ဆုံးဖြတ်တာ"

ပြောချင်သည်ကို ပြောလိုက်ရသဖြင့် ရင်လင်းသွားသကဲ့သို့ ဖြစ်သောကြောင့် သူက နွယ့်ကို ပြုံးကြည့်သည်။ နွယ်ကသာ စိတ်မကောင်းသည့်ဟန်ဖြင့် သူ့ကို ကြည့်နေ၏။

"သြော်… အခု ကိုလေးလှိုင် ဘီအေ အောက်တန်း ဝင်ဖြေတာ အောင်တယ်ဆို"

သူက ခေါင်းညိတ်ပြ၏။

"ကိုလေးလှိုင်နဲ့ ရုံးမှာ အတူဝင်လုပ်တဲ့ ကိုအောင်သန်းက ပြောတယ်၊ ကိုလေးလှိုင် အောင်စာရင်းမှာ ဂုဏ်ထူး နှစ်ခု ပါတယ်တဲ့၊ စတုတ္ထနှစ် ဆက်တက်ရင် ဂုဏ်ထူးတန်း တောင် ရနိုင်တယ်တဲ့"

"သူများ သုံးနှစ်နဲ့ ဖြေတဲ့ အတန်းကို ကျွန်တော်က ခြောက်နှစ် ဖြေတော့ ဒီလောက်တော့ ရှိမှာပေါ့"

"ကိုလေးလှိုင် ကျောင်း ပြန်မတက်တော့ဘူးလားဟင်"

"ကျွန်တော် ပြောပါရေလား၊ ကျွန်တော့်ကို အိမ်က ဒဏ်ခတ်ထားပါတယ်လို့၊ စုဆောင်းထားတဲ့ ငွေလေးလည်း မနှစ်က ကျောင်းတက်လိုက်တာ ကုန်ပြီ၊ ဒါကြောင့် ကျွန်တော် အလုပ်ဝင်လုပ်နေတာပေါ့"

"ကိုလေးလှိုင်ရဲ့ မိဘတွေကတော့ ကိုလေးလှိုင်ကို ချစ်မှာပဲနော်"

"အင်း…အရင်တုန်းကတော့ ချစ်တယ်"

"အဲဒီလို မပြောနဲ့ ကိုလေးလှိုင်၊ မိဘဆိုတာ သားသမီးကို အရင်တုန်းကလည်း ချစ်တယ်၊ အခုလည်း ချစ်တယ်၊ နောင်လည်း ချစ်ဦးမှာပဲ၊ နွယ့်ဖေဖေ မဆုံးခင်က ပြောဖူးတယ်၊ မမွေးခင် ယောကျ်ားလေးမှန်း၊ မိန်းကလေးမှန်း မသိခင်ကတည်းက သူ့ကို ကြိုချစ်လိုက်ရတာတဲ့၊ နွယ် သိတဲ့ မိဘမေတ္တာမှာ အချိန်ကာလ မရှိဘူး"

"ဘယ်လို၊ ဘယ်လို ပြောလိုက်တယ် နွယ်"

"နွယ်သိတဲ့ မိဘမေတ္တာမှာ အချိန်ကာလ မရှိဘူး၊ အခြေအနေဆိုတာလည်း မရှိပါဘူး၊ အခု သူတို့က ကိုလေးလှိုင်ကို ဒဏ်ခတ်ရင်းက သူတို့ မျက်ရည်ဝဲနေမှာကို ကိုလေးလှိုင် သိရဲ့လား"

mgyoe.com

mgyoe.com
SAMPLE BOOK

"သူတို့ မျက်ရည်ဝဲနေမယ်"

"ဟုတ်တယ်၊ နွယ်တို့အိမ်နားက မိန်းမတစ်ယောက်၊ သူ့ကလေးက သိပ်ဆိုးတယ်၊ အဲဒါ တစ်နေ့မှာ ကလေးကို အိမ်ရှေ့မှာ ကြိုးနဲ့ချည်ရိုက်ပြီး ထားခဲ့တယ်၊ သူကတော့ မီးဖိုချောင်ထဲမှာ လာငိုနေတယ် ကိုလေးလှိုင်၊ အရိုက်ခံရတဲ့ကလေးက အိမ်ရှေ့မှာ ငိုနေတယ်၊ ရိုက်တဲ့သူ အမေက နောက်ဖေး မီးဖိုချောင်မှာ ငိုနေမယ်လို့ နွယ်တော့ ယုံတယ်"

သူ ငိုင်ကျသွား၏။ အတန်ငိုင်ကျသွားပြီးမှ သူ ခေါင်းမော့လိုက်၏။

နွယ်က သူ့ကို ကရုဏာမျက်လုံးလေးများဖြင့် ကြည့်နေသည်။

မိခင်ကို သတိရသည်။ အို… သည်ကလေးမက ဘာကြောင့် မိခင်ကို သတိရစေသနည်း။

သူက လေးနက်စွာ ပြော၏။

"ကျွန်တော် တစ်ခါမှ ဒီလို မစဉ်းစားမိဖူးဘူး၊ အခုတော့…"

သူက ပြုံးပြီး နောက် သက်ပြင်းရှိုက်၍ ပြော၏။

"နွယ့်စကားက ကျွန်တော့်ရင်ထဲမှာ ဂယက်ထားခဲ့တယ်"

ထိုညနေက ခါတိုင်းကဲ့သို့ပင် သူနှင့်နွယ် ခရိတ်လမ်း၌ ခွဲကြသည်။

သူ့ကို ကျောပေး၍ ပလက်ဖောင်းပေါ်မှာ လူအများနှင့်ရောလျက် လျှောက်သွားသော နွယ်ရှိရာသို့ လှမ်းမျှော်ကြည့်ရင်း သူ ရပ်နေ၏။

ရန်ကုန်မြို့ လမ်းမကြီး၏ ပလက်ဖောင်းပေါ်မှာ လျှောက်နေကြသော လူတွေ အများကြီး ရှိသည်။ သည်လိုလူတွေ အများကြီးကြားမှာ နွယ့်လို ကလေးမလေးမျိုးက မရှား။ အများထဲမှ လူတစ်ယောက်။

အများထဲမှ နွယ့်ကို မိမိက ယခု သီးခြားခွဲ၍ မြင်နေရသည်။ တစ်ခါ မြင်ဖူးထားတော့ သီးခြားခွဲ၍ မြင်ရလွယ်သည်။

ယနေ့ သတိပြုမိသော ကလေးမ၏ ရွှေသားရုပ်သွင်အလှပမာ။ သတိပြုမိပြီးပြီဆိုတော့ မြင်သည်။

သူ့ရင်တွင်းမှာ ဂယက်ကျန်နေသည်။ တစ်ခု မဟုတ်။ နှစ်ခု။ ခြားတော့ ခြားနားသည်။ သို့သော် တူ၏။

တူတော့ တူသည်။ သို့သော် ခြားနား၏။

( ၆ )

အရောင်တင်ဆီကြောင့် လှပပြောင်လက်နေသည့် ကျွဲထရုံကွက်ဖော်ကြမ်းပြင်မှာ ဦးလေးလှိုင်က ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

တစ်ချီတစ်ချီတွင် ရပ်ပြီး တယ်လီဖုန်းနီနီလေးကို ကြည့်သည်။ သွားကောက်ကိုင်ချင်သကဲ့သို့ ဖြစ်သည်။ သို့ရာတွင် မမြည်သော တယ်လီဖုန်းကို သွားကိုင်၍ ဘာအကြောင်း ထူးမည်နည်း။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်းတစ်ခန်း၏ ဓာခန်းဆီးကို ဖယ်ပြီး ချစ်ဇနီးက ထွက်လာ၏။

"အဖေကြီး မအိပ်သေးဘူးလား"

"ဟာ… အိပ်လို့ ရမလား"

"အိပ်လို့ မရရင် စာရေးလေ၊ စာရေးနေရရင် တစ်လောကလုံး မေ့ထားနိုင်တယ်ဆို၊ ကိုယ်သာသိတဲ့ သီခြားကမ္ဘာလေးမှာ ကိုယ်ရောက်နေတယ်ဆို"

"အင်း… ဒီစကား မမှန်ဘူး၊ ဒီတစ်ခါတော့ ပြန်ရုပ်သိမ်းရမယ် ထင်တယ်"

"ကို လွန်တယ်"

"ဘာရယ်…"

"ကိုချစ်တာက လွန်တယ်"

"ချစ်ရင်တော့ လွန်တာပေါ့၊ မလွန်တဲ့ အချစ် ရှိသလား"

"ဒါကြောင့်လည်း အသည်း နှစ်ခါကွဲခဲ့တာ၊ ဟုတ်လား"

"အသည်းကွဲတာ မဟုတ်ဘူး၊ ကုန်ကြမ်း လှောင်ထားတာ"

"ဘာရယ်"

"မယ်မင်းကြီးမတွေ ပေးထားခဲ့တဲ့ ဝေဒနာလေးတွေက တစ်ခါ တစ်ခါ ထုတ်သုံးလို့ရတယ်၊ ကျေးဇူးတင်ပါတယ်"

"ဟင်း… အဟင်း၊ အေမီနဲ့ လဲ့လဲ့ ကြားရင် ကျိန်ဆဲကြလိမ့်မယ်"

ချစ်ဇနီးက ဧည့်ခန်းဆီ ထွက်သွားပြီး ပြတင်းတစ်ချပ်ကို ဖွင့်၏။

"ကိုရေ"

"အင်…"

"လာစမ်း၊ လာစမ်း"

ထိတ်လန့်ပြီး ခေါ်ရာသို့ သွားရ၏။

"ဘာလဲ"

"ဘာနံ့လဲ၊ ရှူကြည့်စမ်း"

"အား… ပိတောက်နံ့တွေ"

"မနက်က မိုးရွာတယ် မဟုတ်လား၊ ခြံထဲက ပိတောက်တွေတော့ ပွင့်လိမ့်မယ် ထင်တာ၊ ဟော… အခုညကတည်းက ပွင့်ကုန်ပြီ"

သူက ပိတောက်နံ့လေးများကို ရှူသည်။ ညမှာ ဆိုတော့ ပိုသင်းသည်။

"ကို ပိတောက်ကို မေ့နေတာ ကြာပြီ"

"အာ…ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ကိုယ့်အရင်ဝတ္ထုတွေထဲက ပိတောက်ရယ်၊ လမင်းရယ်၊ ချစ်သူရယ်၊ အဲဒါမျိုးလေးတွေ မဖတ်ရတာ ကြာပြီ"

"ကွယ်… ဒီအရွယ်မှာ ဒါတွေ ရေးနိုင်တော့မလား"

mgyoe.com

mgyoe.com
SAMPLE BOOK
"ကို့ စာဖတ်ပရိသတ်က မေးနေတယ်၊ ဒါမျိုးလေးတွေ မရေးတော့ဘူးလားတဲ့၊ အခု စာတွေမှာ တရားသံတွေ လွှမ်းနေတယ်တဲ့"

"ဒါက ကိုယ့်ပစ္စုပ္ပန်ကိုး"

"ခုနင်က ပြောတဲ့ ကုန်ကြမ်းလေးတွေ ပြန်ထုတ်သုံးပေါ့"

နားထဲ၌ တယ်လီဖုန်းသံ ကြားရသည် ထင်၏။

"ဟော… တယ်လီဖုန်းသံ မဟုတ်လား"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

သူက စာကြည့်ခန်းတွင်း ပြန်ဝင်လာခဲ့၏။ တယ်လီဖုန်းလေးက တိတ်တိတ်လေး နေသည်။

"ဒီကောင်က ဘာလို့ တယ်လီဖုန်း မဆက်ရတာလဲ"

"ခုနင်က ဆက်ပြီးပြီပဲ၊ နာရီဝက်လောက်ပဲ ရှိသေးတာ"

သူက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြန်၏။

"ဒီလောက်ပဲ ကြာရသလား"

"ဘာလဲ"

"ဝမ်းနာတာ"

"ကြာတတ်တာပေါ့"

"လေးရက် ရှိပြီ၊ မအေကြီးတုန်းကဆို နာပြီဟေ့ဆို တစ်နာရီအတွင်း ဆေးရုံရောက်အောင် ပို့မှ။ အငယ်ဆုံးကောင်တုန်းကဆို ကံကောင်းလို့ ကားပေါ်တင် မမွေးတာ"

"တချို့ကျတော့ ဒီလိုပဲ ကြာတတ်တယ်၊ ပြီးတော့ မွေးဖွားခါနီးမှာ သမီးက ချူချာတယ် မဟုတ်လား"

"အေးကွာ၊ ငါ့ချွေးမလေး သနားပါတယ်၊ သားက ပြောတယ်၊ ဗိုက်ခွဲမွေးတန် မွေးရမယ်တဲ့"

"မပူပါနဲ့၊ သားကိုယ်တိုင်ကလည်း ဆရာဝန်ပဲ၊ အိုဂျီကလည်း သူ့ဆရာ၊ ကိုယ့်မိတ်ဆွေ ဆရာမလေးတွေကလည်း သိပ်ဂရုစိုက်ကြတယ်၊ ကိုယ့်ဝတ္ထုသစ် ထွက်ရင် လက်ဆောင်ပေးပါ့မယ်လို့ ကတိပြုထားတယ်"

"အေး… အေး၊ နောက်ဝတ္ထုထဲမှာ ကိုယ့်မြေးအကြောင်း ထည့်ရေးရမယ်"

"ကိုယ့်မြေးက ဘယ်မှာလဲ"

"ဘယ်မှာလဲ၊ အဲ… ဗိုက်ထဲမှာပေါ့၊ သမီးဗိုက်ထဲမှာ"

ချစ်ဇနီးက ပြုံးနေတော့ သူ စဉ်းစားသည်။ ဗိုက်ထဲက ကလေးကို မြေးဟု ခေါ်နိုင်ပြီလား။ ဗိုက်ထဲကနေ လောကထဲ ရောက်ရန် အရေးကြီးသည်။ အမြန် အရေးကြီးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အင်္ဂုလိမာလသုတ် ရွတ်ရဲ့လား"

"မရွတ်ဘဲ နေပါ့မလား၊ ကိုယ်ရော မရွတ်ဘူးလား"

"အား...အခု ဘယ်နှနာရီ ရှိပြီလဲ"

"ဆယ့်နှစ်နာရီ ထိုးတော့မယ်"

"ဒီနေ့က သောကြာနေ့၊ ဆယ့်နှစ်နာရီကျော်တော့..."

"ဘာဖြစ်သလဲ"

"ဘာမှ မဖြစ်ပါဘူးလေ"

"ကဲ... ဖအေကြီး အိပ်ချင်လည်း အိပ်၊ မအိပ်ချင်လည်း အင်္ဂုလိမာလသုတ် သွားရွတ်နေ၊ စိတ်အပင်ပန်း ခံမနေနဲ့"

ချစ်ဇနီးက အိပ်ခန်းတွင်း ပြန့်ဝင်သွားသောအခါ သူက ဘုရားခန်းတွင်း ဝင်လာခဲ့သည်။ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးသည်။

အမိဌာန်တွေ ပြုသည်။ ဆုတွေ တောင်းသည်။

ပရိတ်ကြီးစာအုပ်ကို ယူပြီး ဖွင့်၏။

မိမိက သုတ်တော်တွေ အများကြီး ရသည်။ မဟာသတိပဋ္ဌာနသုတ်လို သုတ်ရှည်ကြီးကိုပင် အာနာပါနပဗ္ဗမှ နဝသိဝထိကပဗ္ဗအထိ အလွတ်ရသည်။ အင်္ဂုလိမာလသုတ်ကိုမူ မရ။

ရိုသေစွာ စာအုပ်ဖွင့်ဖတ်လျှင်လည်း ရွတ်သည်ပင် မဟုတ်လော။

"ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ၊ ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ..."

သုတ်တော်ကို ခုနစ်ခေါက် ရွတ်ပြီးသောအခါ စာကြည့်ခန်း ပြန်လာ၍ ပက်လက်ကုလားထိုင်ပေါ် ထိုင်လျက် စီးကရက် တစ်လိပ် မီးညှိဖွာသည်။

ရင်တွင်းမှာတော့ အတန်ငြိမ်သွားသည်။ သို့ရာတွင် အိပ်ချင်စိတ်က မရှိ။

စောင့်မည်။ မိုးလင်းလျှင် လင်းပေစေ။

ယောက်ျား ဖောင်စီး၊ မိန်းမ မီးနေ။

တယ်လီဖုန်းက မြည်လာသဖြင့် ငေါက်ခနဲ ထပြီး ကောက်ကိုင်သည်။

"ဖေဖေလား၊ ဟဲလို... ဖေဖေလား"

"ဟုတ်တယ် သား"

"မွေးပြီ"

သား၏ အသံမှ ဝမ်းသာမှုကို သည်ဘက်က လှမ်းခံစားရ၏။

"မွေးပြီ"

"ဟုတ်ကဲ့၊ ဟို နည်းနည်း...ဆပ်ကပ်ရှင်တော့ ကူလိုက်ရတယ်"

"သမီးလည်း နေကောင်းတယ် မဟုတ်လား"

mgyoe.com

SAMPLE BOOK

"ကောင်းပါတယ်"

"ကလေးရော"

"ကောင်းပါတယ်၊ ထွားလည်း ထွားတယ်၊ ပြီးတော့ ဖေဖေ့မြေးက သိပ်အာပြဲတယ်၊ ငိုတာမှ ဆူရော"

"ဘယ်နှနာရီက မွေးလဲ"

"ဆယ့်နှစ်ရီခွဲတိတိ၊ စနေထဲတော့ ဝင်သွားတယ်"

"ဝင်ဝင်… ငါ ဒါကို အယုံအကြည် မရှိဘူး၊ ငါ့မြေး မွေးပြီ၊ မွေးပြီ၊ ဒါပဲ"

ချစ်ဇနီးကလည်း ရောက်လာသည်။

"မေမေ လာပြီ၊ မေမေနဲ့ ပြောဦး"

တယ်လီဖုန်းကို မယူခင် ချစ်ဇနီးက မေးသည်။

"မွေးပြီလား၊ ဘာလေးတဲ့လဲ"

"အယ်… အဲဒါ မမေးရသေးဘူး"

"အံ့ရော၊ ကလေးမွေးတယ်ဆိုရင် ယောကျ်ားလေးလား၊ မိန်းကလေးလား အရင်မေးရတယ်"

ချစ်ဇနီးက တယ်လီဖုန်းကို လှမ်းယူသည်။

သူက စဉ်းစားသည်။ ယောကျ်ားလေးလား၊ မိန်းကလေးလား။

သိဖို့ လိုပါသလား။

နားတွင်းမှာ ကြားယောင်လာသည်။

အတိတ်က မိမိ၏ ဘဝဝယ် အကူးအပြောင်းတစ်ခု ဖြစ်စရာအတိတ်က…။

'မမွေးခင် ယောကျ်ားလေးမှန်း၊ မိန်းကလေးမှန်း မသိခင်ကတည်းက သူ့မှာ ကြိုချစ်လိုက်ရတာနဲ့၊ နွယ်သိတဲ့ မိဘမေတ္တာမှာ အချိန်ကာလ မရှိဘူး'

( ၇ )

ရင်ခွင်တွင်းမှ မြေးလေး၏ မျက်နှာကို မြတ်နိုးစွာ ကြည့်သည်။

မျက်တောင်လေးကလည်း ကော့ပါဘိသနှင့်။ မျက်လုံးလေးကလည်း လှပါဘိသနှင့်။ အသားလေးကလည်း ဝါပါဘိသနှင့်။ သူ့အမေနှင့် တူသလော။ သူ့အဘွားနှင့် တူသလော။

သြော်… ရွှေသားရုပ်သွင်။ ရွှေသားရုပ်သွင်မှ ရွှေသားရုပ်သွင်အစစ်။

အခန်းဝ၌ ချစ်ဇနီးနှင့် ချွေးမလှလှလေးက ပေါ်လာကြသည်။

ချစ်ဇနီးက စသည်။

"ကြည့်ဟော့၊ အဘိုးကြီး မြေးကို သီချင်းဆိုသိပ်မယ် ကြွားသွားတာ၊ အခုဘာသံမှ ထွက်မလာဘူး၊ သီချင်းတွေ မေ့ကုန်ပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

"မမေ့ပါဘူးကွာ၊ ကိုယ့်မြေးနဲ့ လိုက်တဲ့ သီချင်းကို ရွေးနေတာ၊ အဲဒါ သီချင်း နှစ်ပုဒ် ဖြစ်နေလို့၊ အခု ရပြီ"

"ဘာသီချင်းလဲ"

"ရွှေသားရုပ်သွင်နဲ့ စတာ၊ ဩော်…နွယ်ရေ"

"ဘာလဲ"

"ဟိုး… ရှေးရှေးတုန်းက နွယ် ပြောခဲ့တာ မှတ်မိသေးလား"

"ဘာကိုလဲ"

"ကြုံချစ်လိုက်ရတဲ့ မေတ္တာသဘောလေ၊ အချိန်ကာလ မရှိတဲ့ မေတ္တာသဘော၊ အဲဒီ မေတ္တာသဘောပါတဲ့ တစ်ပုဒ်ကို ကိုယ့်မြေးကို ကိုယ်ဆိုပြမယ်"

ဦးလေးလှိုင်က မြေးမလေးကို ငုံ့ကြည့်ပြီး အဟုတ်ကြီးများ သီချင်းဆို၏။

"ရွှေသားရုပ်သွင် ထင်မြင်စရာဝယ်၊ မျက်နှာတော်ဝါဝါဝင်း၊ ရွှေလမင်းကြီး ပုံနှယ်၊ ပဒ္မာမြားသွေးနဲ့ တူညီစွာရယ်၊ နှုတ်ဖျားလေးက မြင်ရသူတိုင်း အသည်းစွဲတယ်၊ လှရက်ပါပေ့ကွယ်၊ မေတ္တာသဘော ပြောပြောပြမယ်၊ ငါ့မြေးလေးကို ပြောပြမယ်၊ မေတ္တာသဘောတွေ ဘိုးဘိုး ပြောပြမယ်"

*သာရမဂ္ဂဇင်း၊ မတ်လ ၊ ၁၉၈၉ ခုနှစ်။*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ကလေးမောင်ရဲ့မမငွေလမင်း

## ( ၁ )

အချစ်၊ ပြီးတော့ အလှ။

အဲသည်နှစ်ခုလုံးကို တို့ မသိသေးတဲ့ အချိန်ကပေါ့ ကလေးမောင်။

အချစ်ဆိုတာဟာ အလှကို ပိုင်လိုခြင်းဆိုတဲ့ သဘောကို တို့ မသိသေးတဲ့အချိန်။

တစ်နည်းတော့လည်း…

အလှကို ပိုင်လိုခြင်းဟာ အချစ်ဆိုတဲ့ ဒဿနကို မသိသေးတဲ့အချိန်။

အို… အချစ်ဆိုတဲ့ စကား၊ အလှဆိုတဲ့ စကားတွေကိုတောင် တို့ နားမလည်သေးတဲ့ အချိန်။

အဲသည်တုန်းက…

လမင်းကြီးကို တို့ တွယ်တာခဲ့တယ်ကွယ်။

ပိုင်လိုတာ မဟုတ်တော့ အချစ် မဟုတ်ဘူး ထင်တယ် ကလေးမောင်။

ဒါပေမဲ့ လမင်းကြီး မိုးပေါ်က ကျွံကျလာရင်တော့ သူများထက်ဦးအောင် တို့က ပြေးကောက်ထားချင်တယ်။

mgyoe.com

လမင်းကြီး ကျွံကျလာရင် ကောင်းကင်ကြီးရယ်၊ ဟောသည် လောကကြီးရယ် ဘာဖြစ်သွားမလဲ ဆိုတာတော့ တို့ မစဉ်းစားမိဘူး တကယ်ကွယ်။

လမင်းကြီး ကျွံကျလာရင် တို့ ရင်ခွင်ထဲမှာ ပွေ့ထားချင်တယ်။

သိလား ကလေးမောင်…။

## ( ၂ )

"သိလား ကလေးမောင်…"

လဲ့သွယ်က စိတ်တွင်းမှ စကားတွေကို နိဂုံးချုပ်ရင်း တိုးတိုးညည်းမိသည်။

မနော်ဟရီ ကန်ရေပြင်က ကြည်လင်နေသည်။ သြော်… အကြည်ရှိလျှင် အရိပ်ထင်တတ်သည်။ တကယ်တော့လည်း အရိပ် ထင်လာ၍ အကြည်ဟု သိရသည်။ တစ်ဖန် အကြည်မှာ ထင်လာ၍လည်း အရိပ်ကို အရိပ်ဟု သိရပြန်သည်။

အကြည်နှင့် အရိပ်။ အရိပ်နှင့် အကြည်။

တိမ်ဖြူတွေနှင့် ကောင်းကင်ပြာက ကန်ရေပြင်မှာ ထင်နေသည်။ သည်တော့ ကန်ရေပြင်က တိမ်ဖြူတွေနှင့် ကောင်းကင်ပြာ ဖြစ်သွားသည်။

လမင်းတော့ မရှိပါတကား။

ကိုယ့်လမင်းရယ်လေ။ ကိုယ် သိပ်ချစ်ခဲ့ရတဲ့ ငွေလမင်း။ သူတော့ မရှိပါ။

သူ့လမင်းတော့ ရှိချင် ရှိနေမည်ပေါ့။

လဲ့သွယ်က ကန်ရေပြင်၌ ထင်နေသော မိမိ၏ အရိပ်ကို ကြည့်သည်။

"ကိုယ့်နှလုံးသားက ကန်ရေပြင် ဆိုပါတော့၊ ရေပြင်မှာ ထင်နေတဲ့ လဲ့သွယ်ရဲ့ အရိပ်က ငွေလမင်းကြီး ဆိုပါတော့၊ ကိုယ့်နှလုံးသားဟာ ဒီကမ္ဘာမှာ အလှဆုံးပန်းချီပဲ၊ လမင်းကို ဖော်ပြတဲ့ ပန်းချီ၊ ပန်းချီကို လွှမ်းမိုး သိမ်းပိုက်ထားတဲ့ လမင်း"

လဲ့သွယ်က ဝမ်းနည်းပန်းနည်း ပြုံးသည်။

ထားပါတော့။ သူ့လမင်း။ သူ ဆိုသည်က မည်သူနည်း။ သူ ဆိုသည် မရှိတော့သောအခါ သူ့လမင်း ဆိုသည်ကကော ရှိပါဦးမည်လော။

ကိုယ့်လမင်းတော့ မရှိတော့ပါ။ ကိုယ့်လမင်း မရှိတော့သောအခါ…

ကလေးမောင်ကို ပြောပြချင်သည်။

လဲ့သွယ်က ဘွဲ့နှင်းသဘင်ဥယျာဉ်ဆီ လှမ်းကြည့်၏။

မြစိမ်းရောင် အောင်သပြေစင်မြင့်အောက် ရှေ့တွင် လခြမ်းပုံ မြမြက်ခင်း ရှိသည်။ ပြီးတော့ မြစိမ်း လှေကားထစ် မြက်ခင်းတွေက လခြမ်းပုံ တစ်ရစ်ပြီး တစ်ရစ် အဆင့်ဆင့် မြင့်တက်သွားကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စင်မြင့်ဗဟိုကို ဦးတိုက်လျက် မြက်ခင်းစိမ်း ကော်ဇောပင် ခင်းအပ်သော ဧယျာလမ်းက ဥယျာဉ်အလယ်တွင် ပြန့်ပြူးဖြောင့်တန်းနေသည်။ လမ်းတစ်ဖက်တစ်ချက်မှာကတော့ ရွက်လှပန်းပင် ရောင်စုံတွေ စီတန်းနေသည်။ သစ်ညို၊ ဘန့်ပွေး၊ ကံ့ကော်၊ စိန်ပန်းနှင့် အုန်းပင်ပျိုတို့ကို ကျော်၍ ကြည့်လျှင် ဧယျာလမ်းအဝင် ဟိုမှာဘက်၌ ဆင်စွယ်ဖြူရောင်ဖွေးသော ပင်မတက္ကသိုလ်အဆောက်အအုံကြီးကို တွေ့ရသည်။

ဧယျလမ်း အဝင်ဝကို လှဲ့သွယ်က လှမ်းကြည့်သည်။

ကလေးမောင် လာလျှင် သည်က လာမည်။

မြတ်စွာဘုရား… မိမိက မျှော်နေသည်လား။

လှမ်းကြည့်ခြင်းက မျှော်ခြင်းလား၊ စောင့်နေခြင်းကကော မျှော်ခြင်းလား။

လှမ်းကြည့်ပါသည် ကလေးမောင်…၊ စောင့်နေပါသည် ကလေးမောင်…။

မျှော်သည်ရယ်တော့ မဟုတ်ပါ ကလေးမောင်…။

မောင်…။

( ၃ )

သူ လာသည်။

အက်စ်အီးကားဖြူလေးက ဥယျာဉ်အပြင်ဘက် ဧယျာလမ်းဦးအဝမှာ ရပ်သည်။

ဩော်… ချောတယ်ကွယ်၊ သန့်တယ်ကွယ်၊ နုတယ်ကွယ် ကလေးရယ်…။

မနော်ဟာရီရေကန်၏ တစ်စိတ်တစ်ပိုင်းက ရေကူးကန် ဖြစ်သည်။ လှဲ့သွယ်က ရေကူးကန်၏ မြောက်ဘက်ကမ်းစပ်တွင် ခြေလေးများ တွဲလဲချ၍ ထိုင်နေသည်။

သူကလည်း လှဲ့သွယ်ဘေးတွင် ဝင်ထိုင်သည်။

"ဒေါ်လှဲ့သွယ်၊ နေကောင်းပါရဲ့လား"

"ဟင်… ဘယ်လို ခေါ်လိုက်တယ်"

"မာနကြီးတဲ့ လက်ထောက်ကထိက ဆရာမကြီးကို ရိုရိုသေသေပဲ ကျွန်တော်ခေါ်တယ်"

ကျွန်တော်။

သည်လိုဆိုတော့လည်း ရင်မှာ အထိနိုက်ချင်သား။

"တို့များ မာန မကြီးပါဘူး ကလေးမောင်…"

"မာနတော့ မကြီးဘူး၊ အသည်းတော့ ခွဲတတ်တယ်ပေါ့"

ရှည်ကော့သမျှသော မျက်တောင်များကို ဖွင့်လှန်၍ လှဲ့သွယ်က သူ့ကို ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီလိုလည်း မကြည့်ပါနဲ့"

"ဘာပြောတယ်"

"ညာတတ်တဲ့ မျက်လုံးကြီးတွေနဲ့ မောင့်ကို မကြည့်ပါနဲ့၊ ဒီမျက်လုံးတွေက မေတ္တာကို ပြတယ်၊ ကရုဏာတွေကို ပြတယ်၊ ဒါပေမဲ့ အဲဒီမေတ္တာတွေ၊ ကရုဏာတွေက နှလုံးသားက မလာဘူး"

"မေတ္တာနဲ့ ကရုဏာဟာ နှလုံးသားက မလာလို့ ဘယ်ကလာလဲ ကလေးမောင်"

"အားမနာတတ်တဲ့၊ မထောက်ထား မညှာတာတတ်တဲ့၊ တွေးခေါ် မြော်မြင်ခြင်းရဲ့ တည်ရာ ဦးနှောက်ဆိုတဲ့ ကွန်ပျူတာကြီးက လာတာ"

ဤစကားကြောင့် လှဲ့သွယ်က အသာအယာ ရယ်မိသည်။

"ရယ်နေ"

"အင်"

"ဒီက အသည်းကွဲနေပြီဗျ"

"သြော်... မင်း အသည်းကွဲနိုင်ပြီလား ကလေးမောင်"

"ဘာပြောတယ်"

"မင်း အသည်းက အာကာသကြီးဆို၊ ကောင်မလေးတွေက ပါတီကယ်လ် အမှုန်လေးတွေဆို၊ ဒီအမှုန်လေးတွေကြောင့် အာကာသကြီးက ဘာမှ မဖြစ်နိုင်ဘူးဆို"

"အခု မောင့်အသည်း အာကာသကြီးက ကျုံ့သွားပြီ"

"အာကာသ ဆိုတာ မကျုံ့ဘူး ကလေးမောင်၊ ပြန့်ပြန့်သာ ကျယ်တယ်"

"အဲ့ဒါက ရူပဗေဒက အာကာသကြီး၊ မောင့်အသည်း အာကာသကြီးက ကျုံ့သွားပြီး မိုးကောင်းကင် ကွက်ကွက်သာ ကျန်တော့တာ"

"ဘယ်ဆိုးလဲ ကလေးမောင်၊ မိုးကောင်းကင် ကွက်ကွက်မှာ ကြယ်ကလေးတွေ ရှိနိုင်ပါသေးတယ်"

"ရှိတယ်၊ အများကြီး ရှိတယ်၊ ဒါပေမဲ့ ဘာလုပ်ရမှာလဲ"

"မင်း အရင်တုန်းက ဘာလုပ်ခဲ့သလဲ ကလေးမောင်"

"ကစားတယ်"

"ကြယ်ကလေးတွေ ကြွေကုန်တော့ကော"

"မငိုဘူး"

"ခု မင်း ငိုတတ်ပြီလား"

"ငိုတတ်ပြီ၊ ကြယ်ကလေးတွေကြောင့် မဟုတ်ဘူး၊ လမင်းကြီးကြောင့်၊ လမင်းကြီး ရှိနေမှ ဒီကြယ်လေးတွေကို ဘာလုပ်ရမှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


လမင်းကြီး။ လာပြန်ပြီ သည့်လမင်းကြီး။

လှဲ့သွယ်က ကောင်းကင်ပြာဆီ မော့ကြည့်မိသည်။ လမင်း မရှိပါ။

ရေပြင်ကို ငုံ့ကြည့်သည်။ မိမိ၏ အရိပ်ကို တွေ့၏။

လမင်း၏ အရိပ်။ တစ်ဦးက ဆိုခဲ့ဖူးသည်။ ကလေးမောင်ကလည်း မိမိကို လမင်းကြီးဟု ခေါ်နေပြန်ချေပြီ။

မိမိက သည်လောက်ပဲ လှသလား သို့မဟုတ် သူတို့ကပဲ လှလိုက်သည်လား။

သူတို့ လမင်းက ဘယ်လောက်ကြာကြာ လှသနည်း။

ဘယ်လောက် ကြာတော့ လကွယ်သနည်း။

( ၄ )

"မင်း ဒီလို စကားလှလှလေးတွေကို ဘယ်တုန်းက ပြောတတ်လာသလဲ ကလေးမောင်"

"ပင်လယ်ထဲမှာ"

"ဘယ်လို"

"ပင်လယ်ကို ဘယ်လို ထင်ကြသလဲ၊ ပင်လယ်ထဲမှာ မြေတောင် မရှိဘူး၊ ဒီတော့ ပင်လယ်မှာ ခရီးသွားခြင်းဟာ ပန်းခင်းတဲ့ မြေမှာ လမ်းလျှောက်ရခြင်း မဟုတ်ဘူး၊ ကွန်းရက်ဒ် ဆိုတဲ့ စာရေးဆရာကြီးက ရေးတယ်၊ ရှေ့ကြည့်လည်း ရေ၊ နောက်ကြည့်လည်း ရေ၊ ဘေးတွေ ကြည့်တော့လည်း ရေ၊ နေ့လည်း ရေ၊ ညလည်း ရေ၊ နောက်တစ်နေ့ကျတော့လည်း ရေ၊ စာပေဖန်တီးရတာကို တောင်အာဖရိကတိုက်ကြီးကို ပတ်သွားနေရတဲ့ သင်္ဘောခရီးရဲ့ ငြီးငွေ့ဖွယ်ရာအဖြစ်နဲ့ နှိုင်းတယ်၊ ဘဝကို ချစ်ဖွယ်သိမ်မွေ့ဖွယ် ဖြစ်စေတတ်တဲ့ အရာမှန်သမျှကို စွန့်ပယ်ထား ရပြီး တစ်နာရီပြီး တစ်နာရီ၊ တစ်နေ့ပြီး တစ်နေ့တဲ့"

လှဲ့သွယ်က ပြုံး၏။

"မင်းက ကွန်းရက်ဒ်ကိုတောင် သိနေပါရောလား ကလေးမောင်"

"သင်္ဘောပေါ်မှာ စာကြည့်တိုက် ပါတယ်၊ စာမကြည့်ချင်လည်း စာအုပ်ကို အဖော်ပြုရတာပဲ၊ ဪ… စာအုပ်ကို အဖော်ပြုဖို့ မမပဲ မောင့်ကို အမြဲဆုံးမခဲ့တာ"

"စာအုပ်ကို အဖော်ပြုတာဟာ ကောင်းတာပေါ့ ကလေးမောင်"

"နောက် အဖော်တစ်ခုကိုလည်း တွေ့ရသေးတယ်"

"ဘာများလဲ မောင်"

"လမင်း၊ ငွေလမင်း"

"အို…"

mgyoe.com

"မှောင်တာကို ပြောကြတယ်၊ ဘယ်လောက် မှောင်တာကို တွေ့ဖူးကြသလဲ၊ လမရှိတဲ့ ပင်လယ်က အမှောင်ကို ဘာအမှောင် ထင်သလဲ၊ ကြယ်တွေတော့ ရှိတာပေါ့၊ ဒါပေမဲ့ ပင်လယ်ရေပြင်ကတော့ မည်းမည်းမှောင်နေတာပဲ၊ ဒီတော့မှ နားလည်ပါတယ်"

"ဘာကိုလဲ"

"ဘဝ ဆိုတာကို၊ ပြီးတော့ အချစ်ဆိုတာကို"

"အလို..."

"ကြယ်တွေက အသုံးချလို့ ရတယ်၊ သူတို့ကို ကြည့်ပြီး သင်္ဘောလွှင့်လို့ ရတယ်၊ လမင်းကြီးကို အသုံးချလို့ မရဘူး၊ သူ့ကြည့်ပြီး သင်္ဘောလွှင့်ကြည့်စမ်းပါလား၊ ဘာတွေ ဖြစ်ကုန်မလဲ၊ ကြယ်တွေက အသုံးချလို့ ရတယ်၊ ချစ်စရာ မကောင်းဘူး၊ လမင်းကြီးကတော့ အသုံးချလို့ မရဘူး၊ ဒါပေမဲ့ သူက ချစ်စရာ ကောင်းတယ်၊ ဘဝမှာ အသုံးချစရာက သတ်သတ်၊ ချစ်စရာက သတ်သတ်"

"မင်း တော်တော်မြင့်နေပါလား ကလေးမောင်"

"ဆုံးအောင် နားထောင်ဦး မမ"

"တို့ နားထောင်နေတယ်"

"ခုနင်က မမက မြေပြင်က ကြယ်လေးတွေအကြောင်း ပြောတယ်၊ သူတို့က အသုံးချလို့ ရတယ်၊ မောင်က သူတို့နဲ့ ကစားတယ်လေ၊ ကစားလို့ ရတယ်၊ သူတို့က လည်း မောင့်ကို ကစားတာပဲ၊ မမက မောင့်ကိုသာ အပြစ်တင်တယ်၊ ဘဝက ချစ်တမ်းကြိုက်တမ်း၊ ပေးတမ်း ယူတမ်း ကစားပွဲကြီးမှာ မောင် ဘယ်လောက် ကုန်ခဲ့ရတယ် ထင်သလဲ၊ မောတယ် မမ၊ ကစားရတာ၊ သူလည်း မောတယ်၊ ကိုယ်လည်း မောတယ်၊ ဒီတော့ လမင်းကြီးကို သတိရတယ်"

လဲ့သွယ်က မျက်လွှာချပစ်သည်။ မိမိ၏ မျက်လုံးများကို မြင်သွားလျှင် သူ ဘာပြောဦးမည်နည်း။

"လမင်းကြီးကို မောင် သိတာ ကြာပါပြီ၊ မောင် ငါးတန်းတုန်းက မမက ကိုးတန်းကျောင်းသူကြီး၊ မုန့်ဖိုးကုန်ရင် မမဆီ လာတောင်းတယ်၊ ရန်ဖြစ်လို့ နဖူးမှာ သီးရင် မမက ပရုတ်ဆီ လိမ်းပေးတယ်၊ မောင် ခုနစ်တန်းရောက်တော့ မမက တက္ကသိုလ်ကျောင်းသူကြီး၊ လှလိုက်တာ မမရယ်၊ မောင်က လှတယ်ဆိုတာကို သိတတ်နေပြီ၊ သူငယ်ချင်းတွေက မမိတဲ့ ပန်းကြီးလို့ စ,တော့ မောင်က ပြန်ပြောတယ်၊ ခူးဖို့ပန်း မဟုတ်ဘူးဟေ့၊ ဖူးဖို့ လမင်းကြီးလို့၊ မမကို မောင် မှန်မှန် ဖူးခဲ့တာပဲ၊ ဒါပေမဲ့ မြေပြင်က ဖူးနေသူကို ကောင်းကင်က လမင်း မသိဘူး၊ မောင့်ကိုလည်း မမ မသိဘူး၊ ငွေလမို့လို့ သာတော့ သာသပေါ့၊ မောင့်ပေါ်မှာ မမငွေလ သာပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

လှဲ့သွယ် ငြိမ်နေသည်။ သူ့စကားလေးတွေက နားထောင်၍ ကောင်းသည်။ သူ သည်လို တစ်ခါမျှ မပြောဖူး၊ မိမိကို…။

"မောင် တက္ကသိုလ်ရောက်တော့ မမက သရုပ်ပြဆရာမ ဖြစ်နေပြန်ပြီ၊ အဲဒီမှာ ကြယ်လေးတွေနဲ့ မောင် စတွေ့တာပဲ၊ အရှေ့အနောက် တောင်မြောက် နားလည်အောင် သင်ပေးတဲ့ ကြယ်လေးတွေလေ၊ မမကို မောင် ဘယ်တုန်းကမှ မညာခဲ့ဘူး၊ သူတို့ကြောင့် ပျော်တဲ့အခါလည်း မမရှေ့မှာ မောင် လာဥဒါန်းဆိုတယ်၊ သူတို့ကြောင့် စိတ်ညစ်တဲ့အခါလည်း မမဆီမှာ မောင် လာရင်ဖွင့်တယ်၊ သူတို့ကြောင့် ငိုချင်တဲ့အခါကျ တော့လည်း မမရှေ့မှောက် မောင် ရောက်တယ်၊ အဲဒီအခါကျတော့ မောင် မငိုချင် တော့ဘူး၊ ကြယ်လေးတွေ သွားလေ၊ တို့များမှာ လမင်းကြီး ရှိတယ်ဟေ့"

လှဲ့သွယ်က သူ့ကို ကြည့်သည်။ သူ့မျက်နှာက နုတုန်း၊ ချောတုန်း၊ ပြောနေပုံ က သူ ဟိုး… ငါးတန်းတုန်းက အတိုင်း။

"ဘွဲ့ရပြီးတော့ မောင်က သင်္ဘောမှာ ကဒက် ဖြစ်လာတယ်၊ ခုတော့ အရာရှိ၊ ဒီတော့ ကြယ်လေးတွေ ပိုများလာတယ်၊ ဒီမှာနေတဲ့ လူတွေက အာကာသကြီးထဲက ကြယ်တစ်ဝက်လောက်ကိုပဲ မြင်ဖူးကြတယ်၊ ကမ္ဘာ့တောင်ပိုင်းက ကြယ်တွေကို မမြင် ဖူးဘူး၊ သမုဒ္ဒရာအနှံ့ လျှောက်သွားနေတဲ့ မောင်က အားလုံးကို မြင်ဖူးတယ်၊ ကြယ်တွေ ဟာ မတူဘူး မမ၊ နက္ခတ်တွေလည်း ပြောင်းလဲတယ်၊ မပြောင်းလဲတာက လမင်းကြီး၊ ငွေလမင်းကြီး"

သြော်… အပြီးသတ်ကျတော့ ငွေလမင်းကြီးဆီ ပြန်ရောက်ပြန်ပြီကော။

"သင်္ဘောသားတွေရဲ့ ဖီလိုဆိုဖီကို ပြောပြမယ်၊ သင်္ဘောသားအစစ်တွေရဲ့ ဖီလိုဆိုဖီနော်၊ ကြယ်လေးတွေနဲ့ ကစားနေတဲ့ မောင်သစ်လွင်လေးတွေရဲ့ ဖီလိုဆိုဖီ မဟုတ်ဘူး"

"နိဒါန်းပျိုးလှချည်လားကွယ်"

"ပျိုးရတယ် မမ၊ မောင်ဟာ သိပ်ကောင်းခဲ့တဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ဒါပေမဲ့ စာရေးဆရာကြီး ဂေါ်ကီက ပြောခဲ့တယ်၊ လူဆိုးတစ်ယောက်ဟာ စာအုပ်ကောင်း တစ်အုပ်ထက် သာလွန် ကောင်းမွန်နိုင်ပါတယ်တဲ့"

"မင်း ဘာဆိုလိုသလဲ ကလေးမောင်"

"ကျွန်တော်တို့လည်း လူပါ၊ အကုသိုလ် ရှိသလို ကုသိုလ်လည်း ရှိပါတယ်၊ ဒုစရိုက်ကို အားလုံး မရှောင်နိုင်သေးပေမယ့် ဒုစရိုက် ဆိုတာကို နားလည်ပါတယ်"

"သြော်… သြော်…"

"ဆိပ်ကမ်း ကျွန်းသောင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းနှီးတည်း

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့၊ ဦးသြဘာသက ဆိုခဲ့တယ်၊ ရွက်စုံ စက်ဟုန် ရှိလင့်ကစား ခိုနားစရာ ဆိပ်ကမ်း မရှိသော သင်္ဘောသည် အချည်းနှီးတဲ့၊ ဝါရင့်သင်္ဘောသားကြီးတွေက ပြောပြခဲ့တာ၊ ဆိပ်ကမ်း မရှိရင် သင်္ဘောသားဟာ ဘုရားသခင်က ပြစ်ဒဏ်ခတ်ထားတဲ့ လွင့်မျောနေရတဲ့ ဒတ်ချ်သင်္ဘောသား (Flying Dutchman) လို ကမ္ဘာနိဂုံး တရားစီရင်တဲ့နေ့အထိ ကမ်းမမြင် လမ်းမမြင် ပင်လယ်မှာပဲ ကျင်လည်နေရတော့မယ်"

သူက တစ်မျိုးတစ်မည် ဖြစ်သော အပြုံးနှင့် လဲ့သွယ်ကို ကြည့်သည်။ သည်အပြုံး မှာ အပြုံးနှင့် မဆိုင်သော အရိပ်တစ်ခုက ခိုတွဲနေပါသည်။

"ပင်လယ် မှောင်မှောင်မှာ အဝေး ကမ္ဘာတစ်ဖက်ဆီ ရောက်နေတဲ့ လမင်းကြီး ကို သတိရရင်း မောင် ဆုံးဖြတ်ချက် ချလိုက်တယ်၊ မောင့်ဆုံးဖြတ်ချက်ကို ဖေဖေနဲ့ မေမေ့ဆီ လှမ်းစာရေးလိုက်တယ်၊ မေမေဆိုရင် ဝမ်းသာလွန်းလို့၊ တစ်သက်လုံးမှာ မောင် အလိမ္မာဆုံး ဆုံးဖြတ်ချက်ကို ချတယ်တဲ့၊ တစ်သက်လုံး ခင်ခဲ့ကြတဲ့ မမရဲ့ ဖေဖေနဲ့ မေမေကလည်း ကန့်ကွက်ဖို့ မရှိဘူးတဲ့၊ ဝမ်းသာမှုတွေ၊ မျှော်လင့်ခြင်းတွေနဲ့ မောင် ပြန်လာခဲ့တယ်၊ ဒီရောက်တော့မှ သိရတယ်၊ မောင် ရွေးချယ်တဲ့ ဆိပ်ကမ်းသာက မောင့်သင်္ဘောကို ဆိုက်ကပ်ခွင့် မပေးဘူး၊ မောင့်ငွေလမင်းကြီးက မောင့်ရင်ခွင်ဆီ ခုန်မဆင်းဘူး၊ ဒါဖြင့်ရင် စောစောက ဘာလို့ ငွေလသာ ပြခဲ့ပါသလဲ"

## ( ၅ )

လထွက်တတ်သည့် အရှေ့ဘက်ဆီ လဲ့သွယ်က လှမ်းငေးကြည့်သည်။

လူတွေ၏ ဆန္ဒကြောင့် သူ ထွက်ပေါ်လာရ၍ သူ့ကို စန္ဒာဟု ခေါ်ကြသည်ဆို၏။

ကမ္ဘာဦးတုန်းက မှန်ပါလိမ့်မည်။ လူတွေ အကုသိုလ်နှင့် မိုက်မဲစမို့ ပြန်လိမ္မာ တန် ကောင်းလေရဲ့ဟု သူ အလိုလိုက်ခဲ့မည်။ လိမ်းကျံပေရေနေသော လောဘ၊ ဒေါသ၊ မောဟနွံတွေကို အနှစ်သန်းပေါင်းများစွာ ကုန်သည်အထိ ဆေးကြောပစ်ရမှန်း မသိသေးသည့် လူတွေ၏ ကိုယ်ပေါ်ဆီ ဖြူစင်သော သူ့ရောင်ခြည်ကို သူ ချပေးချင်ပါတော့မည်လော။

လူတွေ၊ သူ့ခန္ဓာကိုယ်ပေါ်မှာပင် တွင်းလာတူးသည့် လူတွေ။ ဖြစ်နိုင်လျှင် သူ့ခန္ဓာကိုယ်ပေါ်မှာ စခန်းချပြီး လောဘ၏ အင်ပါယာကို အာကာသတွင်း ချဲ့ချင်သေးသည့် လူတွေ။

လကွယ်ညများမှာ မသာလည်း တ၊ သာလည်းတ ဟု ကလေးလို ပြောကြရုံလေး နှင့် အားလုံးကို ခွင့်လွှတ်လိုက်ရမည်လော။ လကွယ်ညများ မရှိသည့်အခါ လမင်းကို တမ်းတကြပါမည်လော။

mgyoe.com

mgyoe.com SAMPLE BOOK

လှဲ့သွယ် လှမ်းကြည့်ရာ အရှေ့ဘက် ကောင်းကင်အောက်ခြမ်းကို တောင်ဝိုင်း တောင်တန်းကြီးက ဆီးကွယ်ထားသည်။ တောင်တန်းကြီးဆီမှာက ထုံးစေတီ၊ ကျောင်းကန်ဘုရားနှင့် အေးချမ်းသော ဓမ္မရိပ်သာများ။

"သူ့လမင်းတဲ့ ကလေးမောင်၊ ပြီးတော့ ကိုယ့်လမင်းတဲ့"

လှဲ့သွယ်က စပြောသည်။

"တို့ ငယ်ငယ်က လသာရင် အိမ်ရှေ့က ကွပ်ပျစ်လေးပေါ်မှာ ခဏ အိပ်တတ်တယ်၊ ပြည့်ရွှန်းနေတဲ့ လမင်းကြီးဟာ ကောင်းကင်ကနေ ကျွံကျလာတော့မှာပဲလို့ တို့ ခဏခဏ ထင်မိတယ်၊ လမင်းကြီး ကျွံကျလာရင်တော့ သူများထက်ဦးအောင် တို့က ပြေးကောက်ပြီး တို့ရင်ခွင်ထဲမှာ ပွေ့ပြီး ထားမယ်လို့ စိတ်ကူးထားတယ်၊ စိတ်ကူးယဉ်တာ မဟုတ်ဘူး ကလေးမောင်၊ အဲဒီတုန်းက တို့ တကယ်ထင်တာ"

လှဲ့သွယ်က အသာအယာ ရယ်လိုက်ပြီးမှ ဆက်ပြော၏။

"လမင်းကြီး ကျွံကျလာရင် ပြေးကောက်ဖို့သာ တို့က စိတ်စောနေတယ်၊ လမင်းကြီး မရှိရင် ကောင်းကင်ကြီး ဘာဖြစ်သွားမလဲ၊ အဲဒါကိုတော့ တို့ မစဉ်းစားမိဘူး၊ သြော်… ဓူဝံကြယ် မြေမှာ ခကြွေတဲ့ ယောကျ်ားတွေ ဆိုကြတာ၊ ကြွေပလေ့စေပေါ့၊ ဘာဖြစ်သလဲ"

"ဘာ… ကြွေပလေ့စေ"

"အင်း… ကြွေပလေ့စေ၊ ဟောဒီ ကမ္ဘာကြီးက ၂၃½ ဒီဂရီ စောင်းပြီး အရှိန်သေခါနီးတဲ့ ဂျင်လို ယိုင်ယိုင်လည်နေတာ၊ ခရစ်မပေါ်ခင် နှစ်သုံးထောင်လောက် အီဂျစ်လူမျိုးတွေ ပိရမစ်ကြီးတွေ တည်နေချိန်က ဓူဝံကြယ် ဆိုတာဟာ မြင်းမိုရ်နဂါး အမြီးစွန်းက သူဘန်း (Thuban) ကြယ်ကို ခေါ်တာ၊ အခု တို့ခေါ်တဲ့ ဓူဝံကြယ်က ပိုလရစ်ကြယ်ပါ၊ ခရစ်နှစ် လေးထောင်ကျရင် ပိုလရစ် နန်းကျသွားပြီး မြင်းတာရာလို့ ခေါ်တဲ့ ဆီးဖီးယက်စ် ဘုရင်ကြယ်စု ဝက်မြီးဆံပင် ကြယ်ထဲက ဂင်မာဆီးဖိုင် (Gamma Cephei) ကြယ်က ဓူဝံကြယ် ဖြစ်လာပါလိမ့်မယ်၊ ဒီလိုနဲ့ တစ်ကြိမ်ပြီး တစ်ကြိမ် ဓူဝံကြယ်ဘွဲ့ ခံလာလိမ့်မယ်၊ ဥပမာ–ခရစ်နှစ် တစ်သောင်းရှစ်ထောင်ကျရင် ဟာကျူလီ ကြယ်စုထဲက တောဟာ ကျူလစ်ကြယ်က ဓူဝံကြယ် ဖြစ်ပြန်ပါလေရော၊ တို့ ရူပဗေဒက အတိအကျ တွက်ပြီးပြီ၊ အဲ… ဒီနေ့ကနေ နောက်နှစ်ပေါင်း နှစ်သောင်းငါးထောင့်ရှစ်ရာ ကြာရင်တော့ တစ်ပတ်ပြည့်ပြီး ပိုလရစ်ခမျာ ဓူဝံကြယ် တစ်ခါ ဖြစ်ရှာဦးမပေါ့"

"မမ ဘာတွေ လျှောက်ပြောနေတာလဲ"

"ပိုလရစ်လို့ ခေါ်တဲ့ ဓူဝံကြယ် မရှိလို့ လောကကြီး ဘာမှ ဖြစ်မသွားပါဘူးလို့၊ ဒါကြောင့် ကြွေချင် ကြွေပလေ့စေလို့၊ ဒါပေမဲ့ လမင်းကြီး ကြွေသွားရင် ဘာဖြစ်သွားမလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

လှဲ့သွယ်က သက်ပြင်းရှိုက်ပြီး မိမိ အမေးကို မိမိ ဖြေသည်။

"လမင်းကြီး ကြွေသွားရင် ကောင်းကင်ကြီးလည်း မှောင်သွားမယ်၊ လောက ကြီးလည်း မှောင်သွားမယ်၊ မင်း စောစောက ပြောခဲ့တယ်၊ ဘယ်လောက် မှောင်သွား မလဲ တဲ့၊ အမှောင်ကို ကိုယ်တွေ့ မြင်ဖူးမှ ဘယ်လောက် မှောင်တယ်ဆိုတာကို သိရ မယ်၊ မင်း ဒီလိုဆိုချင်တယ် မဟုတ်လား ကလေးမောင်"

သူက မဖြေ၊ ဆိတ်ဆိတ်နေ၏။

"ဘယ်လောက် မှောင်တယ်ဆိုတာကို တို့များ သိတယ် ကလေးမောင်၊ ဘာဖြစ် လို့တုံး ဆိုတော့ တို့ရင်ထဲက လမင်းကြီး ကြွေခဲ့တာကိုး"

"ခင်ဗျာ..."

"မင်းက ကျူးသွားတဲ့ မင်းရဲ့ အသည်း အာကာသကြီးကို ကောင်းကင်ကြီးလို့ ခေါ်ခဲ့တယ်၊ တို့များကတော့ ဒီလောက် လောဘ မကြီးပါဘူး၊ အသည်းလို့လည်း မပြောချင်ဘူး၊ နှလုံးသားလို့ပဲ ပြောချင်တယ်၊ တို့နှလုံးသားဟာ တို့ကမ္ဘာပါ၊ တို့ကမ္ဘာ ဟာ မှောင်နေသေးတယ်ကွယ်"

သူက မယုံကြည်နိုင်ဟန်ဖြင့် လှဲ့သွယ်ကို စိုက်ကြည့်နေသည်။

"သူက တစ်ပြန်များ တို့ကို လမင်းကြီးရယ်လို့ ခေါ်ခဲ့ဖူးတယ်၊ မင်းလိုပဲ ခေါ်ခဲ့ဖူးတယ်"

"သူ... သူ... အခု ဘယ်မှာလဲ"

"သူဟာ ဂျူပီတာတို့၊ စေတန်တို့ဆီ ရောက်နေမှာပေါ့"

"ခင်ဗျာ"

"လမင်း တစ်ခုမက ရှိတဲ့ ဂြိုဟ်တွေဆီမှာပေါ့၊ ဒီတော့ သူ့မှာ လကွယ်ရက်တွေ မရှိတော့ဘူး၊ မြေကို မစွန့်တဲ့ တို့များမှာတော့ လကွယ်ခဲ့ပြီ"

သူ့လက်က မိမိ လက်ဝါးလေးများကို ဆုပ်ညှစ်ကိုင်လာသည်။ ကိုင်ပေစေပေါ့။ ဟိုး... ငယ်ငယ်ကတည်းက ကိုင်ခဲ့တာ။

"မမရယ်၊ မှောင်နေတဲ့ မမကမ္ဘာမှာ မောင်က လမင်းကြီး မဖြစ်နိုင်ဘူးပေါ့"

တန်ဆောင်မုန်းလဦး ဖြစ်သဖြင့် နေဝင်ချိန် အတန်စောသည်။ နှင်းဦးလေးတွေ လည်း ဝေနေ၏။

မနော်ဟာရီကန်၏ ဆည်တံခါးထိပ်မှ ဓာတ်တိုင်တွင် မာကျူရီမီးလုံး လင်းလာ ၏။

"အို ဟိုး... မှောင်နေပါတယ် ဆိုတဲ့ မင်းက တို့များရဲ့လမင်း ဘယ်လို ဖြစ်နိုင် မလဲ၊ ပြီးတော့..."

mgyoe.com

mgyoe.com SAMPLE BOOK

လှဲ့သွယ်က မပြုံးချင်ဘဲ ပြုံး၍ ပြောရ၏။

"မှောင်နေတဲ့ တို့များကလည်း ဘယ်လိုလုပ် မင်းရဲ့လမင်း ဖြစ်နိုင်မလဲ"

လှဲ့သွယ်က ဓာတ်တိုင်ကို ညွှန်ပြသည်။

"တို့ ဓာတ်တိုင်တွေတော့ ဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမဲ့ ဓာတ်တိုင်ဟာ လမင်း မဟုတ်ဘူး၊ လမင်းကလည်း ဓာတ်တိုင် မဟုတ်ဘူး၊ တို့များ တော်လောက်ပြီကွယ်"

( ၆ )

ရွှေမြိုင်ဆောင် ဂိတ်ဝအထိ သူ လိုက်ပို့သည်ကိုတော့ လှဲ့သွယ် လက်ခံသည်။

ခွဲခါနီးတွင် သူက နောက်ဆုံး တောင်းပန်သည်။

"လမင်းကြီးကို မေးရင် သူ့ကိုယ်သူတော့ လင်းနေတာ သိမှာ မဟုတ်ဘူး၊ ဒါပေမဲ့ လောကဟာတော့ သူ့ကြောင့် လင်းတယ်"

"ဒီတော့..."

"မမငွေလမင်းရယ်၊ ကျွန်တော့်အပေါ်၊ မောင့်အပေါ် မလင်းနိုင်ဘူးလား"

"တို့က တို့ကိုယ်တို့ လင်းမှန်း မသိဘဲ သူများပေါ် မလင်းချင်ဘူး၊ ဒါပေမဲ့ ကလေးမောင်..."

"ခင်ဗျာ..."

"တို့များ တို့ဘာသာ လင်းတဲ့အခါ မင်းအပေါ်မှာ သာပေးပါ့မယ်"

"အို... မမ၊ တကယ်ပြောတယ်"

"တကယ်ပြောတယ်၊ သြော်... မင်းက မမရဲ့ မေတ္တာတွေ၊ ကရုဏာတွေဟာ ဦးနှောက်ဆိုတဲ့ ကွန်ပျူတာကြီးက လာတယ်လို့ ပြောခဲ့တယ်နော်"

သူ မဖြေ။

"မဟုတ်ပါဘူးကွယ်၊ နှလုံးသားတွင်းက ဟဒယဝတ္ထုရုပ်က လာပါတယ်၊ အဲဒီထဲမှာတော့ မေတ္တာတွေရော၊ ကရုဏာတွေရော၊ ချစ်တာတွေရော၊ မုန်းတာတွေရော၊ သောကတွေရော၊ ဒေါမနဿတွေရော၊ အလင်းတွေရော၊ အမှောင်တွေရော၊ ပွမ်းနေ၊ ရောနေ၊ ရှုပ်နေ၊ ထွေးနေတယ်ကွယ်၊ မှောင်တာက များလိမ့်မယ် ထင်တယ်၊ တစ်ခါတစ်ရံ လျှပ်ပြက်တာကို မင်း မြင်ဖူးခဲ့ဟန် တူပါတယ်"

သူက လှဲ့သွယ်ကို ငေးကြည့်နေသည်။ လျှပ်ရောင်လှဲ့လှဲ့ကို သူ တွေ့လေသလား။

"တို့ အပြင်က လမင်းကို မရှာတော့ပါဘူး၊ တို့အတွင်းမှာ လမင်းကို ဖွဲ့ယူမယ်၊ ဖွဲ့ယူတတ်စ ပြုပြီလို့လည်း တို့ ထင်တယ်၊ ဒါပေမဲ့ ကလေးမောင်..."

mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျာ…"

"တို့ တကယ် လင်းနိုင်လို့ သာပြန်တော့လည်း ဒီအလင်းကို မင်း ကြိုက်မှာ မဟုတ်ပါဘူး"

"အိုး… ဘာပြုလို့"

"လူသားတွေဟာ အနှစ် သန်းပေါင်းများစွာ ကြာပေမယ့် ကလေးပဲ ရှိကြသေးတယ်၊ မင်း ပြောတဲ့၊ လွင့်မျောနေရတဲ့ ဒတ်ချ်သင်္ဘောသားကြီးလို ကမ်းမမြင် လမ်းမမြင် ပင်လယ်မှာပဲ ကျင်လည်နေကြဦးမှာပဲ၊ ပင်လယ်မှာ သွားနေကြတော့ ဘာပဲပြောပြော ကြယ်လေးတွေကိုသာ တန်ဖိုးထားကြမှာပါ၊ သူတို့က အသုံးဝင်တယ်လေ၊ ကိုယ်ကလည်း ခရီးသွား မဟုတ်လား၊ ဘယ်ထိအောင် ခရီးသွားမလဲ၊ လမင်းတွေ တစ်ခုမက ရှိတဲ့ ဂြိုဟ်တွေဆီအထိ သွားမယ်၊ အဲဒီရောက်အောင် တို့အလင်းက အသုံးမဝင်ပါဘူး၊ တို့အလင်းက နှလုံးသားကမ္ဘာ အတွက်သာပါ၊ ဒါပါပဲ၊ နှုတ်ဆက်တယ် ကလေးမောင်"

*ပန်းဝေသီမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၉ ခုနှစ်။*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# သည်စခန်း သည်လမ်းကပဲ လာရသည်

## ( ၁ )

*'ရွှေခြည် ငွေခြည် တန်းပါလို့… ရက်ကန်းရွှေစင်… ကန်းရွှေစင်…*
*ရွှေခြည် ငွေခြည် တန်းပါလို့… ရက်ကန်းရွှေစင်… ကန်းရွှေစင်…'*

သည်သီချင်းလေးကို ငယ်ငယ်ကတည်းက ကြားဖူးသည်။ မေမေ့နှုတ်ဖျားမှ ဆိုသည်ကို စကြားဖူးသည်။

ရက်ကန်းသည်လေး တစ်ဦးကိုလည်း ငယ်ငယ်ကပင် မြင်ပြီး ချစ်ဖူးသည်။ သူ့ကိုတော့ ပန်းချီတွင်းမှာ တွေ့ဖူးသည်။ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော အင်္ဂလိပ်သမိုင်း ပုံပြင်စာအုပ်မှ ပန်းချီတွင်းမှာ…။

သူက ဂူကြီးတစ်ခုတွင်းမှာ နေသည်။ သူနှင့် စကော့တလန် စစ်ရှုံးဘုရင်ကြီး ရောဘတ်ဘရူးစ်၏ အကြောင်းကို ဆရာမက ပြောပြခဲ့သည်။

မေမေ့လိုပင် ချစ်စရာကောင်းသော ဆရာမက ပြောပြခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

နွေဦးရက်များ၏ နေ့လယ်သည် တစ်ခါတစ်ရံ ပျင်းရိဖွယ် ကောင်း၏။ လေပွေအသေး စားက မွှေ့ချင် မွှေ့ချင်နှင့် မွှေ့၏။ သစ်ရွက်ခြောက်များက လေပွေနှင့်အတူ အမြင့်သို့ မတက်ချင် တက်ချင်နှင့် ခရုပတ်လည် တက်၏။ ခဏတွင် အရှိန်ကုန်၍ ပြန်ကျသောအခါ ကတ္တရာလမ်းပေါ်မှာ တစ်လိမ့် နှစ်လိမ့်နှင့် လွင့်လိမ့်သွားကြပြီး မြေမှာ ငြိမ်နေ၏။

ဥသြသံကိုပင် မကြား။ နွေနေ့လယ် ပူပူတွင် ဘယ်အရိပ်မှာ သွားအိပ်မောကျနေ သည် မသိ။

ကျွန်တော်က တကောင်းကျောင်းဆောင်၏ အရှေ့ဘက်တောင်ပံ မြောက်ဘက် မျက်နှာ ဝရန်တာမှ နေ၍ ခင်မောင်အေး၏ အခန်းတွင်းသို့ ဝင်လိုက်သည်။

ခင်မောင်အေးက ခုတင်ပေါ်တွင် ပက်လက်လှန်၍ မျက်နှာကြက်ဆီ ငေးစိုက် ကြည့်နေ၏။

ကျွန်တော်က စာရေးစားပွဲရှိ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြော၏။

“ငါက ပျင်းလို့ မင်းအခန်း လာတယ်၊ မင်းက အသေကောင်ကြီးလို ပက်လက် လှန်နေတယ်”

“ပက်လက်လှန်နေတာ မဟုတ်ဘူး၊ ပက်လက် တွေးခေါ် မော်မြင်ကြည့်နေတာ”

“ဒီတော့ မှောက်ရက် သဘောတရားတွေများ တွေ့လေမလားပဲ”

“မင်းဘိုးအေ မှောက်ရက်သဘောတရားတွေ၊ ငါ ကြည့်နေတဲ့နေရာကို ငါ့လို ကြည့်”

သူ ကြည့်သော နေရာကို ကျွန်တော် လိုက်ကြည့်၏။

အခန်းမျက်နှာကြက်ဆီမှ ငွေမျှင်ကြိုးတန်းလေးဖြင့် ပင့်ကူလေးတစ်ကောင် တွဲလဲကျနေသည်။ ခြေလေးများက လှုပ်ရှားနေ၏။ ကိုယ်လေးက တဖြည်းဖြည်းနှင့် မျက်နှာကြက်ဆီ ရွေ့တက်နေ၏။

“ရောဘတ်ဘရုစ်ကို သွားသတိရနေတယ်၊ ပင့်ကူလေးရဲ့ ဇွဲသတ္တိကို နမူနာ ယူပြီး စကော့တလန် တစ်ပြည်လုံးကို အင်္ဂလိပ်လက်ထဲက ပြန်သိမ်းခဲ့တာကွ”

“သြော်... သြော်... မင်းကလည်း ခုပင့်ကူလေးကို နမူနာယူပြီး မချို့မတိုင်း ကြီးကို သွားသိမ်းတော့မလို့လား”

“မင်းအမေလင် မချို့မတိုင်းကြီး”

လူတစ်ကိုယ်မှာ လျှို့ဝှက်ကိစ္စ တစ်ခုခု ရှိရိုးဖြစ်သည်။

မချို့မတိုင်းကြီး ဆိုသည်မှာ ခင်မောင်အေး အထိမခံနိုင်သော လျှို့ဝှက်ကိစ္စ၏ သော့ခလုတ် ဖြစ်၏။ သည်ခလုတ်ကို သွားနှိပ်မိတော့ ကျွန်တော့်အမေနှင့် မချို့မတိုင်းကြီး ကို ပေးစားပြီး ခင်မောင်အေး တစ်တစ်ခွခွ ဆဲတော့၏။

mgyoe.com

 mgyee.com SAMPLE BOOK 

ရှိုးရှိုးဆဲရုံနှင့် မကျေနပ်သေးဘဲ သူကလည်း ခလုတ်တစ်ခု ပြန်နှိပ်၏။

"ပျင်းတာနဲ့ ငါ့ဆီ လာရသလား၊ မမီပန်း ချစ်မမကြီးရဲ့ အလှ ဆိုတာတွေကို ခေါင်းကနေ ခြေအထိ တွေးပြီး ကိုယ့်အခန်းမှာ ကိုယ် စိတ်နဲ့ ပြစ်မှားနေပါလား"

"အလှတရားဟာ ပြစ်မှားစရာ မဟုတ်ဘူး"

"အေး… ကဗျာဆရာက ပြစ်မှားတာကျတော့ အဟမ်း… အလှကို အာရုံခံခြင်းပေါ့၊ ရှိုးရှိုးလူ အာရုံခံတော့ ပြစ်မှားတာပေါ့၊ မိန်းကလေးတစ်ယောက်ရဲ့ အလှကို အာရုံပြုနေတာကို မင်းက ကမ္ဘာ့ဒွန်းထိုင်တယ်လို့ ပြောချင်လို့လား"

ကျွန်တော်က နေရာမှ ထ၏။

"အေး… မငြင်းတော့ဘူး၊ ငါ ပြန်တယ်၊ မြို့ထဲ ထွက်တော့မယ်"

"မင်းက ဘယ်က ပိုက်ဆံရှိလို့ မြို့ထဲ ထွက်မှာလဲ"

"ဒီလိုပဲ ရှာရမှာပဲ၊ မြို့ထဲ ရောက်ရင် ပိုက်ဆံတွေ အများကြီး ရမှာ၊ ဒီတော့ ရုပ်ရှင်လေး ဘာလေး ကြည့်၊ အာရ်အာရ်ဂန္ဓီဘေးက ဆိုင်မှာ လက်ဖက်ရည်သောက်၊ စီးကရက်လေး ခဲ"

ခင်မောင်အေးက မယုံသည့် မျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်နေ၏။

"ခွေးကောင် စိတ်ကူးယဉ်ပြီး သွားရည်ကျစရာတွေ လာပြောမနေနဲ့၊ နေပူပူ ပျင်းခြောက်ခြောက်မှာ နဂိုကမှ ချင်ခြင်းအမျိုးမျိုး တပ်နေရတဲ့အထဲ"

"မင်း မယုံလည်းနေ၊ ဒီနေ့ လဆန်းတာ ရှစ်ရက် ရှိသွားပြီ"

"အဲဒါ ဘာဖြစ်သလဲ"

"ငါ့ဘာသာပြန် ဝတ္ထု ဒီလ မက်မပြေမဂ္ဂဇင်းမှာ ပါတယ်လေ၊ မင်း သိသားပဲ"

ပညာရှိမှာ တစ်တောင် ပြလိုက်မှ တစ်ထွာကြီး ပစ်မြင်လိုက်ဟန် ရှိ၏။ သူ့မျက်နှာ ဝင်းထိန်သွား၏။

"ဟုတ်ပါရဲ့၊ မင်းက ငါ့အချစ်ဆုံး သူငယ်ချင်းပဲဟာ"

"ဘာပြောတယ်"

"ငါလည်း လိုက်မှာပေါ့"

"မင်းမှာ ပိုက်ဆံ ဘယ်လောက် ရှိသလဲ"

"ခြေစောင့် လက်စောင့် တစ်မတ် ရှိတယ်"

"အေး… အလုပ်ဖြစ်ပြီ၊ ငါ့မှာက တစ်မူး ရှိတယ်"

တစ်မတ်မှာ နှစ်မူး ရှိသည်။ တစ်မူး ထပ်ပေါင်းတော့ သုံးမူး ညီမျှခြင်း ခြောက်ပဲ။ သိမ်ကြီးဈေး ကားဆိပ်အရောက် ကားခ လူတစ်ယောက် သုံးပဲ၊ ခြောက်ပဲသော အသပြာဖြင့် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် မြို့တွင်း ရောက်နိုင်သည်။

ကျွန်တော်တို့နှစ်ယောက် ရေချိုးကြသည်။ ကိုယ်လိမ်းပေါင်ဒါနှင့် ခေါင်းလိမ်းဆီက ကုန်နေကြ၏။ ကိစ္စမရှိ။

mgyee.com

mgyoe.com  SAMPLE BOOK 

ကိုရွှေသာအောင့် အခန်းတွင် ဘရိုင်လ်ခရင်းမ် သွားလိမ်းကြသည်။ ခင်ဦးမောင် အခန်းတွင် ကိုယ်လိမ်းပေါင်ဒါ ယဒ်လေ သွားဖို့ကြ၏။

စာမေးပွဲ ကျမည်ကို စိတ်တုံးတုံးချ ယုံကြည်ထားသော ခင်ဦးမောင်က မျက်တွင်း ချောင်လေးနှင့် စာကျက်နေရာမှ မေး၏။

"ခွေးသူခိုး နှစ်ကောင် ဘယ်မသာ ပို့မလို့ အလှပြင်နေတာလဲ"

"သွားရည်မကျနဲ့ ကိုအီစွတ်၊ တို့ ကောင်မလေး နှစ်ကောင်နဲ့ ဝင်းဝင်းရုံမှာ ပြဇာတ်ကြည့်ဖို့ ချိန်းထားတယ်"

"အမယ်လေး… လေး… မိုးကြိုးတွေ ပစ်၊ မြေတွေ မျိုတော့မှာပဲ"

ခင်မောင်အေးက မျက်နှာထားတည်တည်ဖြင့် ဝင်ပြော၏။

"ဒီလို ကိုကြက်ဥရဲ့၊ ဘုန်းနိုင်ဝတ္ထု ဒီလ ပါလာတယ်၊ မင်း သိသားပဲ"

"အဲဒါနဲ့…"

"စာမူခ ရမယ်လေ၊ ကောင်မလေးနှစ်ယောက် ဆိုတာက တို့စာဖတ်ပြီး ကြည်ညို နေသူတွေပါ၊ ဟိုလိုလို ဒီလိုလို မဟုတ်ပါဘူး၊ ပြဇာတ်ကြည့်မယ် ဆိုတာက အကြွား လွန်သွားတာပါ၊ ဒီလောက် မတတ်နိုင်ပါဘူး၊ ရုပ်ရှင်လောက်ပါ"

"မအေပေးတွေ၊ ဒါမျိုးကျတော့ ငါ့ မခေါ်ဘူး၊ ငါ့ပေါင်ဒါတော့ လာဖို့တယ်"

"ကလေးက စာကျက်နေတယ် မဟုတ်လား၊ ကျက်… ကျက်၊ လိမ္မာတယ်၊ ညီမလေးလည်း ဝမ်းသာမယ်၊ ညကျမှ လှည်းတန်းထိပ်မှာ ဘူးသီးကြော် ကျွေးမယ်"

"အေး… တကယ်ကျွေးရမှာနော်၊ ကောင်မလေးတွေကို သဒ္ဓါပိုပြီး လိုတာ ထက် ပိုမသုံးခဲ့ကြနဲ့၊ မင်းတို့ ပေါင်ဒါဖိုးစရာ မရှိတော့ အဲဒီကောင်မလေးတွေက ဖွဲတောင် လာဖို့ပေးမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် အစ်ကိုရယ်"

"အခြေအနေအရ ကူလီကူမာ တိုးတက်မှုကလေးတွေ ရှိရင်လည်း တို့များကို ပြန်သံတော်ဦးတင်"

"တင်ပါ့မယ်၊ အစ်ကို ဒါမျိုး ဝါသနာပါတာ ကျွန်တော်များ အသိအမှတ်ပြု ထားပါတယ်"

ရှိသမျှမှ အကောင်းဆုံး အဝတ်အစားများ လဲဝတ်ကြပြီး တကောင်းကျောင်း ဆောင်ထက်မှ ခင်မောင်အေးနှင့် ကျွန်တော် ဆင်းလာခဲ့ကြသည်။

ကျောင်းသားအများ စာမေးပွဲပြီး၍ ပြန်သွားကြပြီ ဖြစ်သောကြောင့် တကောင်း ကျောင်းဆောင်ကြီးမှာ တိတ်ဆိတ်နေသည်။

မတ်လက ဖြေခဲ့သော စာမေးပွဲကို ကျမည်ဟု ကိုယ့်ဘာသာကိုယ် စိတ်ချပြီး ဇွန်လတွင် စစ်မည့် ကွန်ပတ် ခေါ် နောက်ဆက်တွဲ စာမေးပွဲအတွက် အိမ်မပြန်တော့ဘဲ စာဆက်ကျက်နေသူ အနည်းငယ်သာ အဆောင်မှာ ရှိသည်။

mgyoe.com

SAMPLE BOOK

ခင်မောင်အေးနှင့် ကျွန်တော်တို့လည်း စာမေးပွဲ အောင်မည်ဟု စိတ်သိပ်မချထားပါ။ သည်လောက်လည်း မပူပါ။

အောင်စာရင်းတွင် ကိုယ့်နာမည် ပါရေးထက် မဂ္ဂဇင်းတွင် ကိုယ့်စာ ပါ၊ မပါက ကျွန်တော်တို့အတွက် ပိုအရေးကြီးသည်။ တကယ်တော့လည်း ကျွန်တော်တို့နှစ်ယောက်သည် စာသင်ခန်းများမှာထက် မဂ္ဂဇင်းတိုက်များတွင် ကျင်လည်သည်က များကြသည်။ မဂ္ဂဇင်းတိုက်များ ဆိုရာ၌လည်း နာမည်ကြီး တိုက်ကြီးများထက် ရေပွက်ပမာ ပေါ်ပေါက်လာတတ်သော တိုက်ကလေးများတွင်သာ ဖြစ်သည်။ အဲသည် တိုက်ကလေးများက ပိုက်ဆံ မပေးကြပါ။

အဆောင်ဂိတ်ဝ စိန်ပန်းပင်ရိပ်တွင် ရပ်ရင်း အင်းစိန်-ရန်ကုန် အချိန်မှန်ဘတ်စ်ကားကို ကျွန်တော်တို့ စောင့်နေကြသည်။

စိန်ပန်းပင် ဆိုသည်က အရိပ်မကောင်း၊ နွေ၏ နေ့လယ်စောင်းနေကလည်း ရက်ရက်စက်စက် ပူသည်။

သို့ရာတွင် ကျွန်တော့်စိတ်မှာမူ ရွှင်လန်းနေသည်။

မက်မပြေ ဆိုသည်က ထိပ်တန်းမဂ္ဂဇင်း။ ကိုယ့်စာမူ သူ သုံးလျှင် ပိုက်ဆံရရုံမက ဂုဏ်လည်း ရှိသည်။

ဂုဏ်ကိုထား၊ ပိုက်ဆံရမည်ကပင် ရင်ခုန်ဖွယ်။

အကြောင်းမှာ ယနေ့ စာရေးဆရာအဖြစ် ပထမဆုံး စာမူခ ပိုက်ဆံ ရဖူးတော့မည်။

## ( ၃ )

မက်မပြေမဂ္ဂဇင်းတိုက်က မဂိုလမ်းနှင့် မနီးမဝေးရှိ လမ်းကျယ် အသေးစားတစ်ခုမှာ ရှိသည်။ ဗိုလ်ချုပ်လမ်းမှ ဝင်လျှင် နီးသည်။

အင်းစိန်အချိန်မှန်ဘတ်စ်ကားက သိမ်ကြီးဈေးတွင်သာ ဂိတ်ဆုံးသည်။

ရန်ကုန်မြို့တွင် ချစ်စရာများစွာ ရှိသကဲ့သို့ မုန်းစရာတွေလည်း များစွာ ရှိသည်။ မုန်းစရာများစွာအနက် လမ်းမကြီးတွေဘေးတွင် သစ်ရိပ်၊ ဝါးရိပ် မရှိခြင်း ဖြစ်သည်။ နွေမှာဆိုတော့ ပိုဆိုးသည်။ အပေါ်ကလည်း ပူသည်။ ကတ္တရာလမ်းနှင့် ပလက်ဖောင်းကလည်း ပူသည်။

သည်လို အပေါ်ပူ၊ အောက်ပူမှာ လမ်းလျှောက်ပြီး မဂ္ဂဇင်းတိုက်သို့ ကျွန်တော်တို့ နှစ်ဦး လာခဲ့ကြသည်။

မဂ္ဂဇင်းထောင်လျှင် တည်ရာကို တိုက်ဟု ခေါ်ကြသည်။ မည်သူကမျှ မဂ္ဂဇင်းအိမ်၊ မဂ္ဂဇင်းတဲ၊ မဂ္ဂဇင်းတင်းကုပ်ဟု မခေါ်ကြ။ မဂ္ဂဇင်းတိုက် တော်တော်များများမှာ တဲ သို့မဟုတ် တဲသာသာအိမ် သို့မဟုတ် အိမ်နှင့် တိုက်ကြားက ကပြားအဆောက်အအုံ။

mmyoe.com

မက်မပြေတိုက်ကား တိုက်မှ တိုက်အစစ်။ လမ်းကလည်း ကုမ္ပဏီဖွင့်သော ကုလားသူဌေးများသာ ရပ်တည်ရှင်သန်နိုင်သော လမ်း။

တိုက်တွင်း ဧည့်ခန်း တိုက်အုပ်စားပွဲကြီးတွင် ပိုင်ရှင်လည်းဖြစ်၊ အမည်မခံသော်လည်း အယ်ဒီတာချုပ် အစစ်ကေန်ဖြစ်သော ဦးလေးမော် ထိုင်နေသည်။ သူ့ရှေ့မှာက ပုဂ္ဂိုလ်ကြီး နှစ်ဦး။

ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ကဗျာဆရာကြီး နှစ်ဦး ဖြစ်သည်။ တက္ကသိုလ်မှ ဖြစ်သဖြင့် ကျွန်တော်တို့၏ ဆရာသမားကြီးများလည်း ဖြစ်ကြ၏။

ကျွန်တော်တို့က ဆရာသမားကြီးများနှင့် ကုလားထိုင် ယှဉ်ထိုင်ဝံ့သူများ မဟုတ်ကြ။

အယ်ဒီတာ ဂဠုန်ဖြူကြီး၏ စားပွဲမှာ ဂဠုန်ဖြူကြီးလည်း မရှိ။ ဂဠုန်ကို မမြင်ဖူးသောကြောင့် ဂဠုန် ဘာအရောင်မှန်း ကျွန်တော် မသိရိုး အမှန်ပါ။ ဇာတ်ထဲက ဂဠုန်တွေကတော့ အစိမ်းရောင်။ ကျွန်တော်တို့ အယ်ဒီတာကြီးကတော့ သူ့ကိုယ်သူ ဖြူပစ်လိုက်သည်။ ဘာဖြစ်သေးလဲ ဂဠုန်ဖြူ ရသည်။ တစ်ခုပဲ ရှိသည်။ သူ့အသားက မည်းသည်။ မဟုတ်၊ ညိုသည်။

အဲ··· ယခု ဂဠုန်ဖြူကြီး မရှိ။

ဂဠုန်ဖြူကြီး၏ စားပွဲမှ ကုလားထိုင်လေးများတွင် ကျွန်တော်တို့ ယို့ယို့ငြိမ်ငြိမ် ထိုင်ကြ၏။

ဦးလေးမော်က တစ်ချက်တော့ ကျွန်တော်တို့အား လှမ်းကြည့်ဖော်ကြီးများ ပြုပါ၏။ သည်လောက်ပဲ။ သည်လောက်ပါပဲ။ အပိုအလို မရှိပါ။

သူ့စားပွဲပေါ်မှာက လက်ဖက်ရည်နှင့် မုန့်များ ရှိသည်။ သူက ဆရာကြီးနှစ်ပါးကို အတင်း လက်ဖက်ရည် တိုက်၍ မုန့်စားခိုင်းနေသည်။

ဆရာကြီးတစ်ဦးက လေနာကြောင့် မသောက်ပါရစေနှင့်ဟု တောင်းပန်နေသည်။ ဆရာကြီးတစ်ဦးကမူ ထမင်းစားပျက်မည်ကို ကြောက်ကြောင်း အကြောင်းပြလျက် ငြင်းဆန်နေသည်။

ခင်မောင်အေးနှင့် ကျွန်တော်တို့က တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြသည်။

စိတ်တွင်းကတော့ ပြောမိ၏။ ဦးလေးမော်ရေ··· သတ္တိရှိရင် ကျွန်တော်တို့ ဘက်ချကြည့်စမ်းပါလား။ တစ်ကောင်မှ လေနာ မရှိဘူး။ ထမင်းစားပျက်ဖို့ ဝေးရော၊ အားတိုင်း ဆာဆာနေလို့ သိပ်ခက်နေတယ်။

ဦးလေးမော်က အသားဖြူဖြူ လူပုံက ရှည်ရှည်နွဲ့နွဲ့။ သို့ရာတွင် စိတ်အင်အားကြီးသည် ကြားဖူးသည်။ သူ ဖြစ်ချင်တာသည် ဖြစ်ရမည်။ ဖြစ်ကို ဖြစ်ရမည်။

ယခုလည်း ဘာရမည်နည်း။ ဆရာကြီးနှစ်ဦး မစားချင်၊ မသောက်ချင်ဘဲ စားကြ၊ သောက်ကြရသည်။ တပည့်များက စိတ်မကောင်း။ ဆရာသမားတစ်ဦး လေနာ ရှာရော့မည်။ တစ်ဦး ထမင်းစားပျက်ရှာရော့မည်။ ကိုယ့်ဒုက္ခ ကိုယ် ရှာကြရသလား

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီးတို့ရယ်။ သည်ဘက်က တပည့်နှစ်ကောင်ဆီ စွန့်ချလိုက်ပါလား။ ဆရာ့ဝတ်ငါးပါးတွင် တပည့်ကို ကျွေးရ မွေးရမည်ဟုတော့ မတွေ့ဖူးပါ။ သို့ရာတွင် ဆရာသည် မိဘနှင့် တစ်ဂိုဏ်းတည်း ဆိုတော့ ကျွေးရ မွေးရမည် ဆိုတာက အဲ.. အန်ဒါစတွဒ်ပေါ့။

ရှေးက ချမ်းသာသူများ ခါးတွင် ခြောက်လုံးပြူးအလှ ထိုးတတ်သည်။ ဦးလေးမော်ကတော့ ခါးတွင် ငါးလုံးပြူး လိမ်ထားတတ်သည်။ ငါးလုံးပြူး ဆိုသည်မှာ စတိတ်အိတ်စ်ပရက်စ် ငါးသုံးလုံး စီးကရက်သံဘူး။

ဦးလေးမော်က ဆရာကြီးများကို သံဘူးအဖုံးဖွင့်ပြီး စီးကရက် တည်နေပြန်၏။

ဆရာကြီးနှစ်ဦးက ပြိုင်တူ လက်ဝါးကာပြပြီး မသောက်တတ်ကြောင်း ပြောကြသည်။ တပည့်များ ရင်ထိတ်ရပြန်သည်။ ဦးလေးမော် စိတ်ဓာတ်အင်အားတွေ သုံးလိုက်ဦးမည်လော။ ဘုရား… ဘုရား…။ စီးကရက် မသောက်တတ်ကြဘဲ သောက်မိကြလျှင်တော့ သီးကုန်ကြမည်။ မသက်သာဘူး။

ဦးလေးမော်ရေ၊ ခင်ဗျား သတ္တိရှိရင် ငါးသုံးလုံး မဟုတ်ဘူး၊ ငါး အလုံးတစ်ရာပဲဖြစ်ဖြစ် ကျွန်တော်တော်တို့ဘက် ချကြည့်ပါလား။ ကုန်သွားစေရမယ်။ ဘုရားစူး။

ဂျူန်ဖြူကြီးကို လွမ်းမိသည်။ သူက ငွေမပေးနိုင်သော်လည်း လေပေးနိုင်၏။ စီးကရက် မတိုက်နိုင်သော်လည်း လေတိုက်နိုင်၏။ ယခုလို ကြောင်ငူငူ ထိုင်နေရသည်ထက်စာလျှင် လေတိုက်ခံနေရသည်က အများကြီး ကောင်းမည်။

အတော်လေးကို ကြာမှ ဆရာကြီးနှစ်ဦး ထပြန်သွားသည်။

သည်တော့မှ ဦးလေးမော်က ကျွန်တော်တို့ဘက် လှည့်သည်။

''ကိုဘုန်းနိုင်တို့ ဘယ်က လှည့်ဝင်လာကြသလဲ''

''ဒီလိုပဲ၊ အဲ… ဆရာ ဂျူန်ဖြူဆီကို''

လာရင်းကိစ္စကို ကျွန်တော် မပြောဝံ့သေး။ စာရေးဆရာက ဘယ်လို ပိုက်ဆံတောင်းရမည်နည်း။

ကျွန်တော့်ထက် အတွေ့အကြုံရှိသူ ခင်မောင်အေးက ဝင်ပြောပေး၏။

''ဒီကောင် အားနာလို့ပါ ဦးလေးမော်၊ စာမူခ လိုချင်လို့''

ကျွန်တော်က ခင်မောင်အေးကို စိတ်ဆိုးသွား၏။ သည်လောက် အရှက်နည်းရသလား။ စာရေးဆရာပဲဟာ ပိုက်ဆံတောင်းလည်း သွယ်သွယ်ဝိုက်ဝိုက် အနုပညာစနစ်ကလေးနှင့်။

ဦးလေးမော်က လူကြီးပြုံး ပြုံး၏။

''ကိုဘုန်းနိုင် စာမူခ အစိတ် ရမယ်၊ စိတ်ချ''

ကျွန်တော်က ခင်မောင်အေးကို စွေကြည့်သည်။

ဟိုတစ်လောက သူ ရောင်းရင်း ရဲဘော်တိုက်မှ စာမူခ ဆယ့်ငါးကျပ် ရသည်။ မက်မပြေကတော့ အစိတ်ကြီးများ ပေးမည်။ မြင်တယ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

“ဒါပေမဲ့ ကျွန်တော်တို့ တိုက်ရဲ့ စည်းကမ်းကို ပြောပြမယ်”

“ခင်ဗျာ”

“စည်းကမ်း ဆိုတာထက် မူလို့ ပြောရမယ်”

“ဟုတ်ကဲ့”

“ကျွန်တော်တို့ မဂ္ဂဇင်းမှာ စာမူပါရင် ညဏ်ပူဇော်ခ ရမယ်၊ မရ မရှိစေရ”

“ဟုတ်ကဲ့”

“အဆင့်ရှိတဲ့ စာမှ ကျွန်တော်တို့ သုံးတယ်၊ မရှိရင် မသုံးဘူး၊ သုံးရင်လည်း လူများတိုက်ထက် ပိုပေးတယ်”

ဦးလေးမော် မှန်သော သစ္စာစကားကို ဆိုနေ၏။

“ဟုတ်ကဲ့”

“ဒါပေမဲ့ စာမူပါလာတဲ့ လရဲ့ နှစ်ဆယ့်တစ်ရက် မရောက်ခင်တော့ ဘယ်သူ့ကိုမှ မပေးဘူး”

“ခင်ဗျာ”

“ခု ရှစ်ရက်ပဲ ရှိသေးတယ်၊ နှစ်ဆယ့်တစ်ရက်ကျ လာခဲ့၊ မရ မရှိစေရ”

စိတ်ဓာတ်အင်အားတွေ။ ပြောပုံကို ကြည့်။

ပြတ်သည်။ ကတိပေးပုံကို ကြည့်။ ပြတ်သည်။ ပြတ်သည်။

ဆရာကြီးနှစ်ဦးပင်လျှင် သူ့စိတ်ဓာတ်အင်အားကို မခံနိုင်ရှာ၍ လေနှာ စသည့် အန္တရာယ်ကို ယူသွားကြရရှာသည်။

သည်တော့ ကျွန်တော်တို့ ဆရာလေး နှစ်ဦးကား။

ဆရာ ဗန်းမော်တင်အောင် ညည်းသကဲ့သို့ ညည်းမည်။

ဘာများ တတ်နိုင်ဦးမှာမို့လို့လဲ။

( ၄ )

ဗိုလ်ချုပ်လမ်း ရွှေရှင်ရယ်ရုပ်ရှင်ရုံ ဆင်ဝင်အောက် ပလက်ဖောင်းပေါ်တွင် ခင်မောင်အေးနှင့် ကျွန်တော် ရပ်နေကြသည်။

ညနေ သုံးနာရီခွဲပွဲ ရုပ်ရှင် စပြပြီ ဖြစ်ကြောင်း ခေါင်းလောင်းသံ မြည်နေ၏။

ပိုစတာတစ်ခုတွင်းမှ မယ်ရီလင်မွန်ရိုးက မျက်လုံးပြာကြီးများနှင့် ကျွန်တော်တို့အား ဖိတ်ခေါ်နေ၏။

‘ကြည့်မှာလား မောင်ရဲ့၊ ဖော်တယ်ရှင့်’

မွန်ရိုး မျက်လုံးပြာသကဲ့သို့ ကျွန်တော်တို့လည်း မျက်လုံးပြာချင်နေသည်။

အဆောင်ကို မည်သို့ ပြန်ကြရမည်နည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဦးမောင်ကတော့ ကျွန်တော်တို့ နှစ်ကောင် ကောင်မလေး နှစ်ကောင်နှင့် ရုပ်ရှင်ရုံထဲတွင် 'ဖိုးအိ' ဖြစ်နေလေပြီဟု အထင်ကြီးပြီး အဝေးက ရင်လိုက်နေမည်လော မပြောတတ်။

သည်က နှစ်ကောင်မှာဖြင့် ဘတ်စ်ကားပေါ်တွင် ကောင်မလေးနှစ်ကောင်နှင့် ခုံတန်းချင်း ယှဉ်ပြီး မတော်တဆ စီးနိုင်မည့် အလားအလာပင် သိပ်မမြင်တော့။

အရေးထဲ ခင်မောင်အေးက အပြစ်တင်နေ၏။

"မင်းကွာ၊ ငါးကျပ်လောက်တော့ ဖွဲ့တောင်းခဲ့ဖို့ ကောင်းတယ်"

"သူက မူကို အပြတ်ပြောနေတဲ့ ဥစ္စာ"

"ပြန်စရိတ် မရှိလို့ဆိုရင် ငါးကျပ်လောက်တော့ သူ ပေးမှာပေါ့၊ ဦးလေးမော် ဒီလောက် မရိုင်းပါဘူး"

"မင်း ဘာလို့ ရှေ့နေ ဝင်မလိုက်ပေးလဲ"

"အာ… ဒါကတော့ ရှက်တယ်ကွ"

"ငါကတော့ မရှက်ရဘူးလား"

"အေး… ရှက် ရှက်၊ ခု ဘာလုပ်ကြမလဲ"

"မင်းဟာ ငါ့အချစ်ဆုံး သူငယ်ချင်းပဲ"

"ဘာဆိုင်လို့လဲ"

"မင်းက အချေးအငှား ကျွမ်းကျင်တယ်ကွာ၊ မြို့ထဲ ဘယ်သွားချေးမလဲ၊ အကြံထုတ်စမ်းပါဦး"

ခင်မောင်အေးက ကျွန်တော့်ကို မျက်စောင်းထိုးကြည့်၏။

"မင်းကို ငါ ဂုဏ်ပြုလိုက်တာ မင်း စိတ်ဆိုးသွားလား"

"ဟော့ကောင်… တော်တော့ကွာ၊ မင်း မတောင်းပန်ခင်ကတည်းက ငါ အကြံ ထုတ်နေတာ"

သူက ခေါင်းကို ဖွဖွကုတ်ရင်း အသံထွက် အကြံထုတ်ပြ၏။

"ရုံးတစ်ခုခု သွားရရင်တော့ သူငယ်ချင်း တစ်ယောက်ယောက် တွေ့မယ်၊ ဒါပေမဲ့ သုံးနာရီ ခွဲပြီးနေပြီ၊ လျှောက်မှာနဲ့ဆို မမီဘူး၊ ပြီးတော့ တို့သူငယ်ချင်း ဘယ်ခွေးမျိုးကများ လေးနာရီအထိ ရုံးမှာ နေလို့လဲ၊ အချိန်လေးစားတဲ့ ကောင်တွေ မဟုတ်ဘူး"

သူက မဆီမဆိုင် သူငယ်ချင်းများကို အရာရှိဟန်ဖြင့် ကြိမ်းနေ၏။

"သေချာတာက ညနေ လေးနာရီအထိ ပြန်လို့မရတဲ့ နေရာမှာ အလုပ်လုပ်တဲ့ သူငယ်ချင်း"

သည်ကောင့်ကို သည်လို အားကိုးရသည်။ သေချာသည်ကိုမှ စဉ်းစားတတ်၏။

ခဏ၌ သူ့မျက်နှာ ဝင်းသွား၏။

"ကိုမြသန်းကြီးတော့ ရှိတယ်၊ သူ အခု သတင်းစာ လက်ထောက်အယ်ဒီတာ လုပ်နေတယ်၊ လာ… လာ… သိပ်မဝေးဘူး"

mgyoe.com

mgyoe.com

ကိုမြသန်း အလုပ်လုပ်သော သတင်းစာတိုက်က ဗိုလ်ချုပ်လမ်းပေါ်တွင် ရှိသည်။ သို့ရာတွင် စိန်ပေါကျောင်းကြီးကို ကျော်သည်အထိတော့ လျှောက်ရမည်။

ကျွန်တော်တို့ လျှောက်ကြသည်။ ပလက်ဖောင်းဈေးဆိုင်များဆီမှ ညှော်နံ့တွေက သင်းနေသည်။ ဗိုက်ကို တိုက်ရိုက်ဆက်ဆံလာသောကြောင့် မွန်ရိုး၏ မျက်လုံးပြာများထက် လှုံ့ဆွမှုအင်အား အများကြီး သာ၏။

နေက ပူဆဲ။ ပလက်ဖောင်းတွေကလည်း ပူဆဲ။ တိုက်ပုံအင်္ကျီတွေကို လူရိုသေရှင်ရိုသေ ဖြစ်အောင် ဝတ်လာမိကြတော့ ချွေးတွေက အလိုက်ကမ်းဆိုးမသိ ထွက်နေသည်။

သတင်းစာတိုက် အောက်ထပ် လက်ထောက်အယ်ဒီတာ စားပွဲတွင် ကိုမြသန်းကလည်း လူရိုသေ၊ ရှင်ရိုသေဖွယ် တိုက်ပုံအင်္ကျီနှင့် ကုန်းကုန်းလေး ထိုင်အလုပ်လုပ်နေသည်။ သူ့မှာက ကျွန်တော်တို့ထက် သာသော လူရိုသေ၊ ရှင်ရိုသေဖွယ် ပစ္စည်းတစ်ခု ရှိနေသေးသည်။

သူ့မျက်မှန်ကြီး။ သူ့မျက်မှန်ကြီးက တော်တော်ထူသည်။ စာဖွဲ့လောက်အောင် ထူသည်။ အမှန်လည်း သူ့မျက်မှန်ထူကြီး အကြောင်းကို သူငယ်ချင်း စာရေးဆရာ ကျော်အောင်က စာဖွဲ့ပြီးလေပြီ။

သူက တိုးညင်သာသာ မေး၏။

''ဘယ်က လှည့်လာကြသလဲ''

ခင်မောင်အေးက ဖြေ၏။

''ဒီလိုပဲ''

ကျွန်တော်ကလည်း ခင်မောင်အေး သံယောင်လိုက်ပြီး ဖြေ၏။

''ဒီလိုပဲလေ''

ကျွန်တော်တို့ စကားများကို လုံလောက်သော အဖြေဟု သူ လက်ခံလိုက်ပုံရသည်။ သဘောမနော ကောင်းစွာ မေး၏။

''လက်ဖက်ရည် သောက်ကြမလား''

ဘယ့်နှယ် မေးပါလိမ့်။ ဘယ်တုန်းက ငြင်းဖူးကြလို့လဲ။

မြတ်စွာဘုရား။ ယခု ငြင်းသံ ကြားရသည်။ ငြင်းသူက ခင်မောင်အေး။

''ဟာ… တော်ပြီ၊ တော်ပြီ၊ မလုပ်နဲ့''

ဘယ်လို ဖြစ်သွားသနည်း။ မက်မပြေတိုက်၌ တွေ့ခဲ့သော ဆရာကြီးတစ်ဦး၏ လေနာရောဂါသည် သည်ကောင့်ဆီ ကူးစက်လာလေပြီလော။

ကျွန်တော့်ဗိုက်ထဲမှာက ဆာနေသည်။ ခင်မောင်အေးကို ဒေါပွပြီး ဝင်ပြော၏။

''ကျွန်တော်တော့ သောက်မယ်ဗျာ''

ခင်မောင်အေးက ကျွန်တော့်အား စက်ဆုပ်ရွံရှာသော မျက်လုံးများနှင့် ကြည့်၏။

''ဟေ့ကောင်… မသောက်နဲ့တော့ကွာ''

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ လေနာ မရှိဘူး"

"ဘယ်သူတော့ ရှိလို့လဲ"

မျက်မှန်ထူအောက်မှ မှုန်ရီသော မျက်လုံးများဖြင့် ကိုမြသန်းက ကျွန်တော်တို့ နှစ်ဦးကို ကြည့်သည်။ မကြုံတွေ့ဖူးသော ရည်းစားလုနေသည့် ကောင်မလေး နှစ်ယောက်ကို လှေလာစူးစမ်းသော အကြည့်များဖြင့် ကြည့်နေ၏။

ခင်မောင်အေးက ကောင်လေးနှင့် အရင်ရည်းစား ဖြစ်ခဲ့သော ကောင်မလေး၏ ရဲရင့်ပိုင်နိုင်မှုဟန်ဖြင့် ပြော၏။

"သူငယ်ချင်းချင်းတွေပဲ ရှက်စရာ မရှိဘူး၊ ကျွန်တော် ရှင်းပြမယ်"

ဟိုးမာ၏ ယူးလစ်ဆီးစ်နှင့်ပဲ နှိုင်းအပ်သလော။ ဘန်းယင်၏ ပီးလ်ဂရင်းစ် ပရောဂရက်စ်နှင့်ပဲ နှိုင်းအပ်သလော။ ဇင်အောင်၏ ငပွေး ရွာစဉ်လျှောက်ခြင်းနှင့်ပဲ နှိုင်းအပ်သလော။ တစ်ခုခုနှင့်မူ နှိုင်းအပ်ထိုက်စွသော ကျွန်တော်တို့၏ မြို့တွင်းခရီး အကြောင်းကို ခင်မောင်အေးက ရှင်းပြ၏။ နိဂုံးချုပ်လိုက်ပုံက ယထာဘူတ အလွန်ကျ၏။

"အဖြစ်က အဆောင်ပြန်ဖို့ လမ်းစရိတ် မရှိဘူး၊ ခင်ဗျား လက်ဖက်ရည်တိုက်ရင် မုန့်လည်း ပါရမယ်၊ ငွေတစ်ကျပ် အနည်းဆုံး ကုန်မယ်၊ ဒီတော့ လက်ဖက်ရည် မတိုက်နဲ့ ဗျာ၊ ကျွန်တော်တို့ကို ငွေတစ်ကျပ်ချေး"

ကိုမြသန်း၏ ပါးစပ်သည် တဖြည်းဖြည်း သိမ်မွေ့စွာ ပြုံသွား၏။ ရီဝေသော မျက်လုံးကြီးများက မျက်မှန်အောက်မှ နေ၍ ကျွန်တော်တို့အား ကြေကွဲစွာ ကြည့်နေသည်။

"အဲဒါမှ ဒုက္ခပဲဗျာ"

"ခင်ဗျာ"

"ကျွန်တော့်လည်း ပိုက်... ပိုက်ဆံ မရှိဘူး"

"နို့... ခင်ဗျား လက်ဖက်ရည် တိုက်မလို့ဆို"

"အဲဒါကတော့ဗျာ"

............

ဝတ္ထုတွင်းမှ ဇာတ်လိုက်ကဲ့သို့ ကိုမြသန်းက မဆုံးသော်လည်း အဓိပ္ပာယ်ပြည့် သော စကားကို ဆို၏။ ပိုမို အဓိပ္ပာယ်ရှိသော အလုပ်တစ်ခုကိုလည်း လုပ်ပြ၏။

သူက လုလင်တစ်ဦးကို အမိန့်ပေး၏။

"လက်ဖက်ရည် သုံးခွက် သွားယူကွာ၊ မုန့်လည်း ယူခဲ့၊ ငါ မှာတာလို့ ပြော"

ငါ မှာတာ ဆိုသည်မှာ လက်ထောက်အယ်ဒီတာမင်းက မှာတာ။ ဤသို့လည်း အဓိပ္ပာယ် ဖွင့်ဆိုသော် ပိုမှန်မည်။ မဖြစ်နိုင်ဟု တားမရတော့ ဖြစ်သမျှအကြောင်း အကောင်း ချည်း။ ဤသို့ စိတ်ကို ယဉ်ကျေးအောင် ဆုံးမရာ၏။

အနည်းဆုံး လက်ဖက်ရည်သောက်၊ မုန့်စားရသည်ကို ဘဝ၏ ကောင်းသောအဖြစ် ဟု ပညာရှိတို့ ယူဆ၍ ရ၏။

အကြံအဖန် ဆက်လုပ်ရန် ရှိသောကြောင့် လက်ဖက်ရည်သောက်၊ မုန့်စားအပြီး၌

mgyoe.com

mgyoe.com SAMPLE BOOK

လေဆက်မရှည်ကြတော့ဘဲ ကျွန်တော်တို့ ထွက်တော်မူ တိုက်က ခွာသည်။

သားသမီးကို မုန့်ဖိုးမပေးနိုင်ဘဲ ကျောင်းသို့ လွှတ်ရသည့် ဖခင်၏ ညှိုးငယ်သော သဏ္ဌာန်မျိုးဖြင့် ရပ်ကြည့်နေရှာသူ ကိုမြသန်းကို ပလက်ဖောင်းပေါ် ထားခဲ့ပြီး ကျွန်တော်တို့ နှစ်ဦး ထွက်လာခဲ့ကြသည်။

ခင်မောင်အေးက မေး၏။

"ကဲ… ဘယ်လို လုပ်ကြမလဲ"

"တတ်နိုင်ဘူးကွာ၊ နဂါးကားနဲ့ပဲ ပြန်ကြတာပေါ့"

"အချိန်မှန်တောင် စီးစရာ မရှိတာ၊ နဂါးကားနဲ့ ပြန်မယ်တဲ့၊ ထွတ်"

"ရှေ့မျက်နှာ နောက်ထားတတ်ရင်ပေါ့"

"ဘာရယ်"

"တိုးတိုး တောင်းပန် စီးကြမယ်"

နဂါးတံဆိပ် ကားက တက္ကသိုလ်မှ ဆူးလေ ပြေးသည်။ တစ်ယောက် တစ်မတ် ယူသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများကို ပို့ဆောင်ရသည်ဟု ဂုဏ်လည်း ယူသည်။ ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအထာကိုလည်း နားလည်သည်။ ဆိုလိုသည်မှာ နည်းနည်းလောက် မရှက်တတ်လျှင် တိုးတိုးပြောပြီး အကြွေး စီး၍ ရသည်။

"တို့ ကားဆိပ် သွားကြမယ်၊ ကားတိုင်းတော့ မဟုတ်ဘူးပေါ့ကွာ၊ မျက်မှန်းတန်းမိတဲ့ စပယ်ယာပါတဲ့ ကား ရွေးစီးကြမယ်"

ဆူးလေဘုရားလမ်းဘက်သို့ ကျွန်တော်တို့ ပြန်လျှောက်လာကြ၏။

ခင်မောင်အေးက ညည်း၏။

"တော်ပြီကွာ၊ ခင်ဦးမောင်တို့လိုပဲ စာကျက်နေတော့မယ်"

"ဘာပြောတယ်"

"စာရေးဆရာဘဝကို စိတ်ကုန်ချင်တယ်"

ကျွန်တော်လည်း စိတ်ကုန်ချင်နေသည်။ သို့ရာတွင် မျက်စိတွင်း၌ တစ်စုံတစ်ရာ မြင်လာ၏။

"အဲဒီလိုဆိုရင် ရက်ကန်းသည်လေး တို့ကို သရော်ပြီး ရယ်လိမ့်မယ်"

"အရေးထဲ ဘယ်က ရက်ကန်းသည်လေးလဲ"

"အခန်းထဲမှာ မင်း ပက်လက်လှန် ကြည့်နေတဲ့ ရက်ကန်းသည်လေး၊ မင်းအခန်း မျက်နှာကြက်က ပင့်ကူလေး"

( ၅ )

တစ်နေ့က 'ရင်ခုန်ပွင့်' တိုက်ရှေ့တွင် ကိုမြသန်း (မြသန်းတင့်) ကို ကိုနတ်နွယ်နှင့်အတူ

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် တွေ့ခဲ့သည်။

သူတို့က အပြန်၊ ကျွန်တော်က အရောက်။

မတွေ့ကြသည်မှာ ကြာပြီ ဖြစ်သောကြောင့် သူကလည်း စကားပြောချင်သည်၊ ကျွန်တော်ကလည်း စကားပြောချင်သည်။

"ဒီလိုလုပ်ဗျာ၊ တိုက်ထဲ ပြန်လိုက်ခဲ့၊ တစ်နာရီလောက် လေပစ်ကြမယ်၊ ပြီးတော့ ကျွန်တော့်မှာ ကားပါလာတယ်၊ ခင်ဗျားတို့ သွားချင်တဲ့ဆီ လိုက်ပို့မယ်"

"မဖြစ်ဘူးဗျ၊ လုပ်စရာတွေ ရှိလို့၊ ဒီလို လုပ်မယ်၊ နောက်လ ပထမဆုံး တနင်္လာနေ့ ဒီမှာ ဆုံကြမယ်၊ ဘယ့်နှယ်လဲ"

သူကလည်း အောင်မြင်သော စာရေးဆရာကြီး၊ အယ်ဒီတာလည်း ဖြစ်သေး၏။ ရေးရမှာတွေက များတော့ အချိန် ဟူသည်က မလောက်။ ကျွန်တော် ကိုယ်ချင်းစာမိသည်။

"ကောင်းပြီလေ"

ထွက်သွားသော သူ့ကို ကြည့်ပြီး ရှေးဖြစ်ဟောင်း အောက်မေ့မိသည်။

ရင်ခုန်ပွင့်တိုက် အယ်ဒီတာ့စားပွဲတွင် ကိုသွေးသစ်တို့၊ ခွန်ဂျာမှိုင်းတို့နှင့် ကျွန်တော် လေပစ်သည်။ အချိန် နှစ်နာရီခန့် ကြာမည်။ လက်ဖက်ရည်လည်း သောက်ရ၏။

ပြန်ခါနီးတွင် ခွန်ဂျာမှိုင်းက ပိုက်ဆံတွေ တစ်ထပ်ကြီး လာချ၏။ ကြိုတင် ညဏ်ပူဇော်ခများ။ အဲသည်တော့ နှစ်ဆယ့်တစ်ရက် ရောက်ရေး ကိစ္စမျိုး မပေါ်။ ဘယ်တော့မှ မပေါ်။

သို့ရာတွင် ဟိုတစ်နေ့က စာမူ လာတောင်းရင်း မမိုးမြေတို့ ပေးသွားသော 'ပန်းဝေသီ' မဂ္ဂဇင်းမှ မောင်သာပြည့်၏ 'အိုးပုတ်၊ ချိုးရုပ်ကလေးလည်း မဟုတ်' ဟူသော ဝတ္ထုလေးကို ရင်မှာ သိမ့်သိမ့် သတိရနေသည်။

ရင်ခုန်ပွင့်တိုက်မှ ကျွန်တော့်အိမ် ပြန်ရောက်သောအခါ ချစ်ဇနီးက ဆီးပြော၏။

"ဟော... ခုပဲ ဆရာမ ကလျာ(ဝိဇ္ဇာ/သိပ္ပံ) ပြန်သွားတယ်"

"ဟောဗျာ"

"ဟောဗျာ လုပ်မနေနဲ့လေ၊ စာမူပေးမယ်လို့ မောင်ပဲ ကတိပေးထားတာ၊ သူ့ခမျာ နှစ်ခါရှိပြီ လာတာ၊ သိပ်အားနာစရာ ကောင်းတယ်"

"ဟုတ်တယ်၊ ကလျာ့အတွက်တော့ ပေးရမှာပေါ့၊ ပေးရမှာပေါ့"

"ရောဝတီမဂ္ဂဇင်းက မောင်မောင်ချိုကလည်း ဖုန်းဆက်သေးတယ်၊ ဝတ္ထုရှည် ပြီးပြီလားတဲ့၊ ဘယ်နေ့ လာယူရမလဲတဲ့"

"အင်း... နက်ဖြန် ဇာတ်သိမ်းမယ်"

"သာရမဂ္ဂဇင်းအတွက် ဝတ္ထုတိုကကော"

"အဲဒါ နက်ဖြန်ည စရေးမယ်"

ချစ်ဇနီးက ကျွန်တော့်ရင်ကို အစဉ်အေးစေသော အပြုံးလေးဖြင့် ကရုဏာစကား

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသည်။

"မောင် သိပ်ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး နီရယ်၊ တစ်ပိုဒ်တည်းနဲ့ ပင်ပန်းခဲ့ရတာတွေ ရှိတယ်"

"အဲဒါ ဘာပြောတာလဲ"

"နောက်မှ မောင် ပြောပြမယ်"

နေချိုသွားပြီ။ သည်တော့ နွေ၏ အလှများကို သတိပြုနိုင်သည်။

ကျွန်တော့်ခြံရှေ့ မြက်ခင်းပြင်တွင် ကျွန်တော် လမ်းလျှောက်၏။

မရန်းပင်တွေမှာ ရွက်နုတွေ ဝေနေ၏။ သစ်တိုပင်ကြီးများက စိမ်းမှောင်နေသည်။ ပိတောက်ပင်မှာ ရွှေလွှာရွက်တွေနှင့်။

ဥသြက မြည်နေလေသေးသည်။ မန်ကျည်းပင်ပျို အကိုင်းများအကြားၐ ဖွဲ့ပြီးသော ပင့်ကူကွန်ရက် ဝန်းဝန်းကြီးကို တွေ့ရသည်။ နေရောင် ပက်သဖြင့် ကွန်ရက်မှာ ရွှေရည်တွေ လက်နေသည်။

သပြေပင် အကိုင်းတစ်ခုမှာ ရက်ကန်းသည်လေး တစ်ကောင် တွဲလဲခိုနေ၏။ သြော်… တစ်ကြိုးတည်းသာ ရှိသေးသော်လည်း သူ့ကြိုးမှာလည်း ရွှေရည်နှင့်၊ ငွေရည်နှင့်။

ထိုခဏမှာ ဆရာမ ပြောပြခဲ့သော ရာဇဝင်ပုံပြင်ကို သွားသတိရသည်။ မေမေ ဆိုခဲ့သော သီချင်းကို ပြန်ကြားယောင်သည်။

"ရွှေခြည် ငွေခြည် တန်းပါလို့ ရက်ကန်းရွှေစင် ကန်းရွှေစင်"

*ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၉ ခုနှစ်။*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အညတြဘဝက တူတူ

## ( ၁ )

ရေပြင်ကျယ်ကျယ်ကို ဖြတ်ပြီး ကျော်ကြည့်လျှင် ဟိုမှာဘက်၌ ကမ်း သို့မဟုတ် ကျွန်း ရှိသည် ဆိုပါတော့။ တောင်တန်းနှင့် တောတွေလည်း ရှိသည် ဆိုပါတော့။ လူ့ယဉ်ကျေးမှုလက်ရာ အဆောက်အအုံတွေလည်း ရှိသည် ဆိုပါတော့။

သည်လိုနေရာမျိုးက ကမ္ဘာတွင် အရှားသား။ ရှိတော့ ရှိကြသည်။ ရှိသမျှတိုင်းက မလှပါ။ လှသော နေရာကိုမှု တစ်ခါ မြင်ဖူးလျှင် တစ်သက် မမေ့နိုင်။

သံလွင်မြစ်ကို ဖြတ်ကျော်မြင်ရသော မော်လမြိုင်မြို့က အဲသည်သဘော ရှိသည့် ပန်းချီတစ်မျိုးပါ။ မုတ္တမဘက် ကူးတိုင်း မော်လမြိုင်ဘက်ဆီ ကျွန်တော် ငေးကြည့်တတ်သည်။ မရိုးပါ။ ပြီးတော့ မမေ့ပါ။

ကျွန်တော် မမေ့နိုင်သော ပန်းချီတစ်ခု ရှိသေးသည်။ သူ့ကိုတော့ လှပါသည်ဟု ဘယ်သို့ပြောရမည် မသိ။ မမေ့နိုင်သည်ကတော့ အမှန်။ ရထားက မုတ္တမမှ ထွက်လာသည်။ မကြာမီမှာ တံတားတစ်ခုထက်မှ ချောင်းတစ်ခုကို ကျော်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဝဲဘက်တွင် မြစ်ငယ်ပမာ ချောင်းကျယ်ကျယ်ကို တွေ့မည်။ ဒီရေရှိသော ဒေသဖြစ်၍ နုန်းထူသည်။ ဓနိပင်အောက်ခြေ အရွက်များ၌ ရွှံ့ပေနေတတ်သည်။ ရေကျချိန် ဖြစ်လျှင် အရုပ်ဆိုးသော လတာပြင်ကို မြင်နိုင်သည်။ ရေလှိုက်စား၍ ပြိုလုလု ကမ်းပါးစွန်း တစ်ခုဦးမှာ သစ်ပင်တစ်ပင် ရှိသည်။ ဘာပင်ဟု အခေါ်ရခက်သား။ အကိုင်းတွေကို ချိုင်ထားကြတော့ အင်္ဂါက မစုံ။ ရှိသေးသမျှ အရွက်တို့ကို သွားနေသော ရထားပေါ်မှ လှမ်းမြင်ရတော့ ကသစ်ယောင်ယောင်၊ ယမနေယောင်ယောင်။

ရေစားသွားသောကြောင့် မြေ မရှိတော့သော ဘက်မှာ အမြစ်တွေက တိုးလိုးတွဲလောင်း တွန့်တွန့်လိမ်လိမ် ရှုပ်ရှုပ်ယှက်ယှက်။ မြေရှိသောဘက်က အမြစ်တွေကိုတော့ ဘယ်မြင်နိုင်မည်နည်း။ မြေတွင်းမှာ ကုပ်ပြီး တွယ်ထားမည်။ မြဲမြဲလေး၊ မြဲမြဲလေး။ အရေးကြီးသည်လေ။ သေရေး၊ ရှင်ရေး။ သည်တော့ မြဲမြဲလေး။

"ဘုရား... ဘုရား... ဘယ်တော့ ပါသွားမလဲ၊ မြဲပါစေ... မြဲပါစေ"

သည်အပင် မြင်တိုင်း စိတ်တွင်းမှ သည်လို ကျွန်တော် ဆုတောင်းသည်။

အစကတော့ သည်အပင်နှင့် ဖိုးဂေါ်လီကို ကျွန်တော် ဆက်စပ် မတွေးမိ။

## ( ၂ )

ဖိုးဂေါ်လီ၏ အမည်ရင်းကို မည်သူမျှ မသိ။ သိဖို့လည်း မလိုပါလေ။ ဖိုးဂေါ်လီ၏ အလုပ်က နာမည်နှင့် လုပ်စားသည့် အလုပ် မဟုတ်။ နာမည်နှင့်သာ လုပ်စားရမည်ဆိုလျှင် မုတ္တမဖိုးဂေါ်လီ သို့မဟုတ် ဖိုးဂေါ်လီ(မုတ္တမ) ဟု သူ ဘွဲ့ခံချင်ခံမည်။ ဖိုးဂေါ်လီ၏ အသက် ဘယ်လောက် ရှိမှန်းလည်း မသိ။ ရှစ်နှစ်လား၊ ကိုးနှစ်လား၊ ဆယ်နှစ်လား။ အားလုံးဖြစ်နိုင်သည်။ အသက်ကြီး၍ မဖွံ့ဖြိုးသော ကောင်လေးလား။ အသက်ငယ်ငယ်နှင့် ဖွံ့ကို မဖွံ့ဖြိုးသော ကောင်လေးလား။ နှစ်ခုလုံး ဖြစ်နိုင်သည်။

ဖိုးဂေါ်လီ၏ အသားက မည်းသည်။ အဝတ်အစားက ညစ်သည်။ ဖိုးဂေါ်လီ တစ်ကိုယ်လုံး ဖြူသည်မှာ မျက်လုံးများသာ ဖြစ်သည်။ သွားများပင် မဟုတ်။

ဖိုးဂေါ်လီ၏ မျက်လုံး နှစ်ဖက်လုံး၌ တိမ်ရှိသည်။ သည်တော့ ဖြူသည်။ ဖန်ဂေါ်လီလုံး ကြည်ကြည်ထဲက အနှစ်အပွင့်များကဲ့သို့ ဖြူသည်။ ထို့ကြောင့်လည်း သူ့နာမည် ဖိုးဂေါ်လီ။

အထူးတန်းတွဲသို့ သူ အမြဲ အရင်တက်သည်။ သူ့ကိစ္စနှင့်သူ ရှုပ်၊ သူ့ဒေါသနှင့်သူ ဆူ၊ သူ့နေရာတော့ ကိုယ်လု၊ ကိုယ့်နေရာတော့ နယ်ချဲ့ စသည်ဖြင့် အလုပ်များနေကြသူများ၏ ရှိုးရှိုးတန်းကို ဖိုးဂေါ်လီ မတက်။ သူ့ဘဝက လမ်းတောင် စမ်း၍ လှုပ်လှုပ် လျှောက်ရသူ။

အထူးတန်း အလယ်လမ်းမှ လျှောက်ပြီး ခုံတန်းတစ်တန်းတွင် တစ်ခါရပ်သည်။ လက်ဝါးလေးများကို ဖြန့်ထား၏။ ဘာစကားမျှ မပြော။ ဘာအသံမျှ မထွက်။ မျက်နှာလေးကိုတော့ ပြုံးထားသည်။

mgyoe.com

mgyoe.com

ပိုက်ဆံရလျှင်လည်း ပြုံးသည်၊ မရလျှင်လည်း ပြုံးသည်။ ဘာစကားမျှတော့ မပြော။ ဘာဆုမျှလည်း မပေးတတ်။

ပြုံးပြီး ခုံတန်းတစ်ခုမှ တစ်ခုသို့ ဆက်လျှောက်၏။ သူနှင့် တွေ့စဦး၌ ကျွန်တော်က ငါးမူးစေ့ တစ်စေ့ ပေး၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်သူက မတ်စေ့ တစ်စေ့ ပေး၏။ ထိုသူက ပေးရင်းကလည်း မေးသေး၏။

"ဖိုးဂေါလီ၊ နင့်အဖေ အရက် သောက်တုန်းပဲလား"

ဖိုးဂေါလီက ပြုံးပြုံးလေးပင် ခေါင်းညိတ်ပြ၏။

ကျွန်တော်နှင့် လမ်းခြားသည့် နှစ်ယောက်တွဲခုံမှ အသားဖြူဖြူ၊ ဗိုက် မရွဲတရွဲ နှင့် ရေးကြီးခွင့်ကျယ် စတိုင်ရှိသော ပုဂ္ဂိုလ်တစ်ဦးက ဝင်မိန့်၏။

"အလကားပဲ၊ အဆိပ်ပင် ရေလောင်းတာ"

"ခင်ဗျာ"

"သူ တောင်းလို့ရတာ သူ့အဖေပေး၊ သူ့အဖေကလည်း အရက်ပဲ သောက်ပစ်တာ၊ အလုပ်လုပ်တဲ့ ကောင် မဟုတ်ဘူး"

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှ လူက အယူခံ၏။

"မပေးနိုင်တော့လည်း ကလေးကို ရိုက်တာဗျ"

ကျွန်တော်ကလည်း ဝေဖန်ရင်းက စုံစမ်းသည်။

"ဒါတော့ ဘယ်ကောင်းမလဲဗျာ၊ သူ့အမေကကော ဘာလုပ်နေလဲ၊ မတားဘူးလား"

"အမေ မရှိဘူးဗျ၊ သေပြီ"

"ဪ... ဒါပေမဲ့ အိမ်နီးပါးချင်းတွေကကောဗျာ၊ ဒီလို ကြည့်နေကြသလား"

"ဒါတော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ လူမျိုးက ဒါမျိုး ဝင်မစွက်တတ်ကြဘူး"

"ဝင်မစွက်တတ်တာလား၊ ဝင်မစွက်ချင်တာလား"

"နှစ်ခုလုံး နေပါလိမ့်မယ်"

တကယ်တော့ ပါးစပ်ရှိ၍သာ ပြောနေသည်။ ကျွန်တော်လည်း ဘာမျှ မလုပ်တတ်၊ မလုပ်နိုင်။

သည်တွဲပေါ်မှ ကိစ္စ ပြီးသွားသောအခါ ဖိုးဂေါလီ အောက်သို့ ဆင်းသည်။

ရိုးရိုးတန်း တွဲတွေက အများကြီး ရှိသည်။ သည်တွဲများသို့ကား ဖိုးဂေါလီ မတက်။ စကြံ ပလက်ဖောင်းမှ လျှောက်ပြီး ပြတင်းတစ်ခု၌ လက်ဝါးဖြန့်ခံသည်။

ပြုံးပြုံး၊ ဖြည်းဖြည်း၊ နှေးနှေး။

ရထား ထွက်သောအခါ ဘူတာ၌ ဖိုးဂေါလီ ကျန်ရစ်သည်။

တံတားကို ကျော်သောအခါ အမြစ်တစ်ဝက်နှင့် မြေကို တွယ်ထားသည့် ဟိုသစ်ပင် ကို တွေ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၃ )

မုတ္တမ ဖိုးဂေါ်လီ သို့မဟုတ် ဖိုးဂေါ်လီ (မုတ္တမ) နှင့် တက္ကသိုလ်ဘုန်းနိုင် သို့မဟုတ် ဘုန်းနိုင် (တက္ကသိုလ်) တို့ အဟမ်း ဘဝသရုပ်ပြ ပတ်ဝန်းကျင်တွင် သည်လို အစစ်အမှန် တကယ် ကြုံတွေ့ခဲ့ရသည်။

နောက်တွေ့ဆုံသည့် အခါတိုင်း ကျွန်တော်သည် ဖိုးဂေါ်လီကို ငါးမူးစေ့ မဟုတ်၊ တစ်ကျပ်တန် ပေးသည်။ တစ်ရွက် မဟုတ်၊ နှစ်ရွက် ပေးသည်။ ပေးရင်းကလည်း မေးသေး၏။

"မင်း အဖေ အရက် သောက်တုန်းပဲလား"

ဖိုးဂေါ်လီကလည်း ပြုံးပြုံးလေးပင် ခေါင်းညိတ်ပြ၏။

"မင်းကိုကော ရိုက်တုန်းပဲလား"

ဤသည်ကိုမူ ဖိုးဂေါ်လီက လေးလေး ခေါင်းတစ်ချက် ညိတ်ပြ၏။

"တစ်ကျပ်ကို မင်း မုန့်ဝယ်စား၊ တစ်ကျပ်ကို မင့်အဖေ ပေးချင်ပေး၊ ခါတိုင်းထက် နည်းနည်းများတော့ မင်း အကုန် မအပ်ဘဲ မုန့်ဝယ်စားတာ မင်းအဖေ မရိပ်မိနိုင်ဘူး၊ ငါပြောတာ နားလည်လား"

တက္ကသိုလ်ဘုန်းနိုင်၏ အလေးအနက် တင်ပြချက်ကို အထူးတလည် သဘောပေါက်ကြောင်း မုတ္တမ ဖိုးဂေါ်လီက ခေါင်းသုံးလေးချက် ညိတ်ပြ၏။

"ကဲ... သွားတော့"

ဖိုးဂေါ်လီက ရွှင်ရွှင်လေး ပြုံးပြီး သူ့လုပ်ငန်း သူ ဆက်လုပ်သည်။

ကျွန်တော်လည်း ကျွန်တော့်ခရီး ကျွန်တော် ဆက်သွား၏။

သို့ရာတွင် ဘဝဟူသည်၌ အကွေ့ အကောက်၊ အဆစ် အချိုး၊ အလှည့် အပြောင်း၊ အဆင်း အတက်၊ အနိမ့် အမြင့်၊ အဖု အချိုင့်၊ အပြန့် အခုံး၊ အလုံး အပြား၊ ထောင့်ကျယ် ထောင့်ကျဉ်း၊ အပိန် အဖောင်း၊ အကောင်း အဆိုး၊ အယုတ် အမြတ်၊ အညွှတ် အမတ်၊ နောက် ဘာတွေ ကျန်သေးသနည်း။ အဲသည်ဟာတွေ ရှိသည်။

ကျွန်တော် ဆိုလိုချင်နေသည်မှာ ဘဝဟူသည် သည်အတိုင်း သည်အတိုင်း မနေဘူး။ အဲသည်လိုပါ။ အဲသည်လောက်ပါ။

ကျွန်တော်က လင်းဒ်ရိဗာ ငါးချိတ်ကားကြီး ရသည်။

ခရီးဝေး သွား၍ ကောင်းသည်။ ဖိမ်လည်း ကျ၏။ မြန်လည်း မြန်သည်။

သွားချင်သည့်အချိန် ထသွားပြီး ပြန်ချင်သည့်အချိန် ထပြန်နိုင်သည်။ ကားမပါလာလျှင် သွားရေး၊ လာရေး တကယ်ခက်သော ရန်ကုန်မြို့ ဆိုတာကိုလည်း မာဘိုရို ဖွာရင်းက စိန်းစိန်းရှုနိုင်သည်။

သည်ကားကြီးဖြင့်ချည်း ရန်ကုန် ဆင်းနေတော့ မီးရထား မစီးဖြစ်။ သည်တော့ ဘူတာရုံ မရောက်တော့။ ဖိုးဂေါ်လီနှင့်လည်း မတွေ့တော့။

နောက်... အထက်တစ်နေရာ၌ ကျွန်တော် ဆိုခဲ့သော ဘဝဆိုတာ၌ ပါသည့် ဟိုဟာ သည်ဟာတွေ လျှောက်ဖြစ်၏။

mgyoe.com

လင်းဒ်ရိဗာ ငါးချိတ်ကြီးလည်း မရှိပြီ။ အနိစ္စ။

ထိုအခါ မီးရထား ကျွန်တော် ပြန်စီးရသည်။ ထိုအခါ ဖိုးဂေါ်လီနှင့် ကျွန်တော် ပြန်တွေ့သည်။

ခါတိုင်းကဲ့သို့ပင် ဖန်ဂေါ်လီ မျက်လုံးလေးနှင့်။ ခါတိုင်းကဲ့သို့ပင် ပြုံးပြုံးလေး။ ခါတိုင်းကဲ့သို့ပင် တစ်ခုံချင်း၊ တစ်ခုံချင်း။

ထူး၍လည်း ဖိုးဂေါ်လီတို့ ဖွံ့ဖြိုးမလာ။

သူ ကျွန်တော့်ရှေ့ မရောက်မီကတည်းက ကျပ်တန် နှစ်ရွက် ကျွန်တော် ထုတ်ထားနှင့်ပြီးပြီ။

ဖိုးဂေါ်လီ၏ မျက်လုံးလေးများက ဝေးလျှင် မြင်ပုံ မရ။ ကျွန်တော့်အနီး၌ ရပ်မိပြီးသောအခါကျမှ ပြုံးနေသော သူ့မျက်နှာလေးတွင် တောက်ပမှုလေးတစ်ခု ဆင့်လာ၏။

ပိုက်ဆံနှစ်ကျပ် ပေးရင်း ထုံးစံအတိုင်း ကျွန်တော်က မေး၏။

"ဖိုးဂေါ်လီ၊ မင်းအဖေ အရက်သောက်တုန်းပဲလား"

ခါတိုင်းဆိုလျှင် ပြုံးပြုံးလေးပင် ခေါင်းညိတ်ပြတတ်၏။

ဤအကြိမ်တွင်ကား အပြုံးလေး ရှေးဦးစွာ ပျောက်သွား၏။ ထို့နောက်မှ ခေါင်းလေးကို ဖြည်းညင်းစွာ ခါပြ၏။

"ဟေ… မသောက်တော့ဘူး၊ တယ်ဟုတ်ပါလား၊ မင်းကိုကော ရိုက်သေးသလား"

ဖိုးဂေါ်လီက ခေါင်းခါပြ၏။

"အမယ်… လောကကြီး တယ်တိုးတက်နေပါကောလား၊ ဒါဖြင့်ရင် မင်း… မင်း…"

ကျွန်တော် စကား မဆုံးလိုက်ရပါ။

ဖိုးဂေါ်လီက ကျွန်တော့်အနီးမှ ခွာထွက်သွား၏။

မပြုံးတော့သော သူ့မျက်နှာမှ မျက်လုံးများတွင် မျက်ရည်များ ပြည့်လျှံနေသည်ကို ကျွန်တော် သတိပြုမိသည်။

ဖိုးဂေါ်လီက အထက်တန်းတွဲမှ ဆင်းသွားသည်။

ရိုးရိုးတန်းများဆီသို့ပင် မသွားတော့ဘဲ ခပ်လှမ်းလှမ်းရှိ ဂိတ်ပေါက်မှ သံဆန်ခါ အပြင်သို့ ထွက်ကာ သစ်ပင်ကြီး တစ်ပင်အောက်တွင် သွားထိုင်နေ၏။

နားမလည်သော ကျွန်တော်က ရထားပြတင်းပေါက်မှ သူ့ကို လှမ်းကြည့်နေမိသည်။

သူ့ကိုယ်လေးက လှုပ်နေသည်။ လက်ဖျံလေးများနှင့် သူ့မျက်လုံးများကို ပွတ်သုတ်နေသည်။

ဖိုးဂေါ်လီ ငိုနေလေသည်တကား။

ကျွန်တော် တုန်လှုပ်သွားသည်။ ကျွန်တော် ဘာလုပ်လွှတ်လိုက်မိသနည်း။ ကျွန်တော့်စကား ဘာမှားသွားသနည်း။

mgyee.com

mgyoe.com  SAMPLE BOOK 

မီးရထားဌာန ဝတ်စုံနှင့် ဝန်ထမ်းတစ်ဦးက လာနှုတ်ဆက်၏။

"ဆရာကြီး ရန်ကုန် သွားမလို့လား"

"အာ… အင်း… ပြန်မလို့"

"သြော်… ဟုတ်သားပဲ၊ ဆရာကြီး အခု ရန်ကုန်မှာ နေတယ်နော်"

"ဟုတ်တယ်၊ ခုက သားနဲ့ သမီး… အဲ… မြေးဆီက ပြန်လာတာ"

သူ့ဆီက နောက်ထပ် စုံစမ်းခြင်း၊ သတင်းမေးခြင်းတွေ မလာမီ ဖိုးဂေါ်လီကို ကျွန်တော်က ညွှန်ပြ၏။

"ဖိုးဂေါ်လီကို သိတယ် မဟုတ်လား"

"ဟာ… မသိ ဘယ်ဖြစ်မလဲ၊ သိတာပေါ့"

"သူ့ကို ကျွန်တော် ငွေ နှစ်ကျပ်ပေးလိုက်တယ်၊ သူ့အဖေ အရက် မသောက်တော့ဘူးလည်း ပြောတယ်၊ သူ့ကို မရိုက်တော့ဘူးလို့လည်း ပြောတယ်၊ ဒါပေမဲ့ ဟိုမှာ သွားငိုနေတယ်၊ ဒီကလေး ဘာဖြစ်သလဲ မသိဘူး"

သူက ဖိုးဂေါ်လီဆီ လှမ်းကြည့်၏။

"သူ့အဖေ သူတော်ကောင်းကြီးကို လွမ်းလို့ ဖြစ်မှာပေါ့"

ဘယ်လို"

"သူ့အဖေက ဆေးရုံ ရောက်နေတယ်လေ၊ အရက်သမား အသည်းထိတာ၊ မရပါဘူး၊ သေမှာပါပဲ"

"သြော်…"

မီးရထားကြီး ထွက်သည်အထိ သစ်ပင်အောက်တွင် ဖိုးဂေါ်လီက ငိုနေတုန်း။

သူ့ကို မျက်စိတစ်ဆုံး ကျွန်တော် ငေးကြည့်ပြီး လိုက်ပါလာသည်။

တံတားဆီ ရောက်သောအခါ ဖိုးဂေါ်လီသည် ကျွန်တော့်မြင်ကွင်းမှ ပျောက်ခဲ့ပြီ။ ဟိုသစ်ပင်က ပေါ်လာ၏။

လောကကြီးမှာ အစစ ပြောင်းလဲသည် ဆိုတော့ အညတရသစ်ပင်၏ အခြေအနေတွေလည်း ပြောင်းလဲနေပြီ။

သစ်ပင်အခြေတွင် မြေပုံ၍ မရှိတော့ပြီ။ နှန်းမြေ၌ သွားဆုံးသော ရေသောက်မြစ်ကြီးပင် ထင်ထင်ရှားရှား ပေါ်နေ၏။ ကမ်းနှင့် ဆန့်ကျင်ဘက်မျက်နှာတွင် ကျန်သေးသမျှသော အမြစ် အနည်းငယ်ကသာ မပြိုသေးသော မြေကို တတ်အားသမျှ တွယ်ထားကြသည်။ မပြိုသေးသော မြေမှာပင် အက်ကွဲကြောင်းကို တွေ့နေရပြီ။ ပင်စည်ပင်လည်း ချောင်းဘက်သို့ ယိုင်နေပြီ။

သြော်… ပြို၊ မပြိုက မြေ၏ အလုပ်။ မြေ ရှိသေးသမျှ တွယ်ထားရမည်က အမြစ်၏ အလုပ်။

အညတရ သည်အပင်က သူ့လိုပင် အညတရဖြစ်သော ဖိုးဂေါ်လီတစ်ယောက် ဘာကြောင့် ငိုသည်ကို ကျွန်တော့်အား ရှင်းပြသည် ထင်၏။

ထင်၏။ ။

*၂၉-၃-၈၉*

*သာရမဂ္ဂဇင်း၊ မေလ၊ ၁၉၈၉ ခုနှစ်။*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# လိုက်ခဲ့ပါ မောင့်အိပ်မက်ကမ္ဘာဆီ

## အခန်း ( ၁ )

စိန့်အက်ဂနစ်စ်၏ ညချမ်းချိန်ခါ… သည်လိုပဲ လှလှပပ ဘာသာပြန်လျှင် ဂျွန်ကိတ်စ် တစ်ယောက်တော့ သဘောတူမည် ထင်သည်။ သူက အလှကဗျာဆရာကိုး။

ဦးမြင့်သွယ်က တစ်ကိုယ်တည်း ပြုံးမိသည်။

တစ်ကိုယ်တည်း သကြံန်အခါမှာ…။ စာအုပ်တော့ အဖော်ပါသည်ပေါ့။ ချစ်စရာ ကဗျာလေးတွေအကြောင်း ပါသည့် စာအုပ်။ ရှည်လျား ပျင်းရိဖွယ် ကောင်းသော နေ့ရက်များကို ကုန်လွန်ပစ်လိုက်ဖို့ သည့်ထက်ကောင်းသော အဖော် ရှိပါသေးသလော။

ဦးမြင့်သွယ် ပြုံးမိပြန်၏။ ရှည်လျား ပျင်းရိဖွယ်ကောင်းသော နေ့ရက်များမှာ မှလား၊ ကျန်သော အချိန်တွေမှာကကော။

ဦးမြင့်သွယ်က အပြုံးကို ရပ်လိုက်သည်။

ရှေ့မှ လောကကို ကြည့်မိသည်။ လောက… သည်စကားပင် မမှန်သေး၊ ဩကာသ လောက။ ဩော်… ဩကာသလောက ဆိုသည်ကလည်း ဘာကို ဆိုလိုပါသနည်း။

mgyoe.com

mgyoe.com

ထားပါတော့။

ဩကာသလောကကြီးက ဆိတ်ငြိမ်နေသည်။ လေကပင် ငြိမ်နေသဖြင့် သစ်ပင်တို့၏ အကိုင်းလေးများပင် မလှုပ်။ တစ်နွေဦးလုံး တဝကြွေကြပြီမို့ ဘယ်ရွက်ဝါမျှ မကြွေ။ ဩော်… ရွက်ဝါတွေပင် မရှိတော့… ပင်ထက်မှာ။

မြေပြင်မှာတော့ ရွက်ဝါတွေ ရှိနေသည်။ ဆိတ်ဆိတ်သုဉ်းသုဉ်း ရှိနေသည်။

ပင်ယံမှာ ရွက်နုတွေ အလှဝေနေချိန်မှာ မြေပြင်က ရွက်သေတွေကို ဘယ်သူက ကြည့်မည်နည်း။

မိမိက ကြည့်သည်။ သည်တော့ ဆိတ်သုဉ်းမှုကို သိသည်။

ဦးမြင့်သွယ်က ဖတ်လက်စဖြစ်သော ဂျွန်ဒရင့်ခ်ဝါးတား တည်းဖြတ်သည့် ကမ္ဘာ့စာပေအလှ မိတ်ဆက်စာအုပ်ထူကြီးကို ကြည့်သည်။

ဂျွန်ကိတ်စ်၏ အခန်းရောက်တော့ ကိုးကားပြထားသည့် သူ့ကဗျာကလေးတွေကို အသေးစိတ် မဖတ်ဘဲ မနေနိုင်။ ဩော်… ငယ်စဉ်ကတည်းက နတ်သျှင်နောင်နှင့်အတူ ဂျွန်ကိတ်စ်ကို ချစ်ခဲ့ရသည်။ 'ကရုဏာမဲ့သော လှကေရီ'။ သည်ကဗျာကစ သူ့ကို စွဲခဲ့ရသည်။

ယခုလည်း သူ၏ စိန့်အက်ဂနစ်စ်၏ ညချမ်းချိန်ခါ ကဗျာတစ်ပိုင်းတစ်စကို ဖတ်နေမိသည်။

စိန့်အက်ဂနစ်စ် အခါတော်နေ့က ဇန်နဝါရီလ ၂၁ ရက်။ အခါတော်ကို ကြိုသော ညချမ်းချိန်ခါ ဆိုသည်က ဇန်နဝါရီလ ၂၀ ရက်ည။

ဩော်… သူတို့ဆီ ရေခဲမည်။ နှင်းဖြူဖတ်လေးတွေ ကျနေမည်။

ရေခဲ၍ နှင်းဖြူဖတ်လေးတွေ ကျနေသော သူတို့ဆောင်းကို ကြုံဖူးပါသည်။ မြန်မာတစ်ယောက်ဖြစ်၍ မကြိုက်ပါ။ သို့ရာတွင် ဂျွန်ကိတ်စ်၏ စိန့်အက်ဂနစ်စ်၏ ညချမ်းချိန်ခါကတော့ ချစ်စရာ လွမ်းစရာ။ ဩော်… ရင်ခုန်ဖွယ်ရာ။

ဦးမြင့်သွယ်သည် ပူအိုက်သော နွေကို အာရုံဖြတ်လိုက်ပြီး ဆောင်းညချမ်းချမ်းမှာ ရဲတိုက်ကြီးတစ်ခု၏ လရောင်မှုန်မှုန်ဝေသော အခန်းလေးတစ်ခုဆီ အပျိုစင်မိန်းမချောလေး 'မက်ဒလင်း' နှင့်အတူ ရောက်သွား၏။

*'အလောသုံးဆယ်လေး အခန်းတွင်းသို့*
*ဝင်လိုက်မိသည့် ခဏမှာ*
*ပျားဖယောင်းတိုင်လေးက ဟုပ်ခနဲ ငြိမ်းသွားသည်။*
*မှိုးမှိုးမျှင်လေးပင်လျှင် လရောင်ဖျော့ဖျော့မှာ*
*ချုပ်ကွယ် ပျက်လွင့်သွားရှာသည်။*
*တံခါးကို ပိတ်လိုက်ပါသည်။*
*သို့ရာတွင် နောင်တပူပန် မတွေ့ချင်က*

mgyoe.com

mgyoe.com SAMPLE BOOK


*လေသံမျှပင် စကားမဆိုရ ထုံးစံက*
*ဤသို့ ရှိပြန်လေရာ မက်ဒလင်းမှာ*
*လပဟာပြင်၌ အာရုံနိမိတ်သာ ထင်သည့်*
*ဗိညာဉ်လောကသားပမာ*
*အသံမထွက်သော စကားများနှင့်သာ*
*နှလုံးသားကို ပြောရသည်။*
*သြော်... နှလုံးသား*
*ချမ်းသာခြင်း ဟူသော အဖို့ကိုသာ သိခဲ့၍*
*စကားလုံးလှလှလေးတွေနှင့်သာ လျှမ်းပြည့်သည့်*
*မိမိနှလုံးသား...။*
*ခမျာမှာလည်း ပြောချင်ရာလေးများကို*
*ချုပ်တည်းထားရသဖြင့်*
*နာများ နာကျင်လှပါပြီ။*
*ပမာဆိုသော်*
*ရွှေလည်တိုင်ဖော့ရိုးကို*
*အကျိုးမဲ့ ရောင်အမ်းစေသည့်အဆုံး*
*နှလုံးအိမ် မွန်းဆို့ကာ*
*မထင်မရှား တောင်လျှိုကြားမှာ*
*အသက်ဆုံးရရှာသော*
*လျှာမရှိတော့သည့်*
*ညဏ် တေးရှင် ငှက်အသွင်ပါတကား။'*

ဥပမာနှင့် ဥပမေယျ...။ သူတို့ ဥပမာနှင့် ဥပမေယျ။ မြန်မာနားတွင်မူ မည်သို့ရှိမည်နည်း။

ဂျွန်ကိတ်စ်တစ်ယောက် ကြံကြံဖန်ဖန် ပြောတတ်ပုံကိုမူ ဦးမြင့်သွယ်က သဘောကျသည်။

စာအုပ်၏ စာမျက်နှာများမှ မျက်လုံးများကို ခွာလိုက်ပြီး ဦးမြင့်သွယ်က ရှေ့သို့ ကြည့်သည်။

မိမိ ထိုင်နေရာ သစ်တိုပင်ကြီးက ပင်စည်တုတ်ခိုင်သမျှ မြင့်မားလှသည်။ အကိုင်းအလက်တွေကလည်း ဝန်းဝန်းဝိုင်းဝိုင်း ဖြာဖြာဝေဝေ ရှိသည်။ အရွက်တွေကလည်း စေ့စေ့စိပ်စိပ်၊ ထုနှင့်ထည်နှင့်။ ထီးဝိုင်းကြီး မိုးထားဘိသကဲ့သို့ အရိပ်ကောင်းလှသည်။

မိမိ ထိုင်လျက်ရှိသော ပင်ခြေမှ ဆယ်ပေခန့်အကွာ နေရာမှစပြီး ကုန်းမြေက ပြေပြေလေး လျှောဆင်းသွားသည်။ အနိမ့်ချိုင့်တွင်းမှာရော ဘေးပတ်ဝန်းကျင်မှာပါ

mgyoe.com SAMPLE BOOK

သစ်ပင်တွေ ရှိနေသည်။ ရွက်နုတွေ ဆင်သည့် ရာသီဖြစ်သောကြောင့် အပင်တိုင်းက သစ်လွင် လှပနေသည်။ ဩော်… ဆင်ခြေလျှော မြေမှာ ဖုံးနေသည့် ရွက်ဝါများပင်လျှင် တစ်မျိုးတစ်မည် လှနေသည်။

သည်ပတ်ဝန်းကျင်က 'ယခုနှင့် ဤမှာ' သဘော။ ကဗျာက ပြောပြနေသော ပတ်ဝန်းကျင်က 'ဟိုတုန်းကနှင့် ထိုမှာ' သဘော။ စာဖတ်သူ ဆိုသည်က လောကနှစ်ခုမှာ နေနေသည်။ ယခုနှင့် ဤမှာ ဆိုသည်က (ဘုရား ကယ်တော်မူပါ) အမှန်တရား၏ လောက ဆိုသတတ်။ ဟိုတုန်းကနှင့် ထိုမှာ ဆိုသည်က လှည့်စားထားသော လောကအတု ဟူလေ၏။ စာပေမှန်သမျှက (မြတ်စွာဘုရား) လှည့်စားထားသော လောကအတု။ စာရေးကောင်းသည် ဆိုခြင်းမှာ လှည့်စားထားသော လောကအတုကို ယာယီဖြစ်ဖြစ် အစစ်အမှန် လောကပမာ ဖန်ဆင်းပြလိုက်ခြင်း ဖြစ်သည်။ ထိုအခါ စာဖတ်သူသည် ဟိုတုန်းကနှင့် ထိုမှာဆီ ယခုနှင့် ဤမှာ ကျင်လည် မိန်းမောနေသည်။

မည်သူ ပြောသနည်း။ ကမ္ဘာကျော် စာပေသဘောတရား ပညာရှင် အာသာ ကိုးစတယ်လာ(Arthur Koestler) က 'ဖန်တီးမှုအလုပ်' ဟူသည့် စာအုပ်မှာ ပြောသည်။

ရှိစေတော့… မငြင်းလိုပါ။ သဘောတရား ဆိုသည်က အနည်းနှင့်အများ အမှန်တရားတွေ ပါနေတတ်သည်။ သည်တော့ မငြင်းလိုပါ။

ရှည်လျား ပျင်းရိဖွယ်ကောင်းသော နွေ၏ နေ့လယ်။ ယခု ဤမှာကနေ လရောင် ဖျော့ဖျော့မှ မက်ဒလင်း၏ အပျိုစင်ခန်းဆောင် ဟိုးတုန်းက ထိုမှာဆီ ခေတ္တအလည်သွား နေရသည်မှာ စိတ်ချမ်းသာဖွယ် ဖြစ်ပါ၏။ ဂျွန်ကိတ်စ်ကိုလည်း ကျေးဇူးတင်ပါ၏။

သူပဲ ကြုံကြုံဖန်ဖန် ပြောသည်။ နိုက်တင်ဂေးလ် ဆိုသည်က ညမှာ သီချင်းဆိုသော ငှက်ကလေးပါ။ လျှာမရှိတော့သော်လည်း သူ့ဘဝက သီချင်းဆိုရမည်။ မဆိုဘဲက မနေနိုင်။ သည်တော့ ခမျာ…။

မမျှော်လင့်သော အသံကြောင့် ဦးမြင့်သွယ်၏ အတွေး ရပ်သွားသည်။ အသံ… မိန်းကလေးတစ်ဦး၏ အသံ။

ငိုသံလိုလို၊ ရှိုက်သံလိုလို၊ ငိုသံရှိုက်သံတော့လည်း မဟုတ်။ ဒေါသသံ၊ ပေါက်ကွဲသံ၊ ဤသို့လည်း ခေါ်နိုင်မည် ထင်သည်။

လူသံကမူ တိတ်သွားပြန်၏။ သို့ရာတွင် နောက်ထပ်အသံတစ်မျိုးက ပေါ်လာပြန်သည်။

ခုန်သံ၊ မြေမှာ လူခုန်သံ။ ဆောင့်၍ ဆောင့်၍ ခုန်သံ။

ဦးမြင့်သွယ် မျက်မှောင်ကြုတ်သွား၏။

ရုပ်ရှင်များ ရိုက်နေကြသည်လော။ ဤသည်ကလည်း မဖြစ်နိုင်။

ရုပ်ရှင်ခြံက မိမိ ထိုင်နေသည့်ဘက်မှာ၊ အသံလာရာ ဟိုဘက်ခြံက ရိုးရိုးသူဌေး တစ်ဦး၏ ခြံ။ ပြီးတော့ ရုပ်ရှင်ရိုက်ခြင်း ကိစ္စတွေ နားထားရသည့် အချိန်မို့ မိမိပင်လျှင်

mgyoe.com

mgyoe.com SAMPLE BOOK

သူငယ်ချင်း မုတ်ဆိတ်မောင်မောင်ရှည်တို့ ခြံတွင် သကြန်တွင်း အေးအေးလူလူ လာနားနေသည်။

မိန်းကလေးအသံ ပြန်ထွက်လာပြန်၏။

စောစောတုန်းကကဲ့သို့ပင်။ ငိုသံလိုလို၊ ရှိုက်သံလိုလို၊ ဟိုလိုလို သည်လိုလို။ ဤအကြိမ်တွင်ကား ဦးမြင့်သွယ်က ထိုင်ရာမှ ထပြီး သစ်ပင်ကွယ်မှ ထွက်လိုက်သည်။

ဟိုဘက်မှာကလည်း ဧရာမသစ်ပင်ကြီး တစ်ပင်က ရှိနေသေးသည်။ အသံက သစ်ပင်ကွယ်မှ လာနေသည်။

လူသံ ပျောက်သွားပြီး ခုန်သံ ပြန်ပေါ်လာ၏။ သစ်ရွက်တွေကို ခြေနှင့်ကန်သော အသံမျိုးလည်း ထွက်လာပြန်၏။

ခြေလှမ်းတံ့ကာ ခေတ္တရပ်နေမိပြီးမှ ရဲစိတ်သွင်း၍ ဦးမြင့်သွယ်က သစ်ပင်ကွယ်က ထွက်လိုက်၏။

"အမယ်လေးဗျာ..."

မျက်နှာကို တစ်စုံတစ်ရာ လာမှန်သောကြောင့် ဦးမြင့်သွယ်က ရုတ်ခနဲ အော်မိသည်။

မျက်စိများကို ခေတ္တ ပြန်ဖွင့်ကြည့်လိုက်သောအခါ မိမိ၏ အင်္ကျီရင်ဘတ်ပေါ်တွင် သစ်ရွက်အပိုင်းအစများကို တွေ့ရသည်။

သြော်... သစ်ရွက်ခြောက်များနှင့် ဆုပ်၍ အပေါက်ခံရသည်။ ပေါက်သူကို မြင်ပြန်တော့ ဦးမြင့်သွယ်မှာ ဘာစကားမျှ မပြောနိုင်။ ပါးစပ်ဟ၍ ကြောင်ကြည့်နေမိသည်။

မိန်းမပျိုလေးတစ်ဦး၊ အဲ... အပျံစားလေးတစ်ဦး။ စပယ်ရှယ်လေးတစ်ဦး။ ကိုယ်မှာ လည်ပင်းကျယ် စွပ်ကျယ်စပို့ရှပ် ပါးပါးကို ဝတ်ထားသည်။ ခါးမှာက ဘောင်းဘီရှည်နှင့်၊ လက်တစ်ဖက်တွင်က ယခုအထိ သစ်ရွက်ခြောက်တစ်ဆုပ် ဆုပ်ကိုင်ထားဆဲ။

ပါးစပ်လေး အဟောင်းသားနှင့် မချောလေးက မိမိကို ကြည့်နေသည်။

"ဘယ်လို လုပ်လိုက်တာလဲ ကလေးမရယ်"

ပျော့ပျော့ညည်းရင်း ဦးမြင့်သွယ်က မျက်လုံးများကို ပွတ်သည်။ မပွတ်မဖြစ် မျက်လုံးတွင်းမှာ ဖုန်နှင့် အမှိုက်စလေးများ ဝင်နေဟန် ရှိသည်။ မျက်လုံးများကို ကြာကြာဖွင့်ထား၍က မရ။ သိပ်တော့လည်း မပွတ်ရဲ။ မပွတ်ဘဲကလည်း မနေနိုင်။ မျက်လုံးများအတွင်း၌ ခိုးလိုးခုလုများ ဖြစ်နေပြီး မျက်ရည်များက ထွက်လာနေ၏။

မိမိ၏ မျက်နှာနှင့် အလွန်နီးကပ်စွာလျှင် မွှေးကြိုင်သော ရနံ့ ထွက်လာသည်ကို ဦးမြင့်သွယ် သတိပြုမိ၏။

"မပွတ်နဲ့... မပွတ်နဲ့၊ အနာဖြစ်သွားလိမ့်မယ်၊ မျက်လုံးဖွင့်ထား၊ တအားကုန်ဖွင့်ထား"

mgyoe.com

mgyoe.com SAMPLE BOOK

နူးညံ့သော လက်ကလေးနှစ်ဖက်က မိမိ၏ မျက်နှာကို ကိုင်လာသည်။

"ဖူး… ဖူး… ဖူး…"

ပူနွေးသော လေများက မိမိမျက်လုံးများတွင် ရောက်လာသည်။

သူ အမိန့်ပေးသကဲ့သို့ မျက်လုံးများကို တအားကုန် ဖွင့်ထားရတော့ သူ့မျက်နှာလေးကို မျက်ရည်တွေကြားမှ မဝါးတဝါး မြင်နေရသည်။

ဩော်… မွှေးကြိုင်သော ရနံ့က သည်မျက်နှာလေးမှ လာခြင်းပါတကား။

"ဖူး… ဖူး… ဖူး…"

ကလေးမကမူ အားရပါးရ မှုတ်ပေးနေသည်။

အတန်လေးကြာမှ မျက်နှာလေးက နောက်သို့ ခွာသွားသည်။ ခြေဖျားထောက်ထားခြင်းကို ချလိုက်၍လား မသိ၊ မျက်နှာလေးက အနည်းငယ်လည်း နိမ့်ကျသွားသည်။

"ဘယ့်နှယ်နေသေးသလဲ"

ဦးမြင့်သွယ်က မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ကြည့်သည်။ မျက်လုံးတစ်ဖက်မှာက ခိုးလိုးခုလုလေး ကျန်မြဲ ကျန်နေသေးသည်။

"အဲ… အဲ… ဒီဘက်က နည်းနည်း ကျန်နေသေးတယ်၊ ကိစ္စ မရှိပါဘူးကွယ်"

"အိုး… ကိစ္စတော့ ရှိတာပေါ့၊ ဒီမှာ ခဏလေး နေဦးနော်၊ သူများ ရေ သွားယူခဲ့မယ်၊ ရေထဲမှာ မျက်လုံး ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နေမှ…"

"နေပါစေ ကလေးမ"

မိမိ ပြောသည်ကို ဆုံးအောင်ပင် နားမထောင်။

မချောလေးက တစ်ဖက်ခြံဆီသို့ ပြေးထွက်သွားသည်။

ဦးမြင့်သွယ် ရပ်ကျန်ရစ်သည်။ မျက်လုံး တစ်ဖက်တွင်းမှာတော့ ခိုးလိုးခုလု။ ရင်တွင်းမှာလည်း ခိုးလိုးခုလု။

ဘယ်နေရာ၌ ဘာကို ခိုကပ်၍ ကျန်နေရစ်မှန်း မသိ။ မွှေးရနံ့လေးများကလည်း ကြိုင်ဆဲ… သင်းဆဲ။

ဦးမြင့်သွယ်က နေရာမှ ခွာထွက်သွားမည် ကြံသည်။ ဘာကြောင့် ဤအကြံပေါ်ရမှန်းလည်း မသိ။ တကယ်တော့လည်း နေရာမှ ခွာ၍က မရ။

ပလတ်စတစ်ရေပုံးနီနီ တစ်လုံး ဆွဲပြီး မချောလေး ပြန်ပေါ်လာသည်။

"ထိုင်… ထိုင်၊ ထိုင်ချလိုက်"

ဩော်… သူက မိမိကို ကလေးတစ်ယောက်အား အမိန့်ပေးသကဲ့သို့ ထိုင်ခိုင်းနေသည်။ ဘာတတ်နိုင်မည်နည်း။ ဦးမြင့်သွယ်က မြေပြင်တွင် ဆောင့်ကြောင့်ထိုင်ချလိုက်ရ၏။

မချောလေးက အသင့်ပါလာသော ရေခွက်ကြီးတစ်လုံး၌ ရေအပြည့်ခပ်ပြီး ဦးမြင့်သွယ်၏ မျက်နှာအနီး ကပ်ပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သူမျှားက ကိုင်ပေးထားမယ်၊ သူက ရေထဲ မျက်လုံး ဖွင့်ချည် ပိတ်ချည် လုပ်"

သူမျှား…။ သူ…။ သူ ဆိုသည်က မိမိကို ဆိုဟန် တူသည်။ သည်တော့ မိမိ ဆိုသည့်သူက ခိုင်းသည့်အတိုင်း လုပ်ရ၏။

ဆိုးတော့ မဆိုး။ ကျိန်းစပ်ပူနေသော မျက်လုံးမှာ ရေအေးနှင့် တွေ့တော့ သက်သာလေသား…။

ဦးမြင့်သွယ်က အတန်ကြာအောင် ဖွင့်လိုက်၊ ပိတ်လိုက် လုပ်ရင်း မျက်လုံးများကို ရေစိမ်သည်။

ဦးမြင့်သွယ် ခေါင်းပြန်မော့လိုက်သောအခါ မချောလေးက ရေခွက်အတွင်းမှ ရေကို ဂရုတစိုက် စူးစမ်းကြည့်နေ၏။ ခဏတွင် ဝမ်းသာအားရ အော်၏။

"ဟော… ဒီမှာ… ဒီမှာ"

မချောလေးက ပြတော့ ဦးမြင့်သွယ်က ကြည့်သည်။

ခေါင်းချင်းထိလုနီး ဆိုင်မိကြသည်။ ဦးမြင့်သွယ်က ကြိုင်မွှေးသော ရနံ့ကို သတိပြုမိပြန်၏။

"မြင်လား"

အစကတော့ မမြင်။ မချောလေးက လက်ညှိုးလှလှလေးဖြင့် ထိုးပြမှ မြင်သည်။

အမှိုက်စ မှုန်မှုန်လေး နှစ်ခု။

လူကြီးတစ်ဦးက ကလေးတစ်ဦးကို ပြုံးပြသော အောင်မြင်မှု ကျေနပ်ပြုံးနှင့် မချောလေးက ပြုံးပြနေ၏။

"ဟိုဘက်မျက်လုံးကိုလည်း လုပ်လိုက်ဦး၊ ဒါမှ ဖုန်ရှိသေးရင် စင်သွားမှာ"

စိတ်တွင်းမှ ဟုတ်ကဲ့ဟု ပြောပြီး ဦးမြင့်သွယ်က ကျန်မျက်လုံးတစ်ဖက်ကို ရေစိမ်ရပြန်၏။

အားလုံး ပြီးသောအခါ သူ့အင်္ကျီလည်ပေါက်တွင်းမှ လက်ကိုင်ပဝါလေးတစ်ခု ထုတ်ယူပြီး မချောလေးက ပေးသည်။

လက်ကိုင်ပဝါ ကိုင်လျက်နှင့် ဦးမြင့်သွယ်က မချောလေးကို ကြည့်သည်။

"သုတ်လိုက်လေ၊ ရေတွေ သုတ်လိုက်၊ အားမနာနဲ့"

လက်ကိုင်ပဝါကို ကိုင်ထားရသော ဦးမြင့်သွယ်၏ လက်များက တုန်ချင်လာသည်။

မချောလေးက ထပ်ပြော၏။

"အားနာနေလား၊ အားမနာနဲ့"

ဦးမြင့်သွယ်က မျက်နှာမှ ရေများကို လက်ကိုင်ပဝါနှင့် စသုတ်သည်။ မိန်းမပျို များ ကိုင်သော လက်ကိုင်ပဝါသည် မွှေးလေကြောင်းလည်း ယခုမှ သိသည်။

ဦးမြင့်သွယ်က လက်ကိုင်ပဝါကို ပြန်ပေးသောအခါ လှမ်းယူပြီး မချောလေးက ဘောင်းဘီအိတ်တွင်း ထည့်ထားလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဒူးလေးများကို ကွေးကွေး မ,ထားပြီး မချောလေးက ခြေဆင်း ထိုင်နေ၏။ လက်များက ဒူးများကို ဖက်ထားရင်း ချိုပြုံးပြုံးနှင့် ဦးမြင့်သွယ်ကို ကြည့်သည်။

အာဂဟာလေး၊ အကြောက်တရား ရှိပုံမရ။ သူ့ကိုယ်သူ ယုံကြည်စိတ်ချဟန်က အပြည့်။ ဘယ်လို ဟာစားလေးနည်း။

"သူက ဘယ်က ပေါ်လာတာလဲ"

ဦးမြင့်သွယ်ကလည်း တမင်ပင် စကားဆန်းနှင့် ဖြေ၏။

"ဟိုတုန်းက ထိုမှာကနေ"

"အနိ..."

"စာဖတ်နေရာကနေလို့ ပြောတာ"

"အဲဒီလို ဘာလို့ ပြောသလဲ"

"တို့က နှစ်လောကမှာ နေလို့"

မချောလေး မျက်မှောင်ကြုတ်သည်။ မျက်နှာလေးမှာမူ အပြုံး ရှိလေ၏။ အကျိုးနည်း... တယ်လှတဲ့ ကောင်မလေးပါတကား။

"အဲဒါလည်း... သူက ဘာပြောတာလဲ"

"တို့များ အခု ဒီမှာ အကောင်အထည်နဲ့ ငုတ်တုတ်ထိုင်နေတယ်၊ အဲဒါက တစ်လောက၊ ယခု... ဤမှာလို့ ခေါ်တယ်၊ စာဖတ်တဲ့အခါမှာ တခြားတစ်လောကဆီ ရောက်သွားတယ်၊ အဲဒါကို ဟိုတုန်းက... ထိုမှာလို့ ခေါ်တယ်"

မချောလေး၏ မျက်လုံးဝန်းဝန်း လှလှများ လှလှလေးပင် ပြူးသွား၏။

"ဟိုတုန်းက ထိုမှာ၊ ယခု ဤမှာ...၊ ဟာဟ... သူပြောတာ သိပ်ကောင်းတာပဲ၊ သူများ သဘောပေါက်တယ် သိလား"

ဦးမြင့်သွယ် ဘာဆက်ပြောရမှန်း မသိ။

"သူက ဘာစာဖတ်နေတာလဲ၊ ဝတ္ထုလား"

"ဟင့်အင်း..."

"ဘုရားစာလား"

"အဲဒီလောက် တို့က သူတော်ကောင်း မဟုတ်သေးဘူး"

"ဒါပေမဲ့ သူ့ရုပ်ရည်က သူတော်ကောင်းရုပ်ရည်ပါ"

"အလို... မင်း ဘယ်လိုလုပ် သိလဲ"

"သူက သဘောကောင်းတယ် မဟုတ်လား"

"အဲဒါရော ဘယ်လိုလုပ် သိလဲ"

"သူများက လူ့စရိုက် ရှုပြီး လုပ်ကိုင် စားသောက်တာ"

ဤတစ်ကြိမ် မျက်လုံးပြူးရသူမှာ ဦးမြင့်သွယ် ဖြစ်၏။

"မင်း... မင်းက လက္ခဏာ ဟောစားသလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟွီး… စိတ်အရမ်းညစ်တာပဲ၊ ဘယ်က လက္ခဏာ ဟောစားရမှာလဲ"

"နို…"

"သူများက စာရေးတယ်"

"သြော်…"

"ဘာတွေ ကြီးကြီးကျယ်ကျယ် ရေးသလဲ မေးဦးမလား၊ မမေးနဲ့"

"ခင်ဗျာ…"

"ဘာမှ ကြီးကြီးကျယ်ကျယ် မရေးဘူး၊ ရေးချင်တာ ရေးတာ၊ ဘာပြောချင်သလဲ"

"အာ အား… မပြောချင်ပါဘူး"

"ဒါပေမဲ့ တချို့က မနေနိုင် မထိုင်နိုင် ပြောတယ်"

"ဘယ်သူတွေလဲ"

"ဝေဖန်ရေးဆရာ ဆိုတဲ့ လူဝါးဝတဲ့ လူတွေ"

"သြော်"

"မုန်းတယ် သိလား"

"အင်း… ဘယ်သူ့ကိုလဲ"

"ဝေဖန်ရေးဆရာတွေကို၊ မြတ်နိုးသူ ဆိုတဲ့ ငတိကို အမုန်းဆုံးပဲ"

"အား…"

"နာမည်က မြတ်နိုးသူတဲ့၊ ဟွန်း… မုန်းစရာကောင်းလိုက်တာ၊ သူ့မျက်စိထဲ ခုနင်ကလို သစ်ရွက်ခြောက်တွေနဲ့ ကောက်ပေါက်ပစ်ချင်တယ်"

ဦးမြင့်သွယ် ခေတ္တ ငြိမ်သွား၏။

"မင်း သူ့ကို တွေ့ဖူးသလား"

"မတွေ့ဖူးပါဘူး၊ ပြီးတော့ သူက စကြောက်ပဲ"

"ဘယ်လို"

"သူက လူများတွေလို ဓာတ်ပုံတွေ ဘာတွေ မထည့်ဘူး၊ အယ်ဒီတာကို စုံစမ်းတော့လည်း သူဝေဖန်တာကို ကြိုက်လို့ ထည့်တာတဲ့၊ လူချင်း မသိဘူးတဲ့၊ ဉာဏ်ပူဇော်ခလည်း မယူဘူးတဲ့၊ ဒီတော့ လိပ်စာတောင် သိဖို့ မလွယ်ဘူးတဲ့၊ သူကလည်း လိပ်စာ မပေးဘူးတဲ့"

ဦးမြင့်သွယ်က ကလေးမကို တစ်ချက်ကြည့်ပြီးမှ မေး၏။ ကလေးမ စကားကို သံယောင်လိုက်ပြီး မေး၏။

"သူများနာမည်က ဘယ်လို ခေါ်သလဲ"

"ဘယ်နာမည်လဲ"

"ကလောင်နာမည်ပဲ ပြောပါ"

mgyoe.com

mgyoe.com SAMPLE BOOK

''နှစ်ခု မပြောရဘူးလား

''အဲဒါတော့ အမိသဘော''

ကလေးမက ရယ်၏။

''အလကား ပြောတာပါ၊ နာမည်လည်း တစ်ခုပဲ ရှိတယ်၊ သင့်ချစ်ရီတဲ့''

''အား… ယွားစ်လပ်ဗီးလီးရီ''

''ဘယ်ဆိုးလဲ''

''သင့်ချစ်ရီကို တို့လည်း သိပါတယ်''

''တကယ်…''

''ချစ်မယ်၊ လွမ်းမယ် မုန်းပစ်လိုက်မယ်၊ အဲဒီဝတ္ထုကို တို့ကြိုက်တယ်''

ကလေးမ၏ အပြုံးလေးမှာ ပိုမို တောက်ရှန်းသွား၏။

''သူ့ကိုရော ဘယ်လို ခေါ်ရမလဲ''

''သူ့ကို၊ အား… မြင့်သွယ်၊ ဦးမြင့်သွယ်လို့ မင်း ခေါ်နိုင်တယ်''

''အဲဒီလောက် မအိုသေးပါဘူး''

''ဒါပေမဲ့ တို့အလုပ်ကြောင့် ဒီလိုပဲ ခေါ်ကြတယ်''

''သူ့အလုပ်က ဘာလဲ''

''ကျောင်းဆရာ''

ကလေးမ၏ ပါးစပ်လေး ဟသွား၏။ အမူအရာလေးလည်း အနည်းငယ် ကျုံ့သွား၏။

''ဘယ်… ဘယ်ကျောင်းမှာလဲ''

''တက္ကသိုလ်မှာပါ၊ တို့ ဒဿနိကဗေဒ သင်တယ်''

''ကထိကလား''

''လက်ထောက်ကထိကပါ''

''ချစ်ရီလည်း ရန်ကုန်တက္ကသိုလ်က ဘွဲ့ရတာ၊ ဆရာ့ကို မတွေ့ဖူးဘူး''

''တို့က နယ်တွေ လျှောက်ပြောင်းရတယ်ကွယ်၊ ဒီတော့ မဆုံမိကြဘူးပေါ့''

''ချစ်ရီ ဆရာ့အပေါ်မှာ ရိုင်းမိသလား''

''ဘာဖြစ်လို့ ဒီလို မေးတာလဲ''

''ချစ်ရီက ထင်တာ ပြောပြီး ထင်တာ လုပ်တတ်တယ်၊ ဆရာနဲ့ ခုတွေ့တာ ပြန်စဉ်းစားကြည့်တယ်၊ ချစ်ရီ မရိုမသေတွေ လုပ်မိခဲ့သလား''

''မင့်အမူအရာတွေ မရိုင်းပါဘူးကွယ်၊ အဲ… ရဲရင့် လွတ်လပ်တာတော့ ရှိတယ်၊ မင့်စာလေးလိုပဲ ရဲရင့် လွတ်လပ်တယ်''

သူ့ကိုယ်သူ ချစ်ရီဟု ခေါ်နေသော ကလေးမက မျက်မှောင်လေး ကြုတ်သွား၏။

''မြတ်နိုးသူ ဆိုတဲ့ လူကလည်း အဲဒီလိုတော့ ပြောတယ်''

mgyoe.com

mgyoe.com
SAMPLE BOOK

"ဒါနဲ့များ မင်း သူ့ကို မုန်းရသလား ချစ်ရီ"

"အို... တခြားဟာတွေလည်း သူ လျှောက်ရေးသေးတာ"

"ဝေဖန်ရေး ဆိုတာဟာ ချီးမွမ်းတာချည်းတော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ မင်းကို သူ ဝေဖန်ကတည်းက သူ မြတ်နိုးလို့ပေါ့"

"သူက ချစ်ရီကို မြတ်နိုးတယ်"

"စာကို မမြတ်နိုးဘဲ စာကို မဝေဖန်ဘူး၊ မင့်စာကို ဝေဖန်ကတည်းက အနည်းဆုံး မင့်စာကို သူ အသိအမှတ် ပြုမိပြီ၊ မင်း သိသလား၊ သူ့နှလုံးသားထဲမှာ မင့်စာတွေ ဘယ်လောက် ကျန်မယ်ဆိုတာ"

"အဲဒီလို ဆိုရင်တော့ စိတ်ချမ်းသာစရာကြီးပဲ"

"လောကမှာ စိတ်ချမ်းသာအောင် နေတတ်ရတယ် ကလေးမ၊ အဲ... သင့်ချစ်ရီ"

ချစ်ရီက ရယ်သည်။ ရယ်သံက သာယာသည်။ ရယ်သော နှုတ်ခမ်းလေးများက လှပသည်။ ပေါ်လာသော သွားလေးများကလည်း လှပသည်။ သြော်... ဒါကြောင့် အလှလက္ခဏာ ငါးဖြာတွင် နှုတ်ခမ်းနှင့် သွားများကို နေရာပေးထားဟန် တူသည်။

"ချစ်ရီအနေနဲ့ စိတ်ချမ်းသာအောင် နေတတ်ပါတယ်၊ ဒါပေမဲ့ သင့်ချစ်ရီအနေနဲ့ တစ်ခါတလေ ရူးချင်တယ်"

"အို"

"ဟုတ်တယ်၊ ခုနင်က အရူးထတာ၊ ချစ်ရီ အရူးထတာ"

"ကြံကြံဖန်ဖန်ကွယ်"

"ဆရာ မယုံဘူးလား၊ ချစ်ရီ အော်တယ်၊ ခုန်တယ်၊ သစ်ရွက်ခြောက်တွေကို ခြေထောက်နဲ့ ကန်တယ်၊ သစ်ရွက်ခြောက်တွေ ကောက်ပြီး လေထဲ ပေါက်တယ်၊ ဆရာ့ကို မတော်တဆ အဲဒီလို မှန်သွားတယ်"

"အဲဒီလို ဘာလို့ လုပ်ရသလဲ"

"ခက်လိုက်တာ ဆရာကလည်း၊ ချစ်ရီ အရူးထတယ်လို့ ဝန်ခံပြီးပါရောလား၊ ချစ်ရီ အရူးနှစ်မျိုး ထတတ်တယ်"

"ဘယ်လို"

"ချစ်ရီ လွမ်းခန်းရေးရင် ချစ်ရီ ငိုပစ်လိုက်တာပဲ၊ ဒေါသထွက်ခန်း ရေးရင်လည်း တစ်ယောက်တည်း ရန်ဖြစ်ပစ်လိုက်တာပဲ၊ ပျော်စရာအခန်း ရေးရင်လည်း တဟားဟား ရယ်ပစ်လိုက်တာပဲ၊ ဆရာ နားလည်လား"

"အင်း... အင်း"

"နောက်တစ်မျိုးက စိတ်ညစ်ရင်၊ ဇာတ်လမ်း တွေးမရဘဲ ပိတ်နေရင် သိပ်စိတ်ညစ်တယ်၊ အိပ်လို့လည်း မရဘူး၊ စားလို့လည်း မရဘူး၊ ဘာလုပ်လို့မှ မရဘူး၊ အဲဒါဆို ခုန်ပစ်လိုက်ရမှ၊ အော်ပစ်လိုက်ရမှ၊ တစ်ခုခု လုပ်ပစ်လိုက်ရမှ"

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီတော့ ဇာတ်လမ်း တွေးလို့ ရသွားရောလား"

"အား… ရသွားတယ်"

ဦးမြင့်သွယ်က ရယ်သောအခါ ချစ်ရီက သူ့မျက်နှာကို စိုက်ကြည့်နေသည်။

ဦးမြင့်သွယ်က အရယ်ရပ်ပြီး ချစ်ရီကို ပြန်ကြည့်မိသည်။

မိမိ ဘာဖြစ်နေသနည်း။ သည်ကလေးမနှင့် တွေ့မှ လှတာတွေချည်း သတိပြုမိသည်။

ကလေးမ၏ လည်တိုင်လေးက လှသည်။ ဟိုးရှေးတုန်းကတော့ လည်တိုင်ရှင်းရှင်းလေးဟု ပြောကြသည်။ မိမိကတော့ ငွေနှင်းဖြူလည်တိုင်ဟု ခေါ်ချင်သည်။

ကလေးမ၏ လည်တိုင်က ငှန်းလည်တိုင်ကဲ့သို့တော့ ဆွတ်ဆွတ်ဖြူမနေ။ ဆွဲထားသော ရွှေဆွဲကြိုးလေးကဲ့သို့ပင် ဝါဝင်းသည်။ လည်တိုင်လေးကြောင့် ဆွဲကြိုးလေးက ပိုဝင်းသလော၊ ဆွဲကြိုးလေးကြောင့် လည်တိုင်လေး ပိုဝင်းသလော။

မိမိအကြည့် ကြာသွားမိ၍ မလုံမလဲဖြစ်ပြီး ဦးမြင့်သွယ်က စကားပြော၏။ ပြောမိပြန်တော့လည်း လည်တိုင်လေး အကြောင်း။

"စောစောက ဆရာ ဂျွန်ကိတ်စ်ရဲ့ ကဗျာလေး ဖတ်နေတယ်၊ သူက တေးဆိုလို့ မရတဲ့ နိုက်တင်ဂေးလ် ငှက်လေးအကြောင်း စပ်ထားတယ်"

"တေးဆိုလို့ မရတဲ့ နိုက်တင်ဂေးလ် ငှက်လေးအကြောင်း…"

"အင်း"

"ဘယ်လို စပ်လဲ"

"အမှန်ကတော့ ငှက်ကလေးအကြောင်း မဟုတ်ပါဘူး၊ မက်ဒလင်းဆိုတဲ့ မိန်းမလှလေးတစ်ယောက် အကြောင်း၊ သူက ဥပမာပေးတာပါ"

"မက်ဒလင်း ဆိုတဲ့ မိန်းမလှလေးအကြောင်း…"

"ဟုတ်တယ်၊ *ပမာဆိုသော် ရွှေလည်တိုင်ဖော့ရှီးကို အကျိုးမဲ့ ရောင်အမ်းစေသည့်အဆုံး…၊ နှလုံးအိမ် မွန်းဆို့ကာ…၊ မထင်မရှား တောင်လျှိုကြားမှာ အသက်ဆုံးရှုံးရရှာသော… လျှာမရှိတော့သည့် ည၏ တေးရှင် ငှက်အသွင်ပါတကား…* တဲ့"

"ဟာ… သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ ငှက်ကလေးရဲ့ လျှာက ဘယ်ရောက်သွားလို့လဲ"

"သြော်… ဥပမာပြောတာ၊ သူ တကယ်ပြောနေတာက မက်ဒလင်းလေးအကြောင်း"

"အင်းလေ… မက်ဒလင်းလေးက ဘာဖြစ်သလဲ"

"ချစ်ရီလို ဖြစ်နေတယ်နဲ့ တူတယ်"

"ရှင်… ချစ်ရီလို"

"မက်ဒလင်းခမျာ နှလုံးသားက စကားတွေ ပြောချင်နေတယ်၊ ဒါပေမဲ့ ပြောလို့မရဘူး၊ ဒီတော့ သူ့နှလုံးသားတွေဟာ နာကျင်နေသတဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရီက ရယ်၏။

"တော်သေးတာပေါ့၊ ချစ်ရီ မရူးဘူးပေါ့၊ အလွန်ဆုံး လျှာမရှိတော့တဲ့ ငှက်ကလေး၊ အဟင်း... ဟင်း"

"ချစ်ရီ မရူးပါဘူး၊ ရူးတယ်ဆိုရင်လည်း ကမ္ဘာကျော် စာရေးဆရာကြီးတချို့ကို အဲဒီ စာရင်းထဲ ထည့်ရလိမ့်မယ်"

"ရှင်..."

"ဂျာမန်စာဆိုကြီး ဖရက်ဒရစ်ချ်ရှီးလားက စာရေးမရဘဲ ပိတ်နေရင် ပန်းသီးပုပ်ကို ရှူသတဲ့၊ အဲဒီလိုဆို ပွင့်ပြီး ဉာဏ်ရွှင်သွားသတဲ့၊ ရုရှားစာရေးဆရာကြီး တိုးဂါးညက်ဖ်ကတော့ စည်ပြတ်တစ်ခုထဲ ရေနွေးပူပူ ထည့်ပြီး ခြေထောက်နှစ်ချောင်းလုံး စိမ်သတဲ့၊ ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက်ကတော့ အဆိပ်ဖြစ်လုနီး ခါးအန်နေတဲ့ ကော်ဖီတွေ သောက်သတဲ့"

ချစ်ရီက အသံထွက်၍ တခစ်ခစ် ရယ်သည်။

"ဆရာက ကြံ့ကြံ့ဖန်ဖန် ပြောတယ်"

"ဆရာက ကြံ့ကြံ့ဖန်ဖန် ပြောတာ မဟုတ်ဘူး၊ စာရေးဆရာကြီးတွေက ကြံ့ကြံ့ဖန်ဖန် လုပ်တာ၊ တစ်ဦးစီမှာ အနုပညာနိုးစက်ခလုတ် တစ်ခုစီ ရှိကြပုံ ရတယ်"

ချစ်ရီက အရယ်ရပ်သွားပြီး မျက်မှောင် မကြုတ်တကြုတ်နှင့် စဉ်းစားသယောင်နေ၏။

"ချစ်ရီ ဆိုလိုတာကို အပြည့်အစုံ မပြောရသေးတော့ ဆရာ သဘောမပေါက်သေးဘူး၊ ချစ်ရီက အခုက ခါတိုင်းလို အနုပညာနိုးစက်ခလုတ် နှိပ်မရတာမျိုး မဟုတ်ဘူး၊ ချစ်ရီက အခု ခရိုက်ဆစ်စ်တစ်ခု တွေ့နေတာ၊ အဲဒါ ဘယ်လို ပြန်မလဲ"

"အရေးကြုံတယ်တဲ့"

"အား... အရေးကြုံတယ်၊ ဟုတ်တယ်၊ ချစ်ရီကို စာပေက စူပါစတားလေးလို့ ခေါ်ကြတာ ဆရာ သိသလား"

"အင်း... မဂ္ဂဇင်းတွေက စာအုပ် သတင်းခန်းတွေမှာ ရေးတာ ဖတ်ဖူးတယ်"

"ချစ်ရီတို့က ဓာတ်လိုက်မင်းသမီးမှ မဟုတ်ဘဲ၊ ဘာလို့ အဲဒီလို ခေါ်ကြရတာလဲ မသိဘူး၊ ထားပါတော့၊ ရောင်းကောင်းတဲ့ သူတွေထဲမှာ ချစ်ရီက ထိပ်ကပေါ့၊ ချစ်ရီဝန်ခံမယ်နော်၊ ချစ်ရီ ထိပ်က မဆင်းချင်ဘူး"

"ဘယ်သူကရော ဆင်းချင်မှာလဲ ချစ်ရီ၊ အဲဒါဟာ သဘာဝပဲ"

"ခက်တာက ချစ်ရီနဲ့ အပြိုင်တွေ ရှိလာကြပြီ၊ ကောင်မလေးတွေချည်းပဲ၊ တချို့ဆို ချစ်ရီထက်တောင် ငယ်သေးတယ်၊ လိုင်းတွေကလည်း အတူတူပဲ၊ သိပ်လည်း ကြိုးစားကြတယ်၊ စာအုပ်တိုက် ဆိုတာတွေကလည်း မင်းသမီးချောချော လိုက်ရှာတဲ့ ရုပ်ရှင်ကုမ္ပဏီတွေနဲ့ တူတူလာကြပြီ၊ အပြိုင်၊ အပြိုင်၊ အားလုံး အပြိုင်"

mgyoe.com

mgyoe.com SAMPLE BOOK

ဦးမြင့်သွယ်က ခေါင်းညိတ်ပြ၏။

"ချစ်ရီကလည်း ရုပ်ရှင်မင်းသမီးတွေ ကားတွေ အများကြီး လက်ခံထားသလို စာရေးဖို့ အများကြီး လက်ခံထားတယ်၊ ဆရာ ယုံသလား၊ ချစ်ရီ ဝင်ငွေဟာ ထိပ်သီး မင်းသမီးတွေထက် များတယ်၊ ချစ်ရီကို လာစာချုပ်ရင် သိန်းထက်နည်းရင် ချစ်ရီ လက်မခံဘူး"

"ဆရာ ကြားတော့ ကြားဖူးတယ်"

"အခု ကိုယ်တွေ့ ပြောပြနေတာ"

"အား… အား…"

"ဒီတော့ စာတွေ အများကြီး ရေးရတယ်၊ ချစ်ရီက ရှဲဒိုး မထားဘူး၊ ရှဲဒိုး ဆိုတာ သိပ်ကြောက်ဖို့ ကောင်းတယ်"

"သနားဖို့လည်း ကောင်းပါတယ်လေ"

"အင်းလေ၊ ဆရာ သနားချင် သနားပေါ့၊ ချစ်ရီကတော့ ကြောက်တယ်၊ ဒီတော့ ချစ်ရီဘာသာပဲ ချစ်ရီ ရေးတာ၊ ဒီတော့ သိပ်ပင်ပန်းတယ်၊ ပင်ပန်းတာက ကိစ္စ မရှိဘူး၊ အကြောင်းအရာတွေ ထပ်ချင်လာတယ်၊ တစ်ခါတလေတော့လည်း ရေးကောင်းကောင်း နဲ့ ရေးလိုက်တာ၊ ရေးရတာက အလွယ်သား၊ အဲ… ဇာတ်လမ်း ဘယ်လို ဆုံးရမှန်း မသိဘူး၊ ဒီတော့ ချစ်ရီ ဘာလုပ်သလဲ သိလား"

"ဘာလုပ်သလဲ"

"မင်းသားကိုဖြစ်စေ၊ မင်းသမီးကိုဖြစ်စေ သတ်ပစ်လိုက်တာပေါ့၊ မှတ်ကရော၊ ပြီးတော့မှ ပစ်လွှမ်းပစ်လိုက်တာပေါ့၊ အမှန်တော့ ချစ်ရီလည်း ဘယ်သတ်ပစ်ချင်မလဲ၊ အဲ… မြတ်နိုးသူ ဆိုတဲ့ ငတိက…"

ချစ်ရီက မျက်နှာစူစူလေးနှင့် စကားရပ်သွားသည်။ ဦးမြင့်သွယ်က မျက်လုံး ဖြဲလျက် ကြည့်သည်။

"မြတ်နိုးသူက ဘာပြောလဲ"

"အို… ပြောတောင် ပြောချင်တော့ဘူး"

"ချစ်ရီဟာ ချစ်ဇကေရီတဲ့၊ ရှေးတုန်းက ဘဝရှင် ဇကေရာဇ်ကြီးတွေ၊ ဇကေရီ ကြီးတွေဟာ လူတစ်ယောက်ကို အသာလေး သေမိန့်ပေးလိုက်သလိုပဲ၊ ချစ်ရီက ဇာတ် ကောင်တွေကို အသာလေး သတ်ပစ်လိုက်တာပဲတဲ့၊ ဒါကြောင့် သင့်ချစ်ရီကို သင့်ချစ်ဇကေရီ လို့ ခေါ်ချင်တယ်တဲ့၊ ချစ်ဆိုတော့လည်း သူတဲ့၊ ကွဲဆိုတော့လည်း သူတဲ့၊ သေဆိုတော့ လည်း သူတဲ့၊ ဟုတ်တယ် မဟုတ်လား"

"ဟင်… ဆရာ ဘယ်လိုလုပ် သိသလဲ"

"ဆရာဟာ စာဖတ်သူ တစ်ယောက်ပါ၊ စာတွေ အကုန်ဖတ်တယ်"

"သူ ချစ်ရီကို မတရားရေးတာ၊ စာရေးဆရာ ဘိုးအေကြီးတွေတောင် သတ် တာပဲဟာ"

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဘယ်သူတွေလဲ"

"တော်လ်စတွိုင်းကြီးက အင်နာကရေနီနားကို သတ်တယ်၊ ရှိတ်စပီးယားကြီးက ရိုမီယိုနဲ့ ဂျူးလီယက်ကို သတ်တယ်၊ ဆရာသုခက ဂုဏ်ရည်မတူလို့လား ဝတ္ထုမှာ မယ်သုံ ကို သတ်တယ်၊ ဆရာဖန်းမော်တင်အောင်က ဒေါက်တာရေချမ်းကြီးကို သတ်တယ်၊ ဆရာကြီး သခင်ဘသောင်းက ပန်းသာမစာဥကို သတ်တယ်၊ ဆရာ တက္ကသိုလ်ဘုန်းနိုင်က ခိုင့်ကို သတ်တယ်၊ နုနုငယ်ကို သတ်တယ်၊ အစောကို သတ်တယ်… ကဲ…"

ဦးမြင့်သွယ်က စကားလွှဲ၍ မေး၏။

"အဲဒါ ထားပါတော့၊ ခုနင်က ပြောတဲ့ ချစ်ရီရဲ့ အရေးကြုံပုံ ဆက်ဦးလေ"

"ချစ်ရီ ထိပ်က မဆင်းချင်ဘူး၊ အပြိုင်တွေကလည်း ရှိလာပြီ၊ ဇာတ်လမ်းတွေ ကလည်း ထပ်လာပြီ၊ ဒီတော့ အချစ်ဝတ္ထုတော့ အချစ်ဝတ္ထုပဲပေါ့၊ ဒါပေမဲ့ အချစ်ဝတ္ထု တစ်မျိုး၊ လူများတွေ မတွေးတဲ့ အချစ်မျိုး၊ ဒီတော့ ဇာတ်လမ်းလည်း မတူတော့ဘူးပေါ့၊ အဲဒါမျိုး ရေးမယ် စိတ်ကူးပြီး ဒီလာနေတာ၊ ဒါ ချစ်ရီအိမ် မဟုတ်ဘူး၊ ချစ်ရီတို့ အဒေါ်အိမ်၊ ဒီဂိုးလ်ဒင်ဗဲလီထဲက တိတ်ဆိတ်တယ်၊ ပုန်းပြီး စာရေးလို့ ကောင်းတယ်၊ ပြီးတော့ ဆွေမျိုးတွေထဲမှာလည်း ချစ်ရီက စူပါစတားပဲ၊ ချစ်ရီ နေချင်သလိုနေ၊ စားချင် တဲ့အချိန် စား၊ အိပ်ချင်တဲ့အချိန် အိပ်၊ လွတ်လပ်တယ်၊ ခက်တာက အသစ် ပေးရမယ့် လုံးချင်းဝတ္ထုရှည်အတွက် ခုထိ ဇာတ်လမ်း စဉ်းစားမရသေးဘူး၊ ရင်ထဲကတော့ ဘာတွေမှန်း မသိဘူး၊ ရှုပ်ထွေး ဗလောင်ဝေနေတာပဲ"

"အား အား…နေရာချထားလို့ မရသေးတဲ့ ရှုပ်ထွေးပွေလီမှု"

"ဆရာ ဘာပြောလိုက်တယ်"

"နေရာချထားလို့ မရသေးတဲ့ ရှုပ်ထွေးပွေလီမှု၊ အင်္ဂလိပ်လိုတော့ Disordered Complexity လို့ ခေါ်တယ်"

"အဲဒါက ဘာကို ပြောတာလဲ"

"အလှ သို့မဟုတ် ဗျူတီ ဆိုတာကို စာရေးဆရာကြီး ပရူးစ်(Proust) က နေရာ ချပြီးသား ရှုပ်ထွေးပွေလီမှုလို့ ခေါ်တယ်၊ Ordered Complexity တဲ့၊ ပြီးမြောက်သွား တဲ့ ကဗျာတွေ၊ ဝတ္ထုတွေ ဆိုပါတော့၊ ချစ်ရီ ရင်ထဲက အခု ဗလောင်ဝေမှုတွေဟာ နေရာ ချထားလို့ မရသေးတဲ့ ရှုပ်ထွေးပွေလီမှုလေးတွေပေါ့၊ ချိတ်စွန်းလေးချင်း မချိတ်မိသေးတဲ့ ရွှေကြိုးမျှင်လေးတွေ၊ ဆေးမစပ်မိသေးတဲ့ တိမ်ပုံတိမ်စိုင်လေးတွေ"

"နားထောင်လို့ ကောင်းလိုက်တာ၊ ဒါပေမဲ့ ချစ်ရီ နားမလည်ဘူး"

"နားလည်အောင် ဟောက်စမန် (Housman) ဆိုတဲ့ ကဗျာဆရာကြီးရဲ့ စကားနဲ့ ပြောပြမယ်၊ ကဗျာတစ်ပုဒ်ဟာ ဦးဖွဲဆို မန်းလိုက်တာနဲ့ ထွက်လာတာ မဟုတ်ဘူး၊ ရင်တွင်း ဟိုး…တစ်နေရာကနေ ရိပ်ခနဲ ပေါ်လာလိုက် ပျောက်သွားလိုက်၊ အဆက်အစပ် မရှိဘဲ နောက်တစ်ခုက ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ သူကတော့ ပေါ်ပြီး ခဏမှာ

mgyoe.com SAMPLE BOOK

ပျောက်သွားတဲ့ ရေပူဖောင်းလေးတွေနဲ့ နှိုင်းတယ်၊ အဲဒါကို ဦးနှောက်က လိုက်ဖမ်းထားတယ်၊ အဲဒါကို ဟိုတစ်ကွက် ဒီတစ်ကွက် မဆက်မိသေးဘူးပေါ့၊ ဆက်မိတဲ့အချိန်မှာတော့ ကဗျာတစ်ပုဒ် ဖြစ်သွားမယ်၊ ချိတ်စွန်းလေးတွေနဲ့ ချိတ်စရာလေးတွေကို နှလုံးသားက ပေးတယ်၊ ဦးနှောက်က လိုက်ချိတ်ပေးပြီး နေရာတကျ စီစဉ်ပေးလိုက်တယ်၊ ဆေးစပ်မိတဲ့ တိမ်ပုံတိမ်စိုင်လေးတွေဟာ ဂီတနက်သန် ကိုစောညိန်း ရေးသလို ပုံမခြား ဂဠုန်နဂါး ပြေးလွှားဟန်သည် ဆေးစပ်မိခဲ့လေပြီဆို ပုံပန်းသဏ္ဌာန် ပီပြင်လာတယ်၊ အဲဒီအချိန် မတိုင်ခင်တော့…''

ဦးမြင့်သွယ်က စကားကို ရပ်ပစ်လိုက်၏။

''အဲဒီအချိန် မတိုင်မီတော့ ဘာဖြစ်သလဲ၊ သူ ဆက်ပြောလေ''

ချစ်ရီက သတိလက်လွတ် ပြောလိုက်ဟန် ရှိသည်။ သူ… သူ ဆက်ပြော။ မြတ်စွာဘုရား…။ သူ…။ ဆရာ ဆိုသည်ထက် နားမှာ ချိုချင်သည်။

''ဪ… ကိတ်စ်ပြောတဲ့ ညရဲ့ တေးရှင်ငှက်ကလေးလို ဖြစ်နေဦးမှာပေါ့လို့''

ချစ်ရီက ရယ်နေ၏။

သူတို့ ထိုင်နေသော နေရာက ခြံဝင်းများ၏ အပြင်မှာ ရှိသည်။

သည်ဘက်အိမ်ခြံဝင်း နောက်တံခါးပေါက်မှ မိန်းမငယ်တစ်ဦး ထွက်လာ၏။

''မမချစ်ရီ၊ စာအုပ်တိုက်က လာကြတယ်''

''ဟောတော့… ဒုက္ခပါပဲ''

''ဟိုတိုက်ကတော့ ပလုဆိုလား၊ ပတုဆိုလား လာပြတာတဲ့၊ နောက်တစ်ယောက်ကတော့ မျက်နှာဖုံးပန်းချီ ပြမလို့တဲ့''

''ခက်ကျတာပဲ၊ သကြ်န်တောင် မနားတဲ့လူတွေ၊ အေး အေး၊ လာမယ် ပြောလိုက်''

ချစ်ရီက ပြုံးမဲ့မဲ့လေးနှင့် ဦးမြင့်သွယ်ကို ပြော၏။

''ကျော်ကြားမှုရဲ့ ဆုလာဘ်တွေ၊ ဘယ်မှာလဲ လွတ်လပ်မှု၊ ဪ… ဆရာရေ၊ ဆရာနဲ့ စကားပြောရတာ သိပ်ကောင်းတာပဲ၊ မနက်ဖြန် ချစ်ရီ လာဦးမယ်၊ ဆရာ ရှိမှာပဲ မဟုတ်လား''

သူက အတန်လေးဆိုင်းပြီးမှ ခေါင်းညိတ်သည်။

''ဆရာ ပြောတာတွေ နားထောင်ချင်သေးတယ်၊ ပြီးတော့ မေးစရာလည်း ရှိသေးတယ်၊ သူများ ဘာမေးမလဲ သိလား''

လာပြန်ပြီ သူများ။ သည်စကားလေးကလည်း နားဝင်ချိုသည်။

''သူကရော ဘယ်လိုလုပ် သိမလဲ''

ချစ်ရီက သဘောကျဟန် ရယ်၏။

''သူ့ကို ပြောပြခိုင်းမယ်၊ လှျာမရှိတော့တဲ့ ညရဲ့ တေးရှင် ငှက်ကလေးအကြောင်း ရယ်၊ ပြီးတော့…''

mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးချိုချိုနှင့် စကားကို ဆိုင်းထားသည်။
''ပြီးတော့ မက်ဒလင်းဆိုတဲ့ မိန်းမလှလေး အကြောင်းရယ်''
ရေပုံးလေးကို ဆွဲယူပြီး ချစ်ရီက ထွက်သွား၏။
ဦးမြင့်သွယ်က ဝမ်းနည်းသယောင် စဉ်းစားသည်။
ကျန်ရစ်သည်။
သူ… ကျန်ရစ်သည်။

## အခန်း ( ၂ )

*''ရွှေလည်တိုင် ဖော့ရိုး''*

သည်စကားလေးကိုတော့ မှတ်မိသည်။ နောက်က လိုက်လာသော စကားအားလုံးကိုတော့ မမှတ်မိတော့။ 'နှလုံးအိမ်'။ သည်စကားလည်း ပါသေးသည်။ ကောင်းကောင်းအလွတ်ရပြီး မှတ်မိနေသည်ကတော့-

*''မထင်မရှား တောင်လျှိုကြားမှာ*
*အသက်ဆုံးရရှာသော*
*လျှာမရှိတော့သည့်*
*ည၏ တေးရှင် ငှက်အသွင်ပါတကား''*

ပြတင်းဝတွင် ရပ်ရင်း ချစ်ရီက သက်ပြင်းချ၏။

ညက အိပ်မက်တွေ မက်သည်။ အိပ်မက်တွေ မက်သည်က မဆန်း။ ဇာတ်လမ်းစဉ်းစား၍ မရဘဲ အိပ်လျှင် အိပ်မက်ထဲမှာ ဝဲတွဲရေးနေရမြဲ ဖြစ်သည်။

ဇာတ်လမ်းတွေ ဘာတွေကလည်း ဖြောင့်လို့။ နိုးလာမှသာ ဘာဇာတ်လမ်းမျှမကျန်။ မှတ်မိသမျှ အပိုင်းအစလေးတွေကလည်း ဘာအဓိပ္ပာယ်မျှ မရှိ။

ညက အိပ်မက်တွေကမူ အဓိပ္ပာယ် ရှိသည်။ ဘာတွေမှန်း မသိဘဲ အဓိပ္ပာယ်ရှိနေသည်။ ဘာဇာတ်လမ်းမှ မရှိဘဲ အဓိပ္ပာယ် ရှိနေသည်။ တောတွေ တောင်တွေထဲလျှောက်သွားရသည်။ ဘယ်သူ လျှောက်သွားသနည်း။

မိမိတော့ မဟုတ်။ မိမိ မဟုတ်ဘူးလည်း မဟုတ်။ ဘာမျှလည်း မဖြစ်။ ဘာမျှမဖြစ်ဘူးလည်း မဟုတ်။ နိုးတော့ လွမ်းကျန်ရစ်သည်။ ဘာကို လွမ်းသနည်း။

ဘာကို လွမ်းမှန်းလည်း မသိ။ ခံစားစရာ မမြင်ရဘဲ ခံစားမှုချည်းသက်သက်ပေါ်လာနိုင်သည်လော။ အဲသည်လို ဆိုလျှင်တော့ ညက အိပ်မက်ထဲမှာ ဘာမျှမမြင်။ ခံစားမှု အစဉ်သာ ရှိသည်။

သည်တော့ အင်း… နားလည်ရသော အဓိပ္ပာယ် မရှိ၊ ခံစားရသော အဓိပ္ပာယ်ရှိသည်။

နေရာ မချရသေးသော ရုပ်ထွေးပွေလီမှု၊ မြတ်စွာဘုရား။ အဲ… အဲဒါများလား။

mgyoe.com

mgyoe.com SAMPLE BOOK

ပြတင်းဝမှာ နံနက်က ထရပ်ရပ်ချင်း လျှာမရှိတော့သည့် ညရဲ့ တေးရှင်ငှက်ကလေးကို သတိရသည်။ ဒုက္ခ။

တစ်မနက်လုံး စာရေးရန် ကြိုးစားသည်။ မရ။ ဇာတ်လမ်းတွေ ကြံကြည့်သည်။ တစ်ခုမျှ မကြိုက်။

ထမင်းစားချိန်ကျတော့ ထမင်း မစားချင်။ သည်တော့ ပန်းသီးနှင့် ငှက်ပျောသီး စားပြီး နို့အေးအေးတစ်ခွက် သောက်ချလိုက်သည်။ လုံလောက်ပြီ။

နေ့လယ်ဘက် ကူးလာတော့ ပြတင်းမှနေ၍ ခြံနောက်ဆီ ကြည့်မိသည်။

သူ့ကို မတွေ့။

သူနှင့် စကားပြောချင်သည်။ သည်လို ဘာမျှ မလုပ်နိုင်သည့်အတူတူ စကားပြောနေရသည်က ကောင်းသေးသည်။

သူက စကားပြော ကောင်းသည်။ ပြီးတော့။

ချစ်ရီက ခြံနောက်ပိုင်းဆီ ကြည့်ပြန်၏။ သည်တစ်ခါတော့ ပြုံးနိုင်သွားသည်။

သစ်တိုပင်ကြီးက နှစ်ပင်ရှိသည်။ တစ်ပင်က မိမိတို့ခြံနောက်မှာ၊ တစ်ပင်က ဟိုဘက် ခြံနောက်။ နှစ်ပင်စလုံးမှာ ရွှေရောင်အသီးသေးသေးများ ရှိနေပြီ။ သတိထားလျှင် ရွက်ဝါလေးတွေပမာ ထင်ရသည်။

ဟိုဘက်ခြံက သစ်တိုပင်ကြီးအောက်တွင် စာအုပ်တစ်အုပ်နှင့် သူက အေးအေးလူလူ ထိုင်နေသည်။

ချစ်ရီက အဝတ်အစား လဲသည်။ နွေက ပူသည်။ သည်တော့ စိမ်းညို့ညို့အင်္ကျီနှင့် ထဘီကို ဝတ်သည်။ မှောင်မှောင်ညို့ညို့လေး စိမ်းတော့ ရင်အေးသည်ပေါ့။

မြန်မာဆန်ဆန်လေး ဆိုတော့ ဣန္ဒြေရမည်။ မနေ့ကပုံစံကို သူ ဘယ်လို ထင်သွားမလဲ။

ချစ်ရီက မှန်ရှေ့တွင် မိမိကိုယ်ကိုယ် ကြည့်သည်။ တကယ်တော့ လိုပါသလော။ လိုသည်ဟု စိတ်က ပြောနေ၏။ လိုသည် ဆိုတော့ လုပ်လိုက်ပေါ့။ ဘာဖြစ်သလဲ။

မျက်နှာကိုပါ မှုန်သပြီး မှတ်စုစာအုပ်လေးနှင့် ဘောလ်ပင်ပါ ယူခဲ့၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ပလတ်စတစ်ခြင်း စိမ်းညို့ညို့လေးထဲတွင် အသင့်ဖျော်ပြီးသား လက်ဖက်ရည် ဖြည့်ထားသည့် ဓာတ်ဘူးကို ထည့်သည်။ ပန်းကန်လုံးနှင့် ပန်းကန်ပြားများလည်း ထည့်သည်။ စပျစ်သီး နှစ်ခိုင်နှင့် ပန်းသီးလည်း ထည့်သည်။ သံမဏိဓားလေးနှင့် လက်သုတ်ပဝါစ တစ်ထည်ကိုလည်း ထည့်လိုက်၏။

နောက်မှ သတိရပြီး သီးမွှေးငှက်ပျောသီး ထပ်ထည့်၏။ မိမိက မဟုတ်သည့် အချိန်က ဆာတတ်သည်။ ဆာလျှင် ငှက်ပျောသီးက စားကောင်းသည်။ သူ ကြိုက်၊ မကြိုက်တော့ မသိ။ သူ…

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရီ လုပ်နေသည်ကို အိမ်ဖော်မလေး အေးမေ ဘေးမှ ရပ်ကြည့်နေသည်။ အားလုံး ပြီးသွားမှ အေးမေက ပြော၏။

"ခြင်း ကျွန်မ ပေး၊ လိုက်ပို့ပေးမယ်နော်"

"ကိစ္စ မရှိဘူး၊ မမဘာသာ ဆွဲသွားမယ်"

"ကြီးကြီးတို့ မြင်တော့ အေးမေကို ဆူမှာ"

"မဆူစေရဘူး၊ မမ ဘာကြိုက်တယ်၊ ဘာမကြိုက်ဘူး ဆိုတာ ဒေါ်ဒေါ်တို့ သိတယ်၊ မမ တစ်ခုခုလုပ်ရင် အဲဒါ မမ လုပ်ချင်လို့ လုပ်တာလို့ ဒေါ်ဒေါ်တို့ သိတယ်"

"ခြင်းတောင်း ဆွဲတာက မမ လုပ်ချင်တာလား"

ချစ်ရီ တွေသွား၏။ လောက၌ ကြံကြံဖန်ဖန် မေးလျှင် ကြံကြံဖန်ဖန် မေးခွန်းတွေ ရပါကလား။

အဖြေကကော။

"အင်း... ဟုတ်တယ်"

"ဘာပြုလို့"

"မသိဘူး"

အေးမေက ခေါင်းလေး ကုတ်နေ၏။

"သြော်... စုံပြီ အောက်မေ့တယ်၊ ခုမှ သတိရတယ်၊ အတော်ပဲ၊ မအေး ကူချင်ရင် ဓာတ်ဘူးတစ်လုံးထဲ လက်ဖက်ရည်ကြမ်း ထည့်ယူလာခဲ့၊ အကြမ်းသောက် ပန်းကန်လုံးလေး နှစ်လုံးလည်း ထည့်ယူလာခဲ့၊ ဟုတ်လား"

ခြင်းလေးဆွဲပြီး ချစ်ရီ ထွက်လာခဲ့သည်။ ဘာကြောင့်မသိ။ တစ်စုံတစ်ရာကို စိတ်တွင်းမှ ကျေနပ်နေ၏။

သစ်တိုပင် ခြေရင်း၌ ဖျာချော မကြီးတကြီး တစ်ချပ်ပေါ် စာထိုင်ဖတ်နေသော ဦးမြင့်သွယ်က ခြေသံကြားသဖြင့် မော့ကြည့်၏။

သြော်... သည်နေ့တော့ မြစိမ်းမင်းသမီးလေးပါတကား။

"ဆရာ ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးဘူး၊ သြော်... ခြင်းထဲက ဘာတွေလဲ"

"စားစရာ သောက်စရာတွေလေ၊ သင်္ကြန်တွင်း ဆရာနဲ့ ချစ်ရီ ပစ်ကနစ်ထွက်တယ်ပေါ့၊ ပစ်ကနစ်ထွက်ရင်း စကားပြောကြတယ်"

"ကြံကြံဖန်ဖန် ချစ်ရီ"

"နို့... ဆရာပဲ လောကထဲမှာ စိတ်ချမ်းသာအောင် နေတတ်ရမယ်လို့ မနေ့က ပြောခဲ့တယ် မဟုတ်လား"

"အား... အင်း... အင်း"

mgyoe.com

ချစ်ရီက ခြင်းအတွင်းမှ ပစ္စည်းများကို ထုတ်ပြီး ခင်းကျင်းသည်။ အေးမေကလည်း လက်ဖက်ရည်ကြမ်းဓာတ်ဘူးနှင့် အကြမ်းပန်းကန်လုံးများ ယူလာချပေးပြီး ပြန်သွား၏။

မကြာမီ အသင့်အတင့် မြိုင်ဆိုင်သော ပစ်ကနစ် အခင်းအကျင်းလေး ဖြစ်သွား၏။

ချစ်ရီက ခြေလေး ဆင်းပြီး ပန်းသီးများကို စစိတ်သည်။

''ဒါ နိုင်ငံခြားပန်းသီးပါလား ချစ်ရီ''

''ဟုတ်တယ်၊ မနေ့က စာပေတိုက်က သူတို့ လာပေးသွားကြတာ''

''ချစ်ရီက သိပ်မျက်နှာကြီးတာပဲနော်''

''အဲဒါကို ကြောက်တာပေါ့''

''ဘာကိုလဲ''

''နောက် မျက်နှာ မကြီးတော့မှာ''

''ချစ်ရီ အမြဲ မျက်နှာကြီးနေမှာပါ''

''အို.. ဘာဖြစ်လို့''

''ချစ်ရီက ဟို... ဟို...''

သူ စကားထွက်၍ မရတော့။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။ သည်စကားကို ဘာကြောင့် သွားပြောမိရသနည်း။ မိမိ ဘာတွေ ဖြစ်နေသနည်း။

ချစ်ရီကလည်း မျက်တောင်ကော့များကို လှန်၍ သူ့ကို ကြည့်သည်။ သူ့မျက်နှာမှ အခက်အခဲကို မြင်သည်။ ဘာတွေ အခက်အခဲ တွေ့သနည်း။

''ချစ်ရီ နားထောင်နေတယ်၊ ဆက်ပြောလေ ဆရာ''

''အဲ... ဟိုသင်း၊ ချစ်ရီက ဥပဓိသမ္ပတ္တိ ရှိတယ်လို့၊ အဲဒါ ဆရာ ပြောတာပါ''

''အဲဒါကကော ဘာပြောတာလဲ''

''ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိတဲ့၊ သမ္ပတ္တိတရား လေးပါး ရှိတယ်၊ အဘိဓမ္မာဝိဘင်း ပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောကြားတော်မူတယ်''

''ဆရာ ခဏနေဦးနော်''

ချစ်ရီက မှတ်စုစာအုပ်လေးကို ကိုင်သည်။

''ဆရာ ပြန်ပြောဦး''

''ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ''

သူက ပြန်ပြောသည်။ ချစ်ရီက ဘောလ်ပင်လေးနှင့် လိုက်မှတ်နေ၏။

''သမ္ပတ္တိ ဆိုတာက ပြည့်စုံခြင်းပဲ၊ ဥပမာ-ဂတိသမ္ပတ္တိ ဆိုတာက ကောင်းသော ဘဝနဲ့ ပြည့်စုံခြင်းပဲ၊ ကာလသမ္ပတ္တိ ဆိုတာက ခေတ်ကောင်း၊ အခါကောင်းနဲ့ ပြည့်စုံခြင်းပဲ၊ သာမန်ပြည့်စုံခြင်း မဟုတ်ဘူး၊ အားကိုးလောက်အောင် ပြည့်စုံတာ၊ ဂတိသမ္ပတ္တိရဲ့ အစွမ်းကိုပဲ ဆရာ ပြောပြမယ်၊ ကောင်းသောဘဝ ဟူသော ဂတိသမ္ပတ္တိ၏ အကာအကွယ်ပေးခြင်း ခံရလျှင် မကောင်းသော အကုသိုလ်ကံတို့သည် မကောင်းကျိုး မပေးနိုင်ကုန်တဲ့၊ တို့

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားရှိခိုးတဲ့အခါမှာ ဝိပ္ပတ္တိတရား လေးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏လို့ ဆုတောင်းကြတယ် မဟုတ်လား၊ ဝိပ္ပတ္တိ ဆိုတာက မပြည့်စုံတာ၊ အားမကိုးနိုင်တာ၊ သမ္ပတ္တိ ဆိုတာက ဝိပ္ပတ္တိရဲ့ ဆန့်ကျင်ဘက်၊ အားကိုးနိုင်တာ"

မှတ်စု လိုက်ရေးရင်းက ချစ်ရီက ပြော၏။

"ဟုတ်ပြီ ဆရာ၊ ချစ်ရီ သဘောပေါက်ပြီ၊ သိပ်အဓိပ္ပာယ်ကောင်းတာပဲနော်"

"အင်း"

"ချစ်ရီတို့ ဘုရားသာ ရှိခိုးတာ၊ တချို့ စကားတွေရဲ့ အဓိပ္ပာယ်ကို မသိဘူး၊ ဝိပ္ပတ္တိတို့၊ သမ္ပတ္တိတို့ ဒီစကားတွေ ကြားဖူးသားပဲ၊ အဓိပ္ပာယ် လေးနက်မှန်း မသိဘူး"

သူက ဘာမျှ မပြောဘဲ ငြိမ်နေ၏။

"ဆရာ"

"အင်း"

"ဥပဓိသမ္ပတ္တိအကြောင်း ပြောဦးလေ၊ အဲဒါက စတာ"

"အဲ… အင်း… စာရှိတဲ့အတိုင်း ပြောပြမယ်နော်"

"ဟုတ်ကဲ့"

"ချောမောလှပ တင့်တယ်ခြင်း၊ ရုပ်ဆင်းကြန်အင်လက္ခဏာ ပြည့်စုံတင့်တယ်ခြင်း ဟူသော ဥပဓိသမ္ပတ္တိ၏ အကာအကွယ်ပေးခြင်း ခံရလျှင် မကောင်းသော အကုသိုလ်တို့သည် မကောင်းကျိုး မပေးနိုင်ကြကုန်တဲ့"

ချစ်ရီက လိုက်ရေးသည်။ လိုက်ရေးရင်းကလည်း သဘောပေါက်သည်။ သူ ဘာကြောင့် အခက်အခဲ တွေ့နေသည်ကို နားလည်သွားသည်။ သူ့ကိုလည်း သနားသွား၏။

ချစ်ရီက သူ့ကို ပြုံးပြုံးလေး ကြည့်ပြီး မေး၏။

"ဆရာ ဆိုလိုတာက ချစ်ရီက လှတယ်၊ ဟုတ်တယ် မဟုတ်လား"

"အား… အဲ… အင်း…"

"ချစ်ရီကို လှတယ်လို့ ပြောရတာ အားမနာပါနဲ့ ဆရာ၊ ချစ်ရီ ရှက်လည်း မရှက်ဘူး၊ စိတ်လည်း မဆိုးဘူး၊ ချစ်ရီ ငယ်ငယ်ကတည်းက ကြားနေကျစကားပဲ"

ဘာကြောင့် မသိ။ ဖြူဝင်းသော သူ့မျက်နှာနှင့် နားရွက်များ နီနေသည်ကို ချစ်ရီ သတိပြုမိ၏။

"ဒါပေမဲ့ ဆရာ…"

ချစ်ရီ စကား စရုံစပြီး ရပ်ထားသောအခါ သူက ထိတ်လန့်တကြား ကြည့်၏။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဩော်… ချစ်ရီက ရုပ်ရှင်မင်းသမီး ဖြစ်ချင်တာမှ မဟုတ်ဘဲ၊ စာရေးဆရာမ ဖြစ်ချင်တာ၊ အမြဲတမ်း အောင်မြင်တဲ့ စာရေးဆရာမ ဖြစ်ချင်တယ်၊ ရုပ်လှလို့ ဘာလုပ်ရမလဲ၊ ချစ်ရီက စာလှချင်တာ"

mgyoe.com

mgyoe.com

''ချစ်ရီရဲ့ စာလေးတွေ လှသားပဲ''

''ဆရာ တကယ်ပြောတာလား''

''ဆရာက ဘာလို့ လိမ်ရမလဲ''

''ဒီလိုလေ၊ ချစ်ရီတို့ စာတွေကို ချစ်ရီတို့ လူငယ်ချင်းတော့ ကြိုက်ကြတာပေါ့၊ လူလတ်တွေ၊ လူကြီးတွေက ကြိုက်မလား၊ တချို့က ပြောကြတယ်၊ ချစ်ရီတို့ စာတွေဟာ ချစ်တာ၊ ကြိုက်တာ၊ လွမ်းတာ၊ နှလုံးသား ကိစ္စလေးတွေနဲ့ပဲ ပြီးနေတာတဲ့၊ နတာ၊ လှတာလေးတွေနဲ့ပဲ အချိန်ကုန်နေတဲ့ စိတ်ကူးယဉ် စာတွေတဲ့၊ ဘဝစာပေတွေ မဟုတ်ဘူးတဲ့၊ ဆရာ ဘာပြောမလဲ''

''ဆရာကတော့ ဂျွန်ကိတ်စ်ရဲ့ ကဗျာကပဲ စပြောမယ်''

''ရှင်…''

''သြော်… နှလုံးသား၊ ချမ်းသာခြင်း ဟူသော အဖို့ကိုသာ သိခဲ့၍ စကားလုံး လှလှလေးတွေနှင့်သာ လျှမ်းပြည့်သည့် မိမိနှလုံးသား၊ ခမျာမှာလည်း ပြောချင်ရာလေး များကို ချုပ်တည်းထားရသဖြင့် နာမျှား နာကျင်လှပါပြီ တဲ့၊ ဆရာ မေးမယ်၊ ချစ်ရီ ဘာလို့ စာရေးသလဲ''

''ချစ်ရီလား၊ အဟင်း… ရေးချင်လို့ ရေးတာ၊ မရေးဘဲ မနေနိုင်လို့''

''ဒါဟာ အမှန်ဆုံးနဲ့ အရိုးသားဆုံး အဖြေပဲ၊ မရေးရရင် နှလုံးသားက နာကျင်တယ်လေ၊ ခံစားမှုတွေနဲ့ နာကျင်တယ်၊ ကသားဆစ်(Catharsis) ဆိုတဲ့ ခေါ်မစကား ရှိတယ်၊ အရစ္စတိုတယ်လ်တို့ လက်ထက်ကတည်းက သုံးခဲ့တယ်၊ မူလ အဓိပ္ပာယ်ကတော့ ဖြူစင်သန့်ရှင်းအောင် လုပ်ပစ်တာကို ခေါ်တယ်၊ ရွေ့လျောပြီး လေးနက်လာတဲ့ အဓိပ္ပာယ်ကတော့ ရင်ထဲမှာ အောင်းနေတဲ့ ခံစားမှုကို အနုပညာအစွမ်းနဲ့ ထုတ်လွှတ်ပြီး ချမ်းသာမှု ရယူခြင်းကို ခေါ်တယ်၊ စိတ်ကျန်းမာမှု ချွတ်ယွင်းတဲ့ လူတွေကို ကုသတဲ့အခါမှာလည်း ဒီကသားဆစ် ဆိုတဲ့ စကားကိုပဲ သုံးတယ်၊ ဝေဒနာရှင်ရဲ့ စိတ်သန္တာန်မှာ အောင်းပြီး ဒုက္ခပေးနေတဲ့ ဥပါဒါန်တွေ၊ စိုးရိမ်ပူပန်မှုတွေကို စိတ်ပညာဆရာက ကူညီပြီး ချမ်းသာမှုရအောင် ထုတ်လွှတ်ပေးလိုက်တာပဲ''

ချစ်ရီက ဘောလ်ပင်လေးနှင့် မှတ်စုစာအုပ်တွင် တကုပ်ကုပ် လိုက်ရေးနေသည်။

''ချစ်ရီကို ဆရာ တစ်ခုမေးမယ်၊ လူဆိုတာဟာ ဘာကောင်လဲ…''

''အာ… အဲဒါက ဧရာမ မေးခွန်းကြီး''

''ဆရာပဲ ဖြေပါ့မယ်၊ လူဆိုတာဟာ ဝေဒနာကောင်ပဲ၊ ဒါကို စာရေးဆရာကြီးတွေ သိတယ်၊ ဒဿနိကပညာရှင်ကြီးတွေ သိတယ်၊ စိတ်ပညာရှင်ကြီးတွေ သိတယ်၊ ဆရာ့ရဲ့ ကျေးဇူးရှင် ဝိပဿနာ ဆရာတော်ဘုရားကြီး တစ်ပါးကတော့ မင်းတို့ နှလုံးသား ဆိုတဲ့ လိင်္ဂဟာ ဝေဒနာဘူးကြီးပဲ တဲ့''

ချစ်ရီ၏ ပါးစပ်လှလှလေး ဟသွား၏။ ဘာမျှတော့ မပြော။

mgyoe.com

mgyoe.com SAMPLE BOOK

"အနုပညာစာပေနဲ့ ဝေဒနာ၊ သို့မဟုတ် ခံစားမှုဟာ ကမ္ဘာဦးကတည်းက ဆက်စပ်နေတာ၊ ကမ္ဘာဆုံးတဲ့အထိလည်း ဆက်စပ်နေဦးမယ်၊ ရေးသူကလည်း ကသားဆစ် လုပ်နေတာပဲ၊ ဖတ်သူကလည်း ကသားဆစ် ဖြစ်နေတာပဲ၊ ဒါကြောင့် စာဖတ်သူနဲ့ စာရေးသူတွေ ရှိနေကြတာ၊ ဒီသဘာဝကို သွားမတားနဲ့၊ ဘယ်တော့မှ မရဘူး၊ အဲ… ကိတ်စ်ပြောတဲ့ 'အဖို့' ဆိုတဲ့ စကားကိုတော့ နည်းနည်း ရှင်းပြချင်တယ်"

ချစ်ရီက စပျစ်သီးခိုင် ထည့်ထားသော ပန်းကန်လေးကို ထိုးပေး၏။

"စားဦး ဆရာ၊ အာခြောက်နေမယ်"

သူက စပျစ်သီး ခြွေစား၏၊ သူ စားပြီးမှ ချစ်ရီက လိုက်စား၏။

"အဖို့တဲ့၊ ဘက်တဲ့၊ လောကမှာ တစ်ဖို့တည်း မရှိဘူး၊ တစ်ဘက်တည်း မရှိဘူး၊ နှလုံးသားမှာလည်း တစ်ဖို့တည်း မရှိဘူး၊ ချမ်းသာခြင်းအဖို့ ရှိသလို ဆင်းရဲခြင်း အဖို့ ရှိတယ်၊ လှပခြင်းအဖို့ ရှိသလို အရုပ်ဆိုးတဲ့ အဖို့ ရှိတယ်၊ လသာသော ညများ ရှိသလို လမိုက်သောည ရှိတယ်၊ ငယ်ရွယ်သူတွေဟာ ချမ်းသာခြင်းအဖို့ကိုပဲ သိကြသေးတယ်၊ လှပခြင်းအဖို့ကိုပဲ စုံမက်ကြဆဲ ဖြစ်တယ်၊ လသာသော ညများကိုပဲ မြတ်နိုးကြတုန်း ဖြစ်တယ်၊ အဲဒီအဖို့ကိုပဲ သူတို့ ပြောပြချင်ကြတယ်။

အဲဒီအဖို့ကိုပဲ ခံစားကြည့်ချင်ကြတယ်၊ အဲဒါဟာ စိတ်ကူးယဉ်တာ မဟုတ်ဘူး၊ သဘာဝ၊ လူတိုင်း မလွဲမသွေ ဖြတ်သန်းလာရတဲ့ သဘာဝ၊ ရိုးသားဖြောင့်မတ်တဲ့ လူကြီးတိုင်း ဝန်ခံကြတဲ့ မိမိတို့ ပြန်မရနိုင်တော့တဲ့ ချစ်စရာ၊ လွမ်းစရာ သဘာဝ၊ ချစ်ရီတို့ရဲ့ စာလေးတွေ ဖတ်ပြီး တို့လူကြီးတွေ ဘာဖြစ်သလဲ သိလား"

"ဟင့်အင်း… မသိဘူး"

"တို့ ဟန်ဆောင်ထားတာတွေ၊ လူအထင်ကြီးအောင် ချုပ်တည်းထားတာတွေ တိတ်တိတ်ခိုး ထွက်ပေါက်ရပြီး ကသားဆစ် ဖြစ်ကုန်တယ်"

သူက ရယ်သည်။ ချစ်ရီကလည်း လိုက်ရယ်၏။

"စာပေကို ဥယျာဉ်ကြီးနဲ့ နှိုင်းတာ ချစ်ရီ တွေ့ဖူးလား"

"တွေ့ဖူးတယ်၊ စာပေဥယျာဉ်လို့ ခေါ်ကြတာတောင် ရှိတယ်"

"အင်မတန် အဓိပ္ပာယ်ပြည့်ဝတဲ့ စကားပါ၊ ကောင်းပါတယ်၊ ဆရာကတော့ စာပေကို သစ်ပင်ကြီးတစ်ပင်နဲ့ နှိုင်းချင်တယ်၊ သစ်ပင် နှစ်မျိုး ရှိတယ် ချစ်ရီ၊ ဆောင်း၊ သို့မဟုတ် နွေမှာ အချိန်မှန်မှန် တစ်ရွက်မကျန်အောင် ရွက်ခြွေတတ်တဲ့ အပင်မျိုး၊ ဒီဆီဂျူးအက်စ်ပင်မျိုးလို့ ခေါ်တယ်၊ တစ်မျိုးကတော့ အမြဲစိမ်းလန်းနေတဲ့ သစ်ပင်၊ ဟောဒီ သစ်တိုပင်ကြီးလိုပေါ့၊ အမြဲစိမ်းလန်းနေတယ် ဆိုတော့ သစ်ရွက် မကြွေလို့လား မေး၊ ကြွေတာပေါ့၊ နေ့စဉ် မသိမသာ ကြွေနေတာပဲ၊ ဒီလိုပဲ ရွက်သစ် ရွက်နုတွေကလည်း နေ့စဉ် မသိမသာ ထွက်နေတာပဲ။ သစ်ပင်ကြီး တစ်ခုလုံးအနေကတော့ အမြဲစိမ်းလန်းနေတာပေါ့၊ စာပေကို အမြဲစိမ်းလန်းနေတဲ့ သစ်ပင်ကြီးတစ်ခုအဖြစ် ဆရာတော့ မြင်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အမြဲစိမ်းလန်းနေတဲ့ သစ်ပင်၊ အဲဗားဂရင်းန်"

"ဟုတ်တယ်၊ စာပေနယ်မှာလည်း လူငယ်စာရေးဆရာတွေဟာ အမြဲပေါ်နေတာပဲ၊ အမြဲစိမ်းလန်းတဲ့ သစ်ပင်ကြီးမှာ ရွက်သစ် ရွက်နုတွေ နေ့စဉ်ထွက်နေသလိုပဲပေါ့၊ အဲ့ဒါကို ဟော့… ရွက်သစ် ရွက်နုတွေ မထွက်နဲ့၊ စကတည်းက ရွက်ဟောင်း ရွက်ရင့်တွေ ထွက်လို့ သွားပြောလို့ ရမလား၊ ရတော့ကော အဲဒီသစ်ပင်ကြီး လှမလား၊ ဒီလိုပဲ လူငယ်တွေ ကို ချစ်တာ၊ လွမ်းတာ၊ လှတာ၊ နုတာတွေ မရေးနဲ့လို့ သွားပြောလို့ ရမလား၊ ရရင်ကော စာပေသစ်ပင်ကြီးခမျာ လှပါတော့မလား၊ မပူသင့်တာကို ပူကြတယ် ထင်တယ်၊ ရင့်ကျက်မှုဟာ သူ့ပုံဘာသာသူ လာပါလိမ့်မယ်၊ မလာပါနဲ့လို့ ပြောလို့လည်း မရဘူး၊ နှလုံးသားမှာ နှစ်ဘက်၊ နှစ်ဖို့ ရှိတာ ဆရာ ပြောခဲ့ပြီးပြီနော်၊ ချမ်းသာခြင်း တစ်ဘက်၊ တစ်ဖို့သာ သိတဲ့ နှလုံးသားဟာ တခြားတစ်ဖို့ကို အလိုလို သိလာပါလိမ့်မယ်၊ အဲဒီတော့လည်း ဘာသာခြားပြီး စကားပြောလာကြမှာပါ"

"ဘဝစာပေတွေ ရေးလာကြမယ်ပေါ့"

"စာပေတွေကို နာမည်တပ်တာ ဆရာတော့ သိပ်မကြိုက်ဘူး၊ တစ်ခါတလေ ဆရာ တွေ့ရတာ သတ္တိမရှိတဲ့ လူတွေ နှုတ်ခမ်းမွေးထားကြတာမျိုး ဖြစ်ဖြစ်နေတယ်"

"ရှင်… သတ္တိမရှိတဲ့လူတွေ နှုတ်ခမ်းမွေး ထားကြတာ"

"အရွယ်ဝုဒ္ဓိ သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးတွေ နှုတ်ခမ်းမွေး ထားကြတာက ခံ့ညားပါတယ်၊ ကောင်းပါတယ်၊ ဒါပေမဲ့ တချို့ စိတ်အားငယ်တဲ့ လူတွေက လူရှိသေအောင် နှုတ်ခမ်းမွေး ထားတတ်ကြတယ်၊ ဒီလိုပဲ တချို့ဟာ လူအထင်ကြီးမယ့် စာပေဝါဒ နှုတ်ခမ်းမွေး ထားတတ်ကြတယ်"

ချစ်ရီက ရယ်ပြီးနောက် ပန်းသီးစိတ်များ လှမ်းပေးပြန်၏။ သူက ယူစားရပြန်သည်။

"ဘဝ ဆိုတဲ့ စကားလုံးက တော်တော်ကြီးကျယ်တဲ့ နှုတ်ခမ်းမွေးကြီးပဲ၊ လူအထင်ကြီးအောင် တပ်ချင်စရာကြီးပဲ၊ ဒီလိုပဲ တခြားနှုတ်ခမ်းမွေးတွေ ရှိသေးတယ်၊ ထားပါတော့၊ ဒါပေမဲ့ ကမ္ဘာ့ထိပ်သီး စာရေးဆရာကြီး အများစုဟာ စာပေနှုတ်ခမ်းမွေး မထားကြဘူး၊ ရေးချင်တာကို ရိုးရိုးသားသားပဲ ရေးကြတယ်၊ သိပ်တိုက်ချင် ခိုက်ချင်ကြတဲ့ အချစ်အကြောင်းကပဲ စကြရအောင်"

ချစ်ရီက မှတ်စုစာအုပ်လေးကို ကိုင်ပြန်၏။

"ရှိတ်စပီးယားကြီးလည်း အချစ်အကြောင်း ရေးတယ်၊ ဂိုတဲလ်ကြီးလည်း အချစ်အကြောင်း ရေးတယ်၊ တော်လ်စတွိုင်းကြီးလည်း အချစ်အကြောင်း ရေးတယ်၊ ဒစ်ကင်းကြီးလည်း အချစ်အကြောင်း ရေးတယ်၊ တခြားဟာတွေလည်း ရေးကြပါတယ်၊ ဒါပေမဲ့ အချစ်အကြောင်းလည်း ရေးတယ်၊ အချစ်ဆိုတာကို မရေးအပ် မရေးသင့်တာ အဖြစ် မပယ်ထားဘူး၊ လိပ်ပြာသန့်သန့်နဲ့ ဇွေ့စဇွေ့စပ်စပ် ရေရေရာရာ၊ သုံးသုံးသပ်သပ်၊ လွမ်းလွမ်းဆွတ်ဆွတ် ရေးကြတာပဲ၊ သြော်… တို့စာပေမှာလည်း ဘလ္လာတိယပျို့တို့၊

mgyoe.com

mgyoe.com SAMPLE BOOK

စန္ဒကိန္နရီပျို့တို့ ရှိတယ်၊ အချစ်အကြောင်းတွေပဲ၊ အချစ်စာပေကို ကာကွယ်ပြောချင်တဲ့ လူတွေကတော့ ပုထုဇဉ်လူသား အချစ်နဲ့ မကင်းကြလို့လို့ ဆိုကြတယ်၊ မှန်တော့ မှန်တယ်၊ သိပ်မပြည့်စုံသေးဘူး၊ ကမ္ဘာဦးအစကတည်းက လူသားကို ဦးနှောက်ခြောက်စေခဲ့တဲ့ ကိစ္စကြီး ခြောက်ရပ် ရှိတယ်၊ အချစ်၊ အလှ၊ အကောင်း၊ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ အမှန်တရား၊ အဲဒါတွေဟာ ဘာတွေလဲ၊ သိချင်တယ်၊ နားလည်ချင်တယ်၊ သိသမျှကို လည်း ပြန်ပြောပြချင်တယ်၊ လူများပြောပြတာလည်း နားထောင်ချင်တယ်၊ ခက်တာက အဲဒီကိစ္စ ခြောက်ပါးကို ဘယ်ပုထုဇဉ်မှ အကုန်မသိဘူး၊ ဘယ်သူမှ အကုန် မပြောနိုင် ဘူး၊ ဒီတော့ ပြောလို့လည်း မဆုံးတော့ဘူးပေါ့၊ ပြောနေကြမှာပဲ၊ တစ်ခါ အဲဒီကိစ္စ ခြောက်ခုက တစ်ခုနဲ့တစ်ခုလည်း ဆက်စပ်နေကြသေးတယ်၊ ဒီဆက်စပ်မှုကို မြင်တဲ့လူ ရှိတယ်၊ မမြင်တဲ့လူ ရှိတယ်၊ မြင်ရာမှာလည်း ဝါးဝါးမြင်တဲ့လူနဲ့ မဝါးတဝါး မြင်တဲ့လူ ရှိတယ်၊ ပြတ်ပြတ်သားသား အကုန်အစင်မြင်တဲ့ လူရယ်လို့တော့ မရှိသေးဘူး၊ တစ်ခါ ဆက်စပ်နေတဲ့ အရာတွေဆိုတော့ တစ်ခု ကိုင်လိုက်ရင် တစ်ခုက ပါလာတယ်၊ တစ်ခုကို ပြောရင်းနဲ့ တစ်ခုကို ပြောမိနေတတ်တယ်၊ ရေပေါက်လှလှလေး တစ်စက်ဟာ ကမ္ဘာ လောကကြီး တစ်ခုလုံးအကြောင်းကို ပြောပြသည် ဆိုတဲ့ စကား ရှိတယ်၊ ရှိတ်စပီးယားဟာ ရိုမီရိုနဲ့ ဂျူးလီယက်မှာ အချစ်ဆိုတဲ့ ရေပေါက်လှလှလေးတစ်စက် အကြောင်း ပြောပြ နေတာပဲ၊ ဒါပေမဲ့ ကမ္ဘာလောကကြီး တစ်ခုလုံးအကြောင်းလည်း ပြောပြသွားတယ်၊ ဘာကြောင့် ပြောပြနိုင်လဲဆိုရင် အင်း... ရှိတ်စပီးယားမို့လို့ပါလို့ ဖြေရမှာပဲ''

ချစ်ရီက သူ့ကို မော့ကြည့်၏။

''ဘာပြောတာလဲ ဆရာ''

''ဘယ်သူမှ စကတည်းက ရှိတ်စပီးယား မဟုတ်ဘူး၊ ဂိုတဲလ် မဟုတ်ဘူး၊ ရေပေါက်ကလေးအကြောင်းပဲ ပြောပြကြပါစေ၊ ပြောသူ မရှိမှာသာ ပူရတာပါ၊ အချိန် တန်တော့ ရေပေါက်ကလေးကို ပြောရင်းက ကမ္ဘာလောကကြီးအကြောင်း ပြောပြတတ် သွားကြမှာပါ၊ အမြဲစိမ်းလန်းတဲ့ သစ်ပင်ကြီးမှာလည်း အရွက် မသုဉ်းတော့ဘူးပေါ့''

''ဆရာပြောတော့ အားရှိစရာကြီးပဲ၊ ဒါပေမဲ့ ချစ်ရီတို့ ရေပေါက်ကလေးကနေ ကမ္ဘာလောကကြီးအကြောင်း ဘယ်တော့ ပြောတတ်မလဲ''

''စောစောက ဆရာပြောတဲ့ သမ္ပတ္တိတရား လေးပါးမှာ ပယောဂသမ္ပတ္တိဆိုတာ ပါတယ်၊ ပယောဂဆိုတဲ့ စကားကို ချစ်ရီ ဘယ်လို နားလည်သလဲ''

''အား... အင်း... အဟင်း''

ချစ်ရီက ရယ်နေ၏။

''ပယောဂ ဆိုတဲ့ စကားမှာ အဓိပ္ပာယ်တွေ အများကြီး ရှိတယ်၊ အကြောင်းတဲ့၊ အားထုတ်ခြင်းတဲ့၊ မှတ်ထားနော်''

''ဟုတ်ကဲ့ရှင့်''

mgyoe.com

mgyoe.com SAMPLE BOOK

"ပစ္စက္ခဘဝ၌ လောလောဆယ်အားဖြင့် ကောင်းရာလုပ်၊ ကောင်းရာပြော၊ ကောင်းရာတွေးခြင်း ဟူသော ပယောဂသမ္ပတ္တိ၏ အကာအကွယ်ပေးခြင်း ခံရလျှင် မကောင်းမှု အကုသိုလ်ကံတို့သည် မကောင်းကျိုး မပေးနိုင်ကုန်တဲ့၊ ချစ်ရီ မလိုချင်တာတွေက မကောင်းတာတွေပေါ့၊ ချစ်ရီ လိုချင်တာတွေက ကောင်းတာတွေပေါ့၊ ကောင်းတာ လိုချင်ရင် ကောင်းသော အားထုတ်ခြင်းနဲ့ ပြည့်စုံရမယ်၊ အဲဒီအားထုတ်ခြင်းနဲ့ ပြည့်စုံတာဟာ မကောင်းတာကို ပယ်ပြီး ကောင်းတာကို သယ်လာတဲ့အကြောင်း ဖြစ်လာမယ်၊ ဒီတရားကို သိရင် လောကကြီးမှာ သိပ်အားငယ်စရာ မရှိပါဘူး၊ လိုချင်တာ ရကြလိမ့်မယ်၊ အဲ... ကောင်းတာတွေး ဆိုတာနဲ့ ပတ်သက်ပြီးလို့တော့ ဆရာ တစ်ခု ပြောစရာ ရှိတယ်"

"ပြောပါ ဆရာ"

"ကိုယ့်ဘာသာကိုယ် တွေးတာရှိတယ်၊ သူများပြောတာကို ပြန်တွေးကြည့်တာ ရှိတယ်"

ချစ်ရီက မျက်မှောင်လေးကြုတ်၍ သူ့ကို ကြည့်၏။

"သူများ ပြောတာကိုလည်း သင့်တင့်အောင် နှလုံးသွင်းပြီး တွေးကြည့်တတ်ဖို့ လိုတယ်၊ ယောနိသောမနသီကာရနဲ့ တွေးကြည့်တတ်ရတယ်၊ ဥပမာ–ဝေဖန်ရေးပေါ့"

"ရှင်... ဝေဖန်ရေးကို"

"စာရေးဆရာ ဖြစ်လာမှ ဝေဖန်ရေးကို မကြောက်ပါနဲ့၊ မုန်းလည်း မမုန်းပါနဲ့၊ ဝေဖန်ရေးဆရာဟာ စာရေးဆရာရဲ့ မိတ်ဆွေပါ၊ ရန်သူ မဟုတ်ပါဘူး"

ချစ်ရီက ရင်တွင်းမှ မကြိုက်လှ။ ထို့ကြောင့် မျက်နှာလေးကို အိုတိုတို လုပ်ပြထား၏။

"ဝေဖန်ရေးဆရာ နှစ်မျိုးရှိတာ ဆရာလည်း ဝန်ခံပါတယ်၊ ဣဿာမစ္ဆရိယနဲ့ ဝေဖန်သူလည်း ရှိတယ်၊ ကရုဏာ၊ မုဒိတာနဲ့ ဝေဖန်သူလည်း ရှိတယ်၊ ချစ်ရီတို့ ကံကောင်းတယ်၊ ဒီနေ့ စာပေနယ်မှာ ကရုဏာ၊ မုဒိတာနဲ့ ဝေဖန်သူတွေ တော်တော်များများ ရှိလာကြပြီ"

"အဲဒီထဲမှာ မြတ်နိုးသူ ဆိုတဲ့လူ မပါဘူး"

သူက တစ်ချက်ငိုင်သွား၏။ ချစ်ရီသည် မြတ်နိုးသူကို မမြတ်နိုးနိုင်ဟန်ပါတကား။

"ကဲ... သူ့ကိုပဲ ကြည့်ကြရအောင်၊ ချစ်ရီပဲ ဝန်ခံတယ်နော်၊ ချစ်ရီကို သူ ချီးမွမ်းတဲ့ အပိုင်း ရှိတယ်"

ဤသည်ကိုတော့ ချစ်ရီ မငြေ။

"ဇာတ်ဆောင်တွေကို ချစ်ရီ သတ်ပစ်တာနဲ့ ပတ်သက်ပြီး သူ ဝေဖန်တာကို ကြည့်ရအောင်၊ ထိပ်သီးစာရေးဆရာကြီးတွေက ဇာတ်ကောင်တွေ သတ်ပစ်တာ ချစ်ရီ ပြောခဲ့တယ်၊ မှန်ပါတယ်၊ ဒါပေမဲ့ သူတို့ရေးဟန်မှာက ယုံလောက်ဖွယ်ဖြစ်ခြင်း ဆိုတဲ့ Believableness ရှိတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်... ယုံလောက်ဖွယ်ဖြစ်ခြင်း"

"ဟုတ်တယ်၊ ဝတ္ထုတစ်ပုဒ်ရဲ့ အသက်ဟာ ယုံလောက်ဖွယ် ဖြစ်ခြင်းပဲ၊ ဘာကြောင့်လဲဆိုတော့ ဝတ္ထုတို့၊ ပြဇာတ်တို့ဆိုတာက တကယ့်အဖြစ်အပျက်မှ မဟုတ်ဘဲ၊ အဲဒါကို တကယ့်အဖြစ်အပျက်ပမာ စာဖတ်သူက ယုံသွားအောင် ရေးခြင်းဟာ ဝတ္ထုရဲ့ မရှိမဖြစ် အခြေခံလိုအပ်ချက်ပဲ၊ အခက်ခဲဆုံး နည်းပညာလည်း ဖြစ်တယ်၊ ခုနင်က ပြောခဲ့တဲ့ စာရေးဆရာကြီးတွေက ဇာတ်ဆောင်ကို သေစေလိုက်တဲ့အခါမှာ ယုံလောက်ဖွယ် ရှိနေတယ်၊ ယုံလောက်ဖွယ် ဆိုတာ ဘာလဲ၊ စာဖတ်သူစိတ်မှာ ဤသို့ ဖြစ်ပျက်ခြင်းမှတစ်ပါး အခြားနည်း မရှိနိုင်လို့ ဘဝင်ကျ ကျေနပ်သွားတာကို ခေါ်တယ်၊ သဘာဝကျ မကျ ဆိုတဲ့ စကားကို ဒီနေရာမှာ ဖယ်ထား၊ မဆိုင်ဘူး၊ ဘဝင်ကျ ကျေနပ်သွားတယ်၊ အဲဒီလို ဖြစ်သွားအောင် သူတို့က နည်းပညာ နိုင်နင်းကြတယ်၊ ချစ်ရီရဲ့ ဝတ္ထုမှာက အဲဒီ နည်းပညာပိုင်းလေး အားနည်းနေတာ တွေ့လို့ စေတနာနဲ့ သူ ဝေဖန်တာ ဖြစ်မှာပေါ့"

"စေတနာနဲ့ ဝေဖန်တဲ့ လူက ချစ်ကေရီပဲ ဘာပဲနဲ့ လှောက်ရေးရသလား"

"ဝေဖန်စာမှာက ရကန်အစဉ်အလာ အရိပ်လေး မိုးနေတယ်၊ ဒီတော့ သတိလွတ်ပြီး သူ ကန်မိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အဲဒီလို သူ ကန်မိတာတော့ သူ မှားပါတယ်"

ချစ်ရီက ပြုံးပြီး လက်ဖက်ရည်ပန်းကန်များတွင် လက်ဖက်ရည် ထည့်၏။ တစ်ပန်းကန်ကို သူ့ရှေ့ ချထားပေးပြီး သီးမွှေးငှက်ပျောသီးတစ်လုံးကို အခွံခွာ၏။

"ဆရာ ငှက်ပျောသီး ကြိုက်ရဲ့လား"

"အမှန်ပြောရရင် ငှက်ပျောသီးကို စပျစ်သီး၊ ပန်းသီးထက် ဆရာ ကြိုက်တယ်"

"အား... ချစ်ရီနဲ့ တူလိုက်တာ"

ချစ်ရီက အခွံခွာပြီးသား ငှက်ပျောသီးကို သူ့အား လှမ်းပေးသည်။ မျက်နှာလေးတွင်မက မျက်လုံးလေးများကပါ ပြုံးရွှင်နေသည်။ လုပ်ချင်သည်ကို လုပ်ရ၍ ကျေနပ်နေသော ကလေးတစ်ယောက်နှင့်လည်း တူသည်။ သားကို အစာကျွေးနေသော မိခင်လေးနှင့်လည်း တူသည်။

သူက ဝမ်းနည်းပန်းနည်း ဖြစ်မိ၏။ မိခင်၏ ကြင်နာမှုများ၊ ဝေးခဲ့ကြပြီ။ မိန်းမသားတစ်ဦး၏ မိခင်ပမာ ကြင်နာမှုများ။ မသိပါ၊ မကြုံဖူးပါ။

လက်ဖက်ရည် သောက်ရင်း ချစ်ရီက ပြော၏။

"ဆရာ စာတွေ သိပ်ဖတ်ထားတာပဲနော်"

"အင်း... ဆရာက တခြားအလုပ်မှ မရှိဘဲ"

"ရှင်..."

"ဃရာဝါသ၊ သမ္မာဟော၊ ကိစ္စမြားမြောင် လူတို့ဘောင်... တဲ့၊ ဆရာ့မှာ အဲဒီ သမ္မာမျိုး မရှိတော့ ကိစ္စနည်းတယ်ပေါ့၊ ဒီတော့ စာဖတ်နိုင်တာပေါ့"

ချယ်ရီက ပြုံးလှဲ့လှဲ့ဖြင့် မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး သူ့ကို ကြည့်သည်။

mgyoe.com

"ချစ်ရီ စပ်စုမယ်နော်… ဆရာ"

"အင်"

"တက္ကသိုလ်မှာ လူပျိုကြီး၊ အပျိုကြီး ဆရာ၊ ဆရာမတွေ ချစ်ရီ အများကြီး တွေ့ဖူးတယ်၊ ရုပ်ရည်၊ ရာထူးဌာနန္တရ အားလုံး ပြည့်စုံကြသားပဲ၊ ဒီကြားထဲက ဘာပြုလို့ လူပျိုကြီး၊ အပျိုကြီးတွေ ဖြစ်နေကြတာလဲ၊ ချစ်ရီ သိပ်သိချင်တာပဲ"

"ဗြဟ္မာ့ဘုံက လာကြလို့ ဖြစ်မှာပေါ့"

"ရှင်…"

"တခြားလူတွေအတွက် ပြောတာပါ၊ ဆရာ့ကိုယ်တွေ့ကတော့ အင်း… ကြောက်လို့"

"ကြောက်လို့၊ ဘာကို ကြောက်တာလဲ"

"အိမ်ထောင်ပြုတယ် ဆိုတာ သတ္တိကောင်းဖို့ လိုတယ် ထင်တယ်၊ ဒီသတ္တိက လည်း ငယ်တုန်းမှာသာ ရှိတယ် ထင်တယ်၊ ကြီးလာတော့ ဟိုတွေးကြောက်၊ ဒီတွေး ကြောက်၊ ဟိုဟာပူ၊ ဒီဟာပူနဲ့ ကြီးလေ ကြောက်လေ၊ ကြောက်လေ ကြီးလေနဲ့ မုန့်လုံး စက္ကူကပ်တယ် ထင်တာပါပဲ ချစ်ရီ"

ချစ်ရီက ရယ်၏။

"ချစ်ရီ အကြံရပြီ၊ သူများ မရေးဖူးသေးတဲ့ ဝတ္ထု၊ လူပျိုကြီး သို့မဟုတ် အပျိုကြီး တစ်ယောက်ရဲ့ အချစ်အကြောင်း ဝတ္ထု"

"အာ…"

"ချစ်ရီက ကုန်ကြမ်း စုမယ်၊ အင်တာဗျူးပေါ့၊ ဆရာ့ကို အင်တာဗျူးလုပ်ရင် ပြောပြမလား"

"ဘာကိုလဲ"

"ဝတ္ထုရေးလို့ ရမယ့် ကုန်ကြမ်း"

သူက သက်ပြင်းရှိုက်ပြီး ဖြေ၏။

"တို့မှာ လွမ်းလောက်အောင် ဘာမှ မရှိပါဘူး ကလေးမ"

ချစ်ရီက အပြုံးလေးကို ရပ်ပစ်မိသည်။ သူ့စကားသံ၌ ဝမ်းနည်းရိပ် ပါသည်။ ဘာကြောင့် မသိ၊ ချစ်ရီ ရင်မှာ ထိခိုက်ချင်သည်။

လက်ဖက်ရည်အချိုကိစ္စ ပြီးသွားပြီဖြစ်သဖြင့် ချစ်ရီက လက်ဖက်ရည်ကြမ်း ထည့်ပေးသည်။

"ချစ်ရီ ဝတ္ထုဇာတ်လမ်း တွေးမိပြီလား"

"အဲဒါပြောနေတာပေါ့၊ မရသေးဘူး၊ သြော်… ဆရာ့ မက်ဒလင်းလေးအကြောင်း ပြောပြမလား"

"ဘာဖြစ်လို့ သိချင်တာလဲ"

"တေးမဆိုနိုင်တဲ့ ငှက်ကလေးလို ဖြစ်နေတယ်ဆို၊ သူ့နှလုံးသားတွေ နာကျင် နေတယ်ဆို၊ သိချင်တာပေါ့…၊ ပြီးတော့ ဇာတ်လမ်းအစလေးများ ရမလားလို့"

mgyoe.com

mgyoe.com SAMPLE BOOK

သူက ခေတ္တစဉ်းစားနေ၏။

"အင်း… ဆရာလည်း အဲဒီလို ထင်တယ်"

"အို… ဆရာလည်း ထင်တယ်၊ ဘာပြုလို့"

"ဘာပြုလို့မှန်းတော့ မသိဘူး၊ ထားပါလေ၊ ဆရာ ပြောပြမယ်"

ချစ်ရီက မှတ်စုစာအုပ်လေးကို ကိုင်ပြန်၏။

"ကဗျာဆရာ ဂျွန်ကိတ်စ်က စိန့်အက်ဂနစ်စ်၏ ညချမ်းချိန်ခါ ဆိုတဲ့ ပုံပြင်ကဗျာတစ်ပုဒ်ကို စပ်ခဲ့တယ်၊ ကိတ်စ်ရဲ့ အကောင်းဆုံးလက်ရာလို့ စာပေပညာရှင်တွေက ချီးမွမ်းကြတယ်၊ စိန့်အက်ဂနစ်စ် ဆိုတာက အင်မတန် ကြည်ညိုဖွယ် ကောင်းတဲ့ သူတော်စင်ပါ၊ လူ့ဘဝမှာ အပျိုစင်မိန်းကလေးဘဝနဲ့ ဖြဟ္မစရိယ ကျင့်ပြီး အလွန်သန့်ရှင်းစွာ နေသွားခဲ့တယ်၊ အဲဒါကြောင့်လည်း မိစ္ဆာအယူရှိတဲ့ လူတွေရဲ့ အသတ်ခံသွားရတယ်။

တန်ခိုးရှင် သူတော်စင်ဖြစ်ခဲ့စဉ်မှာ မိန်းမပျိုလေးများကို စောင့်ရှောက်သနားတဲ့ သူတော်စင်အဖြစ် ယုံကြည်ကိုးကွယ်ကြတယ်၊ နှစ်စဉ် ဇန်နဝါရီလ ၂၁ ရက်ကို စိန့်အက်ဂနစ်စ်ပွဲတော်နေ့လို့ သတ်မှတ်ထားကြတယ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ကိုတော့ အကြိုနေ့လို့ ခေါ်ရမှာပေ့ါ၊ အဲဒီသန့်စင်တဲ့ အကြိုညချမ်းချိန်ခါနဲ့ ပတ်သက်ပြီး ယုံကြည်မှု ထုံးတမ်းစဉ်လာတစ်ခု ဥရောပမှာ ရှိခဲ့တယ်၊ ဒီအစဉ်အလာကို အခြေခံပြီး ကိတ်စ်က လှပတဲ့ ကဗျာရှည်ကြီး တစ်ပိုဒ် စခဲ့တာပဲ"

သူက ဖြည်းဖြည်းမှန်မှန် ပြောပြသည်။ ချစ်ရီက လိုက်မှတ်နေ၏။

"အဲဒီညချမ်းချိန်ခါမှာ မိန်းမပျိုလေးများဟာ အထူးကျင့်ဝတ်တွေ ကျင့်ပြီး အထူးစီစဉ်ထားတဲ့ အခန်းမှာ တစ်ယောက်တည်း ဆိုတောင်းရတယ်၊ အသံထွက်ပြီး ဆုမတောင်းရဘူး၊ စိတ်ကလည်း သန့်စင်နေရတယ်၊ အဝတ်အစား၊ ရတနာ တန်ဆာတွေ ဖယ်ပြီး ပကတိ သန့်စင်တဲ့ ကိုယ်နဲ့ ဆုတောင်းရတယ်"

ချစ်ရီက မျက်တောင်ကော့လေးများ ပင့်လှန်ပြီး သူ့ကို ကြည့်၏။ သူက မျက်လွှာချထားပြီး သူ့မျက်နှာက အနည်းငယ် ရဲနေပြန်သည်။

"ဘာဆုတောင်းတာလဲ ဆိုတော့ အနာဂတ်မှာ မိမိ ဖူးစာဆုံမယ့် ချစ်သူ ဘယ်သူလဲ ဆိုတာ သိရအောင် ဆုတောင်းတာပဲ၊ ဆုတောင်းပြီး အိပ်လိုက်ရင် အိပ်မက်ထဲမှာ ဖူးစာရှင် ချစ်သူကို တွေ့ရတယ်တဲ့"

ချစ်ရီက သဘောကျပြီး ပြုံး၏။ သူကမူ မျက်လွှာချထားပြီး ဆက်ပြော၏။

"ကိတ်စ်က သူ့ကဗျာကို အများကိုယ်စား ပုတီးစိပ် ဆုတောင်းပေးရတဲ့ ဆင်းရဲသား သူတော်ကောင်း အဘိုးကြီးတစ်ဦးနဲ့ စခဲ့တယ်၊ အကုသိုလ်ရှင် လူသားတွေ အတွက် ပြာပုံပေါ်မှာ ထိုင်ပြီး သူတော်ကောင်း အဘိုးကြီးက ပုတီးစိပ် ဆုတောင်းပေး နေတယ်၊ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ရဲတိုက်ကြီး တစ်ခုမှာကတော့ ကပွဲသဘင်ကြီးတစ်ခု ကျင်းပနေတယ်၊ ရဲတိုက်ရှင် နယ်စားကြီးရဲ့ သမီးတော် အပျိုချောလေး မက်ဒလင်းဟာ

mgyoe.com

mgyoe.com SAMPLE BOOK
ပိုးသူ ပန်းသူ၊ ချစ်သူ ခင်သူ ဝိုင်းဝိုင်းလည်နေတဲ့ကြားမှာ စိတ်လက်မပါဘဲ က,နေရရှာတယ်၊ မက်ဒလင်း ချစ်နေသူက ရန်သူဖြစ်တဲ့ အခြားအနွယ်က ပေါဖရိုဆိုတဲ့ လုလင်။ ပေါဖရိုဟာ ဒီရဲတိုက်ဆီ ဘယ်လာရမလဲ၊ လာရင် ဖမ်းသတ်မယ့် သူတွေက အဆင်သင့်ပေါ့၊ မက်ဒလင်းလေးဟာ ကပွဲကြီး ပြီးပါစေလို့ပဲ စိတ်စောနေရှာတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သန့်စင်တဲ့ ဒီညချမ်းမှာ သူတော်စင် စိန့်အက်ဂနစ်စ်ထံ ဆုတောင်းမိဋ္ဌာန်ပြီး အိပ်မက်တွင်းမှာ သူ့ဖူးစာရှင် ချစ်သူကို တွေ့မြင်ရဖို့ ကြံရွယ်ထားတာကိုး''

ဦးမြင့်သွယ်က စကားရပ်၍ ခေတ္တစဉ်းစားသည်။ လွမ်းဖွယ် ကဗျာပုံပြင်ကို စ၍တော့ ပြောမိပြီ။ ဘယ်အထိ ပြောရမည်နည်း။ ပုံနှားထောင်နေသော ကလေးငယ်ပမာ ချစ်ရီက ပူဆာသည်။

''ဆက်ပြောလေ ဆရာ၊ ပြီးတော့ ဘာဖြစ်သလဲ''

''အဲဒီအချိန်မှာ ပေါဖရိုဟာလည်း ရဲတိုက်ကြီးရဲ့ တစ်နေရာ အမှောင်ရိပ်မှာ တိတ်တဆိတ် ရောက်နေရှာတယ်၊ ကိတ်စ်ရဲ့ စကားနဲ့ ပြောမယ်၊ ချစ်မေတ္တာ ခံစစ်ရဲ့ ရဲတိုက်မြင့်ကြီးဖြစ်တဲ့ သံယောဇဉ်ဝေဒနာ အဖျားရောဂါနဲ့ တုန်နေတဲ့ သူ့နှလုံးသားကို ထိုးဖောက် သွေးသောက်ကြမယ့် ဓားပေါင်းရာချီ စောင့်နေမှန်း သိရက် ရန်သူ့ပိုင်နက်ထဲ ရောက်နေတယ်၊ မက်ဒလင်းရဲ့ မျက်နှာလေးကို ခဏမြင်ရရင် တစ်ဘဝ တန်ပါပြီ ဆိုတဲ့ သဘောပေါ့''

ချစ်ရီက လက်ဝါးလေး ကာပြီး တား၏။

''ပြန်ပြောဦး ဆရာ၊ ဘာနှလုံးသား''

''ချစ်မေတ္တာခံစစ်ရဲ့ ရဲတိုက်မြင့်ကြီးဖြစ်တဲ့ သံယောဇဉ်ဝေဒနာ အဖျားရောဂါနဲ့ တုန်နေတဲ့ သူ့နှလုံးသား''

''အမယ်လေးလေး… ကောင်းလိုက်တာ၊ ဆက်ပြော ဆရာ''

''ဒီရဲတိုက်ကြီးထဲမှာ မက်ဒလင်းနဲ့ ပေါဖရိုကို သနားသူဆိုလို့ အိန်ဂျလာဆိုတဲ့ အဘွားအိုကြီးတစ်ဦးပဲ ရှိတယ်၊ ပေါဖရိုက ဒီအဘွားအိုကြီးနဲ့ ကံကောင်းလို့ သွားတွေ့တယ်၊ သူ့ဆီကနေပဲ ဒီည မက်ဒလင်း ဆုတောင်းအဓိဋ္ဌာန် ဝင်မယ်ဆိုတာ ပေါဖရို သိသွားတယ်၊ အချစ်ဇောနဲ့ ရူးမလိုဖြစ်နေတဲ့ ပေါဖရိုဟာ အိပ်ပျော်နေတဲ့ ချစ်သူလေးကို တဝလေး ခိုးကြည့်နေရရင် တော်ပါပြီဆိုပြီး အဘွားကြီးကို ဖွတ်အသနားခံတယ်၊ မရတော့ လူတွေ အတွေ့ခံပြီး ဒီနေရာမှာပဲ အသေခံသွားတော့မယ်လို့ ခြိမ်းခြောက်တယ်၊ အဘွားကြီးက သနားသွားတယ်၊ သင်္ချိုင်းဆီ ခြေတစ်ဖက် လှမ်းနေပြီဖြစ်တဲ့ အရွယ်မို့ မသေမီ ငယ်ရွယ်သူလေးနှစ်ဦးရဲ့ ချစ်ပါရမီကိုလည်း ကူညီဖြည့်ပေးလိုက်တော့မယ် ဆိုပြီး ပေါဖရိုကို မက်ဒလင်းရဲ့ အိပ်ခန်းဆောင်မှာ ဝှက်ထားပေးလိုက်တယ်''

ဦးမြင့်သွယ်က စကားကို ရပ်လိုက်တော့၏။

''ပြီးတော့…''

mgyoe.com

 SAMPLE BOOK 

"ကြည်နူးဖွယ်၊ လွမ်းဖွယ်၊ သနားဖွယ် အခန်းပါ၊ ဆရာ ဘာသာပြန်ထားတာ ရှိတယ်၊ ချစ်ရီ ပြန်တော့ ပေးလိုက်မယ်၊ ဖတ်ကြည့်ပေါ့"

"အခု ဖတ်မယ်လေ ဆရာ"

"အို… အို… ကဗျာဆိုတာ တစ်ယောက်တည်း ဖတ်မှ အရသာ ပေါ်တာ၊ ပြီးတော့ ဆရာ ဘာသာပြန်ထားတာကလည်း ကဗျာရဲ့ အဆုံးအထိ မဟုတ်ဘူး၊ ကဗျာရဲ့ အဆုံးလည်း ဆရာ မသိဘူး"

"အို… ဘာပြုလို့"

"ကဗျာတစ်ခုလုံး အဲ… ဆရာ မဖတ်ဖူးဘူး၊ ဟောဒီ မိတ်ဆက်စာအုပ်ကြီးထဲ ပါသမျှသာ ပြန်လိုက်ရတာ"

"ဟင်… အဲဒီလိုဆို ဇာတ်လမ်း ဘယ်လို အစအဆုံး သိတော့မလဲ"

"ချစ်ရီရဲ့ ကိစ္စက ဇာတ်လမ်းအစအဆုံး သိဖို့ မလိုပါဘူး၊ ချစ်ရီ ရှာနေတာက သူများနဲ့ မတူတဲ့ ဇာတ်လမ်းလေးတစ်ခု ရဖို့ အခြေခံသဘောလေး တစ်ခု၊ ဟုတ်တယ် မဟုတ်လား"

"အား… ဟုတ်ကဲ့၊ ဟုတ်တယ်"

"အဲဒီသဘောလေး တစ်ခုကို ဆရာ ဖွင့်ပေးလိုက်မယ်"

"ဘယ်လိုလဲ ဆရာ"

"ကံကြမ္မာရဲ့ ရက်စက်တဲ့ ကျီစားမှု"

"ရှင်… ကံကြမ္မာရဲ့ ရက်စက်တဲ့ ကျီစားမှု…"

"ဟုတ်တယ် ချစ်ရီ၊ ကံကြမ္မာက တစ်ခါတလေ ရက်ရက်စက်စက် ကျီစားတတ်တယ်၊ သူကတော့ ကျီစားတာပေါ့၊ ခံရသူမှာတော့ မသက်သာဘူး"

သူက ညည်းညည်းညူညူ ပြောပြီး အဝေးသို့ ငေးကြည့်နေ၏။

ချစ်ရီက သူ့မျက်နှာကို ကြည့်သည်။

သူ့မျက်နှာက တစ်မျိုးတစ်မည်လေး ညှိုးနေ၏။

မွန်ရည်သည်၊ ချောခံ့သည်။ သို့ရာတွင် ဘာကြောင့် ဤလောကကြီးတွင် တစ်ဦးတည်း ဖြစ်နေသနည်း။ ကံကြမ္မာ၏ ရက်ရက်စက်စက် အကျီစားကို ခံထားရဖူးလေသလော။

ချစ်ရီက သူ့အားတွင် ချထားသော စာအုပ်ထူကြီးကို ယူ၍ ဟိုလှန် သည်လှန် ကြည့်၏။ ကဗျာများ ပါနေသည်ကို တွေ့ရ၏။ ချစ်ရီက မြည်းသည့်သဘောနှင့် စမ်းဖတ်ကြည့်ပြီး ပြုံးမိ၏။ မိမိ နားမလည်နိုင်ပါတကား။

ကော်ကပ် ပိတ်ထားသော အညိုရောင် စာအိတ်တစ်ခုက စာအုပ်ထူကြီး၏ စာမျက်နှာများကြားတွင် ရှိနေ၏။

"အဲဒီစာအိတ်ထဲမှာ ဘာသာပြန်ထားတဲ့ ကဗျာ ရှိတယ်၊ ချစ်ရီ ယူထားတော့လေ"

ချစ်ရီက စာအိတ်ကို ယူပြီး သူ့မျက်နှာကို ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဩော်… စာနာတတ်သူပါတကား၊ နားလည်သိတတ်ဟန်လည်း ရှိပါတကား။ သည်ကဗျာများကို မိမိတို့၏ နုနယ်သေးသော ပညာနှင့် နားမလည်စွမ်းသေးသည်ကို သူ ရိပ်မိဟန် တူသည်။ ဤအချက်ကို ဖော်မပြောဘဲနှင့် ဘာသာပြန်ယူလာခဲ့သည်။ အလိုက်သိသည်။ အင်း… အလိုက်သိသည်။ တော်တော်အလိုက်သိသည့် လူကြီး… လူကြီး။ အို… မဟုတ်ပါ၊ နို့… ဘာနည်း။

အေးမေက ပေါ်လာ၏။

"ဘာလဲ အေးမေ"

"ဧည့်သည်တွေ"

"အို… လာပြန်ပြီလား ဒီဧည့်သည်တွေ"

"မမ ဆရာမ တော်တယ်တဲ့၊ အယ်ဒီတာ စာရေးဆရာမကြီးတဲ့၊ ရုပ်ရှင်က လူတွေလည်း ပါလာတယ်၊ ဝတ္ထု ဝယ်ချင်လို့တဲ့"

ဓာတ်ဘူး၊ ပန်းကန် စသည်တို့ကို ချစ်ရီက စသိမ်းသည်။ အေးမေက ကူ၏။

ထွက်သွားခါနီးတွင် ချစ်ရီက ဆို၏။

"ပစ်ကနစ်လေးတစ်ခု ပြီးသွားပြီ"

"အင်း… အဟင်း၊ အိပ်မက်လေးတစ်ခု ဆုံးသွားတာ"

"ရှင်…"

"ကဗျာလေးတစ်ပုဒ်ကို ဆရာက ပြောပြနေတာ မဟုတ်လား၊ ကဗျာဆိုတာ အိပ်မက်ပဲ"

ချစ်ရီက စာအိတ်ညိုလေးကို ထောင်ပြ၏။

"ချစ်ရီကတော့ အိပ်မက် ဆက်မက်ရဦးမယ်"

"ညလသာမှ အဲဒီကဗျာတွေကို ဖတ်ပါ"

"ဘာပြုလို့"

"မက်ဒလင်းလေးကို ဒီတော့မှ ချစ်ရီ တွေ့လိမ့်မယ်"

ချစ်ရီက တွေတွေလေး စဉ်းစား၏။

"ချစ်ရီ သဘောပေါက်ပြီ"

ချစ်ရီ ပျောက်သွားသောအခါ သူတစ်ယောက်တည်း ကျန်ခဲ့၏။

ဖျာတစ်ချပ်၊ စာအုပ်တစ်အုပ်၊ မိမိရယ်၊ နွေရယ်၊ ဒါပဲ။ ဒါပါပဲ။

ဘာများ ဝမ်းနည်းနေရသနည်း။ အစကကော ဘာတွေရှိ၍နည်း။

ဘယ်သူ ရှိ၍နည်း။

## အခန်း ( ၃ )

နွေညအ၏ လရောင်ပြာပြာက ပြတင်းမှ ထိုးကျလာနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လေအေးလေးကလည်း ညင်ညင်သာသာ တိုးဝင်လာနေသည်။

တိမ်ရိပ်တွေ ရှိတော့ လရောင်က အားပျော့ချင်သည်။ ကဗျာတွင်းက ဆောင်းည လရောင်မျိုးလေလား။

ပြတင်းမှ ခွာပြီး ချစ်ရီက စားပွဲတွင် ပြန်ထိုင်သည်။

*'အလေသုံးဆယ်လေး အခန်းတွင်းသို့ ဝင်လိုက်မိသည့်ခဏမှာ*

*ပျားဖယောင်းတိုင်လေးက ဟုပ်ခနဲ ငြိမ်းသွားသည်'*

ကဗျာက သည်လို စသည်။ ပြီးတော့ စကားလေးတွေ ဖွင့်မပြောရသည့် မက်ဒလင်းလေး၏ အဖြစ်ကို ဖွဲ့ပြ၏။

မက်ဒလင်း၏ အပျိုဆောင်ထက်မှာ ခေါက်မှန်တံခါးခုံးတပ် ပြတင်းကြီး ရှိသည်။ ရောင်စုံမှန်များက ခြုံးပန်းခြုံးနွယ်နှင့် ရိုးရာဘဲ့တံဆိပ် အဆောင်အရောင်တို့ကို အကွက်ဖော်ထားကြသည်။ လရောင်က သည်ရောင်စုံမှန်များကို ဖြတ်ပြီး ဆင်းလာရသည်။ သည်တော့-

*''ကောင်းကင်ဘုံဆီမှ ကရုဏာနှင့် ဆုမင်္ဂလာကို*
*ဒူးထောက်ခံယူနေစဉ်...*
*ရောင်စုံမှန်ပြတင်းဆီမှ ဖြာဖြာကြီး သာနေသော*
*ဆောင်းလ၏ ရောင်ခြည်တို့ ဆင်းလာလေရာ*
*မက်ဒလင်း၏ ဖြူဖြူနုသော ရွှေရင်ပေါ်တွင်*
*ပတ္တမြားမျှင် ပတ္တမြားစင်းတို့က တဝင်းဝင်း တလက်လက်*
*ကောင်းခြင်းဆုကို ဖြန့်တောင်းခံထားသော လက်ဝါးလေးများအတွင်း*
*နှင်းဆီပွင့်ဆုပ် သဏ္ဌာန်များကလည်း တရွန်းရွန်း တဝေဝေ*
*ငွေသား လက်ဝါးကပ်တိုင်လေးထက်မှာ*
*နီလာရောင် ကျောက်မျက်အသွေးက တလျှပ်လျှပ် တလက်လက်*
*ဆံပင်များ အထက်၌ကား စက်ဝိုင်းရောင်ခြည်ဆန်းက*
*တဝန်းဝန်း တလည်လည်...*
*အတောင်ပံမပါသည် ဆိုရုံမှတစ်ပါး*
*ကောင်းကင်ဘုံသို့ ဝင်ရန် အပြည့် ပြင်ဆင်ထားသည့်*
*တမန်နတ်သမီးလေးပေလား၊ သြော်... တူလှစွာ၏။*
*ဒူးထောက်ကာ ဆုယူနေသော မက်ဒလင်းမှာ*
*ဖြူပါပေ့၊ သန့်ပါပေ့။*
*သည်မြေကမ္ဘာမှ သေခြင်းမကင်းသည့် လူသားတို့၏*
*ပြစ်မျိုး ငြိမတင် မွတ်မွတ်စင်ပါပေ့။*
*ရှုမြင်မဝ ငေးနေရသူ ပေါဖရိုခမျာ*

mgyoe.com

mgyoe.com SAMPLE BOOK

အလှထူးကြောင့် မေ့မူးကျသွားရှာသည်။
ခဏအကြာမှာတော့ သူ့နှလုံးဆီ အသက် ပြန်ဝင်လာသည်။
ဝတ်ရွတ်စဉ် အစအဆုံး ပြီးသွားလေသော မက်ဒလင်းကား
ကေသာဆံကြားတွင် ဆင်မြန်းထားသည့် ပုလဲပန်းခွေများကို နုတ်လိုက်သည်။
ချိတ်ခလုတ်ဖြုတ်ပြီး ညီးညီးတောက်သည့်
ကျောက်မျက်ရတနာ၊ လက်ဝတ် တန်ဆာများကိုလည်း
တစ်ခုချင်း တစ်ခုချင်း ချွတ်လေသည်။
ကိုယ်သင်းရနံ့ ကြိုင်မွှေးပျံ့သော အတွင်းခံ ရင်ကပ်အင်္ကျီလေးကိုလည်း
အေးဆေး လျှော့ဖြေ စွန့်လွှတ်ချသည်။
ပိုးဝတ်ထည်လွှာ ကိုယ်တန်ဆာ အားလုံးကို
သံသာညင်းညင်း ဖြည်းဖြည်းချင်းလျှင်
ဒူးလေးများဆီ လျှောဆင်းစေသည်။
ပင်လယ်တွင်းဝယ် ရေမှော်အုပ်၌ ကိုယ်တစ်ပိုင်း မြုပ်ကွယ်ထားသော
ရေသူမလေးပမာ။
မက်ဒလင်းခမျာ
ရင်မှာ ရတက် လှိုင်းဂယက်နှင့်
နီးလျက်ကပင် အိပ်မက်ကယ် မြင်လေသည့်အလား
မိမိ၏ ခုတင်အိပ်ရာထက်ဝယ်
တင့်တယ်လေသော စိန့်အက်ဂနစ်စ်အရှင်မ၏ အသွင်တော်ကို
ဖူးမြော်နေရသည်ဟု ဝိုးဝါးတစ်မည် ထင်လာခဲ့သည်။
ဂါထာပဌ္ဌလက်အစွမ်းတွေ ပျက်မည်ကို စွံ့ကြောက်၍
သြော်… နောက်ဘက်သို့မှ လှည့်မကြည့်ဝံ့ပြီ။
မကြာမီပင် နူးညံ့သော်လည်း ချမ်းချမ်းစိမ့်လှသည့် အိပ်ရာထက်မှာ
မိန်းမောတစ်ဝက် နိုးတစ်ဝက်နှင့်
စိတ်လက်တွေပြား ဝိုးဝါးမှုန်မှုန်
တုန်တုန်ယင်ယင်ဖြင့် မက်ဒလင်းမှာ လဲလျောင်းရှာသည်။
နောက်ဆုံးမှာကား အိပ်ပျော်ခြင်း၏ အနွေးဓာတ်က
တွေးပိုက်လွှမ်းခြုံ ချလိုက်လေရာ
ကိုယ်အင်္ဂါတို့ ပျော့ပျောင်းသက်သာ
ဝိညာဉ်မှာလည်း နုံးဟိုက်ငြိမ်းဆိတ်ကျသွားလေတော့သည်။
နောက်နေ့များ ရောက်လာသည်အထိ
ချမ်းသာမသိ ဆင်းရဲမရှိနှင့် အသိသဘောသည် လေသို့ ပျံ့လွင့်

mgyoe.com

mgyoe.com SAMPLE BOOK

*ပျောက်ထွက်သွားသည်။*
*နက်ကြုတ်သော မိစ္ဆာအယူကျမ်း*
*တစ်မူလျှင် ပိန်းပိန်းပိတ်လေသကဲ့သို့*
*နေရောင်မှာရော မိုးမှောင်မှာ ဘာဆို ဘာမျှ မမြင်နိုင်ပြီ။*
*နှင်းဆီပန်းလျှင် ပွင့်လွှာတံခါး ပိတ်၍*
*ဆိတ်ဆိတ်အငုံ ပြန်ဖြစ်လေသည့် ပမာပုံဟန်သာတကား...”*

ချစ်ရီက ကဗျာလေးကို ဖတ်ရင်း ရင်မှာ ခုန်သည်။

ချစ်သူအလှက အိပ်မောကျနေသည်။ ပွင့်လွှာတံခါးပိတ်၍ ဆိတ်ဆိတ်အငုံ ပြန်ဖြစ်သွားသည့် နှင်းဆီပန်းလေးပမာ အိပ်မောကျနေသည်။ အနီးမှာက ချစ်ရသူလုလင်က တိတ်တိတ်ခိုးပြီး ရှိနေသည်။

ဩော်... ကိုယ့် သူမသိ၊ သူ့တော့ ကိုယ်သိသည်။

နေဦး၊ သူကော ကိုယ့် သိသည်လား။ မက်ဒလင်းလေး ရင်မှာ ဘာရှိသည်ကို သူ သိသည်လား။ အိပ်မက်ကမ္ဘာမှာ မက်ဒလင်းက ဘယ်သူ့ကို ရှာနေမည်နည်း။ ဒါကို သူ သိပါသလား။

ကြဲကြဲဖန်ဖန် စပ်သည့် ကဗျာဆရာ။

ချစ်ရီက စားပွဲမှ ထလိုက်သည်။ မီးတွေ အားလုံးကို ခေတ္တငြိမ်းလိုက်၏။

ပြတင်းဝမှာ ပြန်ရပ်သည်။ နွေညပြာကို ကြည့်သည်။

အိပ်မက်ကမ္ဘာ။

ချစ်ရီက ဖြူဝင်းသော လက်လေးများကို မြှောက်ကာ အိပ်မက်ကမ္ဘာကို ဖမ်းသည်။ လရောင်ပြာကို ဖမ်းသည်။

မောင့်ကို ဖမ်းသည်။ သူ့ကို ဖမ်းသည်။ မောင်၊ သူ၊ မည်သူနည်း။

တိမ်ပုံတိမ်စိုင်လေးတွေ ဆက်မိသကဲ့သို့ ဇာတ်လမ်းလေးတစ်ခုက ရင်မှာ အစပျိုးတည်လာသည်။

ကိုယ်က ချစ်သည်။ အဲဒါကို သူက မသိ။ သူကလည်း ချစ်သည်။ အဲဒါကို ကိုယ်ကလည်း မသိ။

ကိုယ်က ကိုယ့်အချစ်နှင့် ကိုယ့်ကမ္ဘာမှာ။ သူက သူ့အချစ်နှင့် သူ့ကမ္ဘာမှာ။

ကမ္ဘာနှစ်ခုက မဆက်နိုင်။ ကံကြမ္မာက ကျီစားထားသည်။ ရက်ရက်စက်စက် ကျီစားထားသည်။

ချစ်ရီက လည်တိုင်လှလှလေးကို ဆန့်လိုက်သည်။ မျက်နှာလှလှလေးကို မော့လိုက်သည်။ မျက်တောင်ကော့များကို မှေးမှေးပိတ်လိုက်သည်။

လရောင်ပြာက လျှပ်စစ်ပမာ မျက်လုံးများဆီ ဝင်လာသည်။ မျက်လုံးများမှသည် နှလုံးသားဆီသို့။

mgyoe.com